
http://www.linhtet.com



http://www.linhtet.com

ငါတို့စာပေ

အမှတ် (75-D)၊ ဖိုးစိန်လမ်းနှင့်ဗျိုင်းရေအိုးစင်လမ်းထိပ်၊
ဗဟန်း၊ ရန်ကုန်။
Ph : 721345, 559773

http://www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.linhtet.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၁၇၀၁၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၉၉၀၃၀၇

**ပုံနှိပ်ခြင်း** **ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၇**

**ထုတ်ဝေသူ**

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**
နိုင်လင်း

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးတင်အောင်ကျော်
(စွယ်တော်ပုံနှိပ်တိုက်)
အမှတ်(၁၄၇)၊ ၅၁-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
**အုပ်ရေ**
၅၀၀

**တန်ဖိုး** **၉၀၀ ကျပ်**

http://www.linhtet.com

# ပဋ္ဌမံဒီရိုင်း

**ဟာသလုံးချင်းဝတ္ထုသစ်**

## (၁၀)ရက်အတွင်းယောက္ခမသိမ်းသွင်းနည်း

http://www.linhtet.com

**အမှာ**

ဤဝတ္ထုသည် မည်သူ့ကိုမှ
မရည်ရွယ်ပါ။
တိုက်ဆိုင်ခဲ့ပါက
ကျွန်တော်လည်း ဘာမှမတတ်နိုင်ပါ။

http://www.linhtet.com

ဟွင်း...

စိတ်ရှိတိုင်းသာ
ကောင်းကင်ကြီးကို
လက်နဲ့ အစိတ်စိတ်အမွှာမွှာ
ဆွဲဖြဲလို့ရရင်
စိစိညက်ညက်ကြေတာ ကြာပြီ။

http://www.linhtet.com

www.linhtet.com

(၁)

နံနက်ခင်းရဲ့လေပြည်ထဲမှာ ခြံထဲက စိုက်ထားတဲ့ ပန်းပင်တွေက ပွင့်တဲ့ ပန်းရနံ့တွေကို ရှူရှိုက်လိုက်ရလို့ ဦးဖေသိန်းတင်တစ်ယောက် အကျေနပ်ကြီး ကျေနပ်လို့နေပါတယ်။

ဒီပန်းပွင့်တွေ ဒီပန်းရနံ့တွေ ဖြစ်လာဖို့ သူ့ရဲ့ လုပ်အားတွေနဲ့ ပေးဆပ်ခဲ့တာကိုး။

အရောင်စုံစွာ ဖူးပွင့်တဲ့ သူ့ခြံထဲက ပန်းတွေကို ဖြတ်သွားဖြတ်လာ လူတွေက "ဟယ် … ပန်းကလေးတွေက လှလိုက်တာလို့" ပြောရင်ကိုပဲ ဦးဖေသိန်းတင်အဖို့ပ ကျေနပ်လို့မဆုံး။

ဦးဖေသိန်းတင်ဘဝမှာ လိုအပ်တာ လူတစ်ယောက်အတွက် ရသင့်ရထိုက်သလောက် ရခဲ့ပြီးပြီ။

ဥပမာ မိဘဘိုးဘွားအမွေလည်း ရပြီးပြီ။ ဘွဲ့တွေ နှစ်ခုသုံးခု ရခဲ့လို့ အရာရှိကြီးလည်း ဖြစ်ခဲ့ဖူးပြီးပြီ။ (အခုတော့ ပင်စင်စားပေါ့)

ကိုယ်ချစ်ရတဲ့ ချစ်သူကိုလည်း ဇနီးမယားအဖြစ် ပိုင်ဆိုင်ခဲ့ရပြီ။ အဲဒီကနေ သမီးလေးတစ်ယောက်လည်း ရတနာအဖြစ် ရခဲ့တယ်။ ငွေကြေး၊ ကား၊ တိုက်တာ ရှိသင့်သလောက် ရှိခဲ့ပြီ။ သူ့အိမ်ခြံကလေးဟာ နွေးထွေးတဲ့ ရိပ်သာယာတစ်ခုဆိုရင် မမှားပါ။

ဒါပေမယ့် ··· ဦးဖေသိန်းတင်မှာ လူပီပီ ချို့ယွင်းချက်ကလေးအနည်းအကျဉ်းတော့ ရှိတာပေါ့။ အဲဒါက ဘာလဲဆိုတော့ ···။ ပြောမပြောချင်တော့ပါဘူး။

⌘⌘⌘⌘

"ဖေဖေ··· သမီး ဆိုင်သွားတော့မယ်···"

ဆင်ဝင်အောက်ရှေ့မှာရပ်ထားတဲ့ ကားပေါ်တက်ခါနီး သမီးဖြစ်တဲ့ ဝတီခင်ကို ဦးဖေသိန်းတင်က ကြည့်လိုက်တယ်။

"အင်း ··· ငါ့သမီး ဒီလို ဝတ်ပုံစားပုံ လုပ်ပုံနဲ့ကတော့ကွာ··· ဆိုင်မှာတော့ ကောင်လေးတွေက ဈေးဝယ်သလိုလိုနဲ့ လာပြီး ငန်းကြ၊ စာပေးကြ လုပ်မှာပဲဟေ့···"

"အို ··· ဖေဖေကလည်း အတတ်သိနေပါလား···"

ဝတီခင်က ကားတံခါးကို ဖွင့်နေရင်းမှ ပြောလိုက်ပါတယ်။

"သိတာပေါ့ကွာ ··· အဖေဆိုတာလည်း လူပျိုပေါက်ဘဝက ဒါမျိုး စိတ်ကစားဖူးတာပဲ···အေး···ဒါပေမယ့် စာလာပေးတဲ့သူတိုင်းကိုတော့ ငါ့ကို စိတ်ဝင်စားသူများတာပဲဆိုပြီး သွေးနားထင်မရောက်စေနဲ့သမီး··· ယောက်ျားလေးဆိုတာ အမြည်းရလို့ကတော့ လျက်ဆားတောင် အစာပြေရင်ပြီးရောဆိုပြီး တောင်းတတ်တာမျိုးပဲဟေ့"

http://www.linhtet.com



"ဖေဖေကလည်း…ဖေဖေ့စကားက သမီးကပဲ လာသမျှလူ ကြိုက်ရမလို ဖြစ်နေပြီ"

ဝတီခင်က အဖေဖြစ်တဲ့ ဦးဖေသိန်းတင်ကို စိတ်ဆိုးသလို အမူအရာမျိုးနဲ့ ပြောရင်းက ခြံထဲကနေ ကားမောင်းထွက်သွားပါတယ်။

ဦးဖေသိန်းတင်က ခြံထဲက ထွက်သွားတဲ့ ကားကိုကြည့်ရင်း ခြံဝဆီ လမ်းလျှောက်သွားပြီး ခြံဝတံခါးရှေ့မှာ မတ်တတ်ရပ်ရင်းက ပတ်ဝန်းကျင်ကို ငေးမောကြည့်နေလို့ …။

"ဗျို့… ကိုဖေသိန်းတင် ဘာလုပ်နေတာလဲဗျ …"

ရုတ်တရက် နှုတ်ဆက်လိုက်လို့ ကြည့်လိုက်တော့ ရပ်ကွက်ထဲက ဥပသကာ ဦးဘစော ဖြစ်နေပါတယ်။ ဦးဖေသိန်းတင်က ဦးဘစောကို ကြည့်ရင်း နည်းနည်း "ဘု"သွားတယ်။ ဒင်းကို "ဘု"နေတာ ကြာပြီ။ ဥပုသ်နေ့တွေဆို ရပ်ကွက်ဓမ္မာရုံကနေ မိုးမလင်းသေးဘူး။ မိုက်ကရိဖုန်းနဲ့ ဒီနေ့ဟာ ဥပုသ်နေ့ဖြစ်တယ်။ မနက် ဆယ်နာရီမှာ သီလ လာယူပါ ဘာညာဆိုပြီး မနက်လေးနာရီလောက်ကတည်းက အသံ အော်ကြီးဟစ်ကျယ်နဲ့ လော်စပီကာလေးလုံးတတ်ထားကို အားမနာ အော်ဟစ်လို့ပါ။ အိပ်တဲ့သူက အိပ်မရတော့ဘဲ နိုးလာကော။ မနက် မိုးလင်းရှစ်နာရီ ကိုးနာရီမှအော်လည်း ရတဲ့ဟာပဲ။

"မတ်တပ်ရပ်နေတယ်လေဗျာ…"

ဦးသိန်းဖေတင်စကားကြောင့် ဦးဘစောက နည်းနည်း ဒေါသထွက်သွားတယ်။

"ကိုဖေသိန်းတင် ခင်ဗျားက စကားကို လူကြီးပီပီ ကောင်းကောင်းပြောပါဗျ …"

"ဒီမှာ ဦးဘစော … ကျုပ် ကောင်းကောင်းပဲ ပြောတယ်၊

http://www.linhtet.com



ဘယ်သူ့ကိုမှ မကောင်းတာ မပြောဘူး…မတ်တတ်ရပ်လို့ မတ်တတ် ရပ်နေတယ် ပြောတာ ကျုပ် လွန်လား”

“ကိုဖေသိန်းတင် … ခင်ဗျား အဲဒီလို ဘုဂလန့်တွေလုပ်လွန်း လို့ ရပ်ကွက်ထဲကလူတွေ မုန်းနေတာ … လူချစ်အောင် နေစမ်းပါဗျ”

ဦးဖေသိန်းတင် ခြံဝမှာ ရပ်နေမိတာ မှားပြီလားမသိ။ ဘဝ မှာ ကိုယ်ကကြီးပဲ သူများကို ဆရာလုပ်လာ ညွှန်ကြားလာတာ အခု ကိုယ့်အိမ်ရှေ့မှာ ကိုယ့်ကို ပြန်ပြီး ဆရာလာလုပ်သူနဲ့ တွေ့နေရပြီ။

“ဒီမှာ ဦးဘစော … မုန်တာပြောရင် မုန်းတတ်တာကို ကျုပ် ဂရုမစိုက်ဘူး … ကျုပ်ကို မုန်းသည်ဖြစ်စေ ချစ်သည်ဖြစ်စေ ဘယ်သူ မှ ထမင်းလာကျွေးတာမဟုတ်ဘူး … ခင်ဗျားနဲ့ အခုလို စကားပြော ရတာကိုက ကျုပ်အဖို့ ပတ်ဝန်းကျင်ကို လေ့လာဖို့ အချိန်နှောက်ကျ သွားပြီ…”

ဦးဖေသိန်းတင်က အဲဒီနောက် ခြံဝင်းတံခါးကို ပိတ်လိုက်ပါ တယ်။

ဦးဘစောက ခြံရှေ့မှာ ခေါင်းကို ခါလိုက် ဦးဖေသိန်းတင်ရဲ့ ခြံဝင်းထဲကိုကြည့်လိုက်နဲ့ အဲဒီနောက်တော့ ခြံရှေ့ကနေ ထွက်သွားပါ တယ်။

⌘⌘⌘⌘

မျက်နှာပုပ်သိုးစူဆောင့်နေတဲ့ပုံစံမျိုးနဲ့ အိမ်ထဲ ဝင်လာတဲ့ ဦးဖေသိန်းတင်တစ်ယောက် ဆက်တီခုံပေါ်မှာထိုင်ရင်း သတင်းစာ တစ်စောင်ကို ကောက်ဖတ်လိုက်တယ်။

http://www.linhtet.com



"အဖေကြီး ... ရှင် ဘာဖြစ်လာပြန်ပြီလဲ ... သတင်းစာဖတ်တာက ဖောက်ထိုးကြီး"

ဇနီးဖြစ်သူ ဒေါ်မိမိခင်က ရယ်ရင်းမှ ပြောလိုက်ပါတယ်။

"သိပါတယ် မိရယ် ...တမင်တကာ ဖောက်ထိုးဖတ်ရင် ဘယ်လို မျက်စိက ကျင့်သားရမလဲလို့ လုပ်ကြည့်နေတာ..."

"ကြည့်လုပ်နော် ...အသက်ကြီးမှ မျက်စိထိနေဦးမယ် ...ဒါနဲ့ အဖေကြီးရဲ့မျက်နှာက တစ်ခုခု အလိုမကျသလိုပဲ ... ဘယ်လိုဖြစ်တာလဲ"

"မပြောချင်ပါဘူး မိရယ် ...ကိုယ့်ဘာသာကိုယ် ခြံဝ မတ်တတ်ရပ်နေတာ ဘာလုပ်နေလဲတဲ့ လာမေးတယ်လေ ...လူတွေများ အားအားယားယား ..."

"အဖေကြီးရယ်... ရှင့်မလည်း အဲဒါတွေက ခက်နေတာ ... သြော် ... ဒါနဲ့ ရှင့်ကို ပြောရဦးမယ် ...ဒီနေ့ညနေ မိရဲ့ တက္ကသိုလ်တုန်းက သူငယ်ချင်း ကြည်ပြာဦးတို့ လာမယ် ..."

ဦးဖေသိန်းတင်က သတင်းစာကို ချလိုက်ရင်းမှ ...

"ဘာကိစ္စလဲကွ ... ရှုပ်ရှုပ်ယှက်ယှက် ..."

"ဟော ... ပြောပြန်ပြီ၊ ဘာရှုပ်ယှက်ရမလဲ၊ ကြည်ပြာဦးက သူ့ရဲ့သားနဲ့ သမီးနဲ့ကို လက်ထပ်ပေးချင်တယ်တဲ့ ... အဲဒါ ကလေးတွေချင်း တွေ့ရအောင်လို့ပေါ့ ..."

"နေစမ်းပါဦးကွ ... သမီးနဲ့ အဲဒီ ကြည်ပြာဦး သားကကောရင်းနှီးကြလို့လား ..."

"ဗိုလ်ချုပ်ဈေး FMI က သမီးရဲ့ဆိုင်မှာတော့ ပစ္စည်းဝယ်ဖူးတော့ မျက်မှန်းတမ်းမိနေတယ်လေ...လူငယ်ချင်း ရင်းနှီးကြပစေပေါ့..."

http://www.linhtet.com



ဦးဖေသိန်းတင်က တစ်စုံတစ်ခုကို စဉ်းစားရင်းမှ ...

"ဒီကောင်လေးက ဘာလုပ်တာလဲ ... "

"ဩော် ... ကြည်ပြာဦးသားက နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာလေ ..."

"ထားပါကွာ ... ဒီကိစ္စကို သမီးကိုကော ပြောထားလား"

"ပြောပြီးပြီ..."

"ဒါဆို တော်ကြာ အိမ်မှာဝိုင်းလုပ်တဲ့ ဖိုးကုလားလာရင် နည်းနည်းပါးပါး ဧည့်ခန်းကို ရှင်းထားခိုင်း ... "

ဒေါ်မိမိခင်ကတော့ ချစ်ခင်ပွန်း ဦးဖေသိန်းတင် စကားကို ဘာမှ စောဒကမတက်တော့ဘဲ အိမ်နောက်ဖေး ဝင်သွားပါတယ်။

ဦးဖေသိန်းတင်ကတော့ ဆက်တီဆိုဖာခုံပေါ်မှာ ထိုင်ရင်း ပြုံးပြုံးကြီး တစ်စုံတစ်ခုကို တွေးနေလေရဲ့။

သူ့အပြုံးက တစ်ခုခုကို ကျေနပ်နေတဲ့ပုံမျိုးပါပဲ။

⌘⌘⌘⌘

ဒီနေ့ ဘယ်လိုဖြစ်လို့ ဝယ်သူပါးသလဲမသိ။ လက်နှိပ်ခါနီးရက်မို့ ထင်ပါရဲ့။ မနက်က အလှကုန်ပစ္စည်း လာဝယ်တာဆိုလို့ နှစ်ယောက် ပဲ ရှိသေးတယ်။ ပြီးတော့ ကောင်လေးတစ်ယောက်က ဂျင်းဘောင်းဘီတစ်ထည် ဒါပဲ ရောင်းရသေးတယ်။

အဲဒါ ဆိုင်ဖွင့်ဖို့ လာခါနီး ထမင်းစားခန်းမှာ မေမေ ပြောတဲ့ စကားကြောင့် လာဘ်ပိတ်တာပဲ ဖြစ်ရမယ်။ မေမေက သူ့သူငယ်ချင်းရဲ့သား သင်္ဘောအရာရှိနဲ့ ပေးစားချင်တယ်တဲ့လေ။ အဲဒီလူက ဆိုင်မှာ

http://www.linhtet.com



နှစ်ခါသုံးခါလောက် လာဝယ်ဖူးတယ်။ အဲဒါ သမီးတို့ချင်းလည်း ရင်းနှီးအောင် တစ်ယောက်အကြောင်းတစ်ယောက်လေ့လာတဲ့။ ဒီညနေ သက်သက် အစောကြီး အိမ်ပြန်ရဦးမယ်။ ပြင်ရ ဆင်ရ ဝတ်ရဦးမယ်။

"မဝတီ … ဟိုမှာ ဘယ်သူလဲ ကြည့်လိုက်ပါဦး"

အရေးထဲ ဆိုင်က အရောင်းကောင်မလေးက လက်ညှိုးထိုးပြီး ပြလို့ ကြည့်လိုက်တော့ ပါးချိုင့်နှစ်ဖက်ကိုပေါ်အောင် ပြုံးရင်းမှ ကျွန်မဆိုင်ဘက်ကို လာနေတဲ့ သူ့ကို တွေ့ရတယ်။ သူဆိုတာက ကိုမင်းထွန်းလေ။

"မဝတီခင် … သေချာတာက ကျွန်တော့်ကို မျှော်နေတာ မဟုတ်ပါဘူးနော်၊ သေချာတာက ဝယ်သူကို မျှော်နေတာပဲဖြစ်ရမယ်"

လုပ်ပြန်ပါပြီ။ ဒီလူနဲ့၊ ကျောင်းတုန်းက အကျင့်ကို မဖျောက်ဘူး။ အသံကို အော်ပြီး ဘာဖြစ်လို့ ပြောရတာလဲ မသိ။ ဘေးနားက ဆိုင်တွေက တစ်မျိုးထင်ကုန်တော့မယ်။ အံမယ် … ထပ်ပြီးတော့ တောင် ပြုံးလိုက်သေး။ အလကား ကိုယ့်ဆိုင်မှာ ကိုယ့်အလုပ် ကိုယ်မလုပ်ဘူး။

"မဝတီခင် ဘာစဉ်းစားသလဲဆိုတာ ကျွန်တော် အတတ်သိတယ်နော် …"

"ပြောစမ်းပါဦး ဘာသိတာလဲ …"

"သိတာပေါ့ … ကျွန်တော် ဘာဖြစ်လို့ ကိုယ့်အလုပ်မှာ ကိုယ်မလုပ်ဘဲ ဒီလာသလဲဆိုတာလေ … ကျွန်တော့်အလုပ်က သူငယ်ချင်းတွေနဲ့ စပ်တူရှယ်ယာလုပ်တာဆိုတော့ ခဏတပ်ပုံကူးတဲ့ Digital lap မှာ ကျွန်တော် မရှိလည်း ရတယ်လေ …"

ဝတီခင် ပြုံးလိုက်ပါတယ်။ ကိုမင်းထွန်းကတော့ သူ့အဖြေကို ကျေနပ်လို့နေရဲ့။ စောစောကအတိုင်း ပြုံးပြုံးကြီး ရှိနေရဲ့။

http://www.linhtet.com



"မဝတီခင် လာဗျာ… ဝယ်သူကို စောင့်နေရမဲ့အတူတူ FMI အပေါ်ဆုံးထပ်မှာ တစ်ခုခုစားရအောင် …"

"ရှင် ကျွေးမှာနော် …"

"ကျွေးပါမယ်ဗျာ …"

ဝတီခင်က အရောင်းကောင်မလေးကို မှာစရာရှိတာမှာပြီး FMI အပေါ်ဆုံးထပ်ကို ကိုမင်းထွန်းနဲ့အတူ လိုက်လာခဲ့တယ်။

⌘⌘⌘⌘

"ကဲဗျာ … ထမင်းစားခါနီးပြီပဲ …ဒီတော့ မဝတီခင် ကြိုက်တဲ့ မြိတ်ကတ်ကြေးကိုက်ပဲ စား …"

ပြောပြောဆိုဆိုပါပဲ။ ကိုမင်းထွန်းက ကောင်တာမှာ မြိတ်ကတ်ကြေးကိုက်တစ်ပွဲနဲ့ သူသောက်ဖို့ ကော်ဖီတစ်ခွက်အတွက်ပါ ပိုက်ဆံရှင်းပေးလိုက်ပါတယ်။

"ကိုမင်းထွန်း … ရှင့်ကို အခု ကော်ဖီသောက်နေရင်းနဲ့ ဒီ့ထက်ပို သောက်ကောင်းဖို့ သတင်းကောင်းတစ်ခု ပါးရဦးမယ် …"

ကော်ဖီခွက်ကို သောက်ခါနီးဆဲဆဲ မင်းထွန်းက ကော်ဖီခွက်ကို ပြန်ချလိုက်ပါတယ်။

"ဘာများလဲ မဝတီခင်ရဲ့…"

"ဒီညနေ မေမေ့ရဲ့ အသိသူငယ်ချင်းက သူ့သားနဲ့ ကျွန်မကို လာပြီး ဆုံပေးမလို့တဲ့…ကျွန်မတို့ချင်း ရင်းနှီးအောင်လို့တဲ့…ကျွန်မကို လက်ထပ်ချင်တယ်ပေါ့…အဲဒါ ဒီညနေ လူကြီးတွေ စကားပြောကြမယ်…"

"ဗျာ … ဒီညနေ ဟုတ်လား"

http://www.linhtet.com



"ဟုတ်တယ် … ဒီညနေပါပဲရှင်…"

စောစောက ပြုံးနေတဲ့ မင်းထွန်းမျက်နှာ နည်းနည်းပျက်သွားတာကို မြင်လိုက်ရတယ်။

"အဲဒီကိစ္စကို မဝတီခင်ဘက်ကကော ဆန္ဒရှိလို့လား …"

"ဆန္ဒရှိတာတွေ ဘာတွေတော့ မဟုတ်ပါဘူးလေ … ဒါပေမယ့် သမီးလိမ္မာဖြစ်အောင်ဆိုတော့ မိဘစကား နားထောင်ရမှာပေါ့ …"

မင်းထွန်းက ကော်ဖီခွက်ကို တစ်ငုံလောက် သောက်လိုက်ပါတယ်။

"ဒါဆို တက္ကသိုလ်တက်ကတည်းက ကျွန်တော်က ဝတီခင်အပေါ်မှာ တောင်းထားတဲ့အဖြေ မရတော့ဘူး ဆိုပါတော့ … သုံးနှစ်သုံးမိုးမကဘူး လေးနှစ်လေးမိုးလောက် ရှိပြီနော် …"

ဝတီခင်က မြိတ်ကတ်ကြေးကိုက်တစ်ဖွန်းကို ခပ်စားလိုက်ပြီးနောက်…

"ကိုမင်းထွန်းက ကျွန်မကို ချစ်ခွင့်ပန်တုန်းက ပြောခဲ့တယ်နော် … မဝတီခင်ကို ကျွန်တော်ချစ်ပါတယ် … ဒီအတွက် လက်ခံသည်ဖြစ်စေ မခံသည်ဖြစ်စေ အချိန်မည်ရွေ့မည်မျှ အကန့်အသတ်မရှိပါ … စဉ်းစားပါ … ကျွန်တော် စောင့်ပါမယ်လို့ ပြောခဲ့တယ်လေ"

"ဟုတ်တာပေါ့ မဝတီခင်ရယ် … ကျွန်တော့်ခမျာ မဝတီခင်ဆီက အဖြေရဖို့ စောင့်တာ အခုဆို ကမ္ဘာကြီးတောင် ပြားသွားပြီမဟုတ်လား …"

"ကမ္ဘာကြီး ပြား မပြားတော့ ကျွန်မ မသိဘူး … ရှင်တော့ အခု ခံစားချက်တွေ များသွားပြီ မဟုတ်လား … "

မင်းထွန်းက ဘာမှဆက်မပြောဘဲ မှန်ပြတင်းပေါက်အပြင်ဘက်က မြင်ကွင်းတွေကိုပဲ ကြည့်နေမိပါသည်။ ပြီးမှ …

http://www.linhtet.com



“သေချာတာတစ်ခုကို ကျွန်တော် ပြောမယ်နော် … မဝတီခင်က အခု အိမ်က သဘောတူမယ်ဆိုမဲ့လူကို စိတ်မဝင်စားတာကတော့ အမှန်ပဲ … ဘာဖြစ်လို့လဲ သိလား … စိတ်ဝင်စားရင် ကျွန်တော့်ကို အခုလို ဘယ်အသိပေးမလဲဗျာ ဟုတ်ဖူးလား … ကဲ … စားလိုက်ပါဦး ဟဲ ဟဲ …”

ရယ်ကျဲကျဲလုပ်ရင်းမှ စောစောကနှင့်မတူသော အမူအရာမျိုးနဲ့ မင်းထွန်းက ပြောလိုက်ပါတယ်။

“ရှင်က သေချာလှချည်လား … ဘာကိုကြည့်ပြီး ကျွန်မကို ဝေဖန်လိုက်တာလဲ …”

“မဝတီခင်ရဲ့ နှလုံးသားကို ကျွန်တော် အာရုံခံစားကြည့်လိုက်တာပါဗျာ …”

“ကမ္ဘာပေါ်မှာ နှလုံးသားစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သာရှိရင် ရှင် ရာထူးကြီးကြီးရမှာ အမှန်ပဲ …”

ဝတီခင်က အဲဒီစကားပြောပြီး ဘာမှ ဆက်မပြောတော့ဘဲ မြိတ်ကတ်ကြေးကိုက်ကိုသာ ဆက်စားနေပါတယ်။

ဘာပြောကောင်းမလဲ။ မင်းထွန်းကြတော့လည်း ညနေရောက်လျှင် ဝတီခင်တို့အိမ်မှာ ဘာတွေ ပြောကြဆိုကြ ဆွေးနွေးကြမလဲကို တွေးနေမိပါတော့တယ်။

⌘⌘⌘⌘

“ဖိုးကုလားရေ…”

“ဗျာ…ဦးဖေသိန်းတင်…”

“လက်ဖက်ရည်တွေ မုန့်တွေ ချပေးဟေ့…”

http://www.linhtet.com



"ဟုတ်ကဲ့…"

ဦးဖေသိန်းတင်က ဖိုးကုလားကို လှမ်းပြောလိုက်ပါတယ်။ အိမ်ထဲမှာက ဦးဖေသိန်းတင်၊ ဒေါ်မိမိခင်၊ ဝတီခင်နဲ့ ဒေါ်ကြည်ပြာဦးရဲ့ သူ့သားဖြစ်တဲ့ ခင်မောင်ဦးတို့လည်း ရှိနေပါတယ်။

ခင်မောင်ဦးကတော့ ဝတီခင့်ကို အပိုင်တွက်ထားပုံပါပဲ။ လူကြီးတွေ ယခုလို အဆင်ပြေနေတာ သူ့ကိစ္စလည်း အဆင်ပြေပြီလို့။

ဖိုးကုလားက မုန့်တွေကို လာချပေးပါတယ်။ ပြီးတော့ လက်ဖက်ရည်ခွက်တွေပါ လာချပါတယ်။

"ကဲ…စားကြပါဦး"

ဦးဖေသိန်းတင်က စားပွဲပေါ်တင်ထားတဲ့ လက်ဖက်ရည်ပန်းကန်၊ မုန့်ပန်းကန်တွေကို လက်ညိုးညွှန်ပြရင်းမှ ပြောလိုက်ပါတယ်။

"ကြည်ပြာရေ စား…မောင်ခင်မောင်ဦး စားနော်… အားမနာနဲ့…"

ဒေါ်မိမိခင်က ဧည့်သည်တွေ အားနာမှာစိုးတဲ့အတွက် ထပ်မံပြောလိုက်ပါတယ်။

"ကဲ…ဒီက မိရဲ့သူငယ်ချင်း မကြည်ပြာဦး ရှေ့ထားပြီး… မောင်ခင်မောင်ဦးကို အန်ကယ်က မေးရဦးမယ်…မင်းက သင်္ဘောအင်ဂျင်နီယာနော်…"

"ဟုတ်ပါတယ် အန်ကယ်…ကျွန်တော်က နိုင်ငံခြား သင်္ဘောအင်ဂျင်နီယာပါ…"

ခင်မောင်ဦးက အားတက်သရော ဖြေလိုက်ပါတယ်။

"ဒါဆို…မင်းက နိုင်ငံခြားသင်္ဘောမှာ သွားပြီး တာဝန်ထမ်းဆောင်ရတာဆိုတော့ မြန်မာနိုင်ငံကနေ သွားရင် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတော့ မလိုဘူးပေါ့ကွာ…ဒါပေမယ့်

http://www.linhtet.com



အန်ကယ် တစ်ခု တောင်းဆိုချင်တာက အန်ကယ်ရဲ့သမီးကို မင်းက လက်ထပ်ချင်တာဆိုတော့ မင်းမှာ ဘာရောဂါမှ မရှိပါဘူးဆိုတဲ့… ဆေးစစ်ထားတဲ့စာရွက် အန်ကယ့်ကို ပြရမယ်…အဓိက ပြောရရင် တော့ HIV ကင်းရှင်းကြောင်းပေါ့ကွာ…ဘယ်လိုလဲ…အဲဒါ ပြနိုင်ရင် အန်ကယ်ရဲ့သမီးနဲ့ လက်ထပ်မဲ့ကိစ္စ ဆက်ဆွေးနွေးတာပေါ့…"

"ဒီမှာ ကိုဖေသိန်းတင်…ရှင်က ကျွန်မရဲ့သားကို ဘယ်လို စကား ပြောလိုက်တာလဲ…"

"အန်ကယ်…ကျွန်တော့်ကို အန်ကယ်က နိုင်ငံခြားမှာ ရှုပ် တဲ့သူလို့ ထင်လို့လား…"

ဦးဖေသိန်းတင်ရဲ့ စကားအဆုံး ဒေါ်ကြည်ပြာဦးကော ခင် မောင်ဦးပါ ဒေါသထွက်သွားပါတယ်။

"အန်ကယ်က သမီးရှင်ကွ … အန်ကယ့်သမီးက သန့်ရှင်းဖြူ စင်တဲ့ အပျိုစစ်စစ် … အဲဒီလို သန့်ရှင်းတဲ့သူအဖို့ အန်ကယ်က ဖခင် တစ်ယောက်ပီပီ ကိုယ့်သမီးအတွက် ကာကွယ်တာ အပြစ်မဟုတ်ဘူး။ ဘယ်သူ ဘာဖြစ်တယ်ဆိုတာ ကာယကံရှင်ကလွဲလို့ ဘယ်သူမှ မသိ နိုင်ဘူး … ကိုယ့်ဘက်ကမှန်ရင် အန်ကယ် ပြောတာ ဂရုစိုက်စရာ မလိုပါဘူးကွာ … "

"ဒီမှာ မေမေ လာ သွားမယ်… ဒါ သက်သက် ကျွန်တော့် ဂုဏ်သိက္ခာကို စော်ကားတာ … သူ့သမီး ရွှေထွက်ပလေ့စေ ကျွန်တော် မယူဘူး … "

ခင်မောင်ဦးက မိခင်ဖြစ်သူကို လက်ဆွဲထူလိုက်ရင်းမှ ဦးဖေ သိန်းတင်ကို ပြောလိုက်ပါတယ်။

"အဲဒီ ရွှေထွက်တဲ့နေရာကို မင်းတို့လာတာပဲ မဟုတ်ဘူးလား"

"ကိုဖေသိန်းတင် …ရှင် လူကြီးစကား ပြောပါ …လာ သား

http://www.linhtet.com



ဒီဘုဂလန့် လူ့ဂွစာတွေနဲ့ မပတ်သတ်တာကောင်းတယ် … ”

ဒေါ်ကြည်ပြာဦးက ဦးဖေသိန်းတင်ကို ဒေါသတကြီးနဲ့ ပြောရင်းက အိမ်ထဲကနေ ခင်မောင်ဦးနဲ့အတူ ထွက်သွားပါတယ်။

“အဖေကြီးရယ် … ရှင်ဟာလေ … အားလုံး မျက်နှာပျက်စရာဖြစ်ကုန်ပြီ … ရှင် ဘယ်လိုလုပ်လိုက်တာလဲ …”

ဒေါ်မိမိခင်က ဦးဖေသိန်းတင်ရဲ့ လက်မောင်းကို ကိုင်ရင်း မေးလိုက်ပါတယ်။

“အဖေတစ်ယောက်အနေနဲ့ ကိုယ့်သမီးအတွက် မှန်တာကို လုပ်တာ … သူသာ သမီးကို တကယ်မြတ်နိုးသူမှန်ရင် လုပ်နိုင်ရမှာပေါ့ မိရယ်၊ သန့်ရှင်းတဲ့ ကိုယ့်ရဲ့သမီးလေးအတွက်တော့ ဘာပြန်၊ ညာပြန်၊ ဘာအရာရှိ၊ ညာအရာရှိတွေ မလိုပါဘူး …”

ဝတီခင်က ဦးဖေသိန်းတင်ရဲ့ မျက်နှာကို ကြည့်လိုက်ပါတယ်။ ဦးဖေသိန်းတင်ရဲ့ မျက်နှာမှာ သမီးကိုချစ်တဲ့အချစ်တွေ ပေါ်လွင်နေတယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောဖို့ လိုမယ်မထင်ပါ။

⌘⌘⌘⌘

http://www.linhtet.com

တချို့က
ကျေးလက်ဆန်တဲ့
ရာသီဥတုကို
လိုချင်ကြလိမ့်မယ်။
ကိုယ့်အတွက်ကတော့
ချစ်သူပြောတဲ့ **Non Stop**
ရင်ခုန်စွန့်စားခန်းတွေပါပဲ။
(လိုလိုလားလားနဲ့ကို လိုချင်တာပါ)

www.linhtet.com

(၂)

"ဒါဆို အဲဒီပွဲက ပျက်သွားတာပေါ့ ဟုတ်လား ..."

ဝတီခင်က မင်းထွန်းရဲ့ အမေးစကားကို မဖြေသေးဘဲ လက်ဖက်ရည်ပန်းကန်ကိုပဲ စိုက်ကြည့်နေပါတယ်။

"အယူအဆခြင်းမှ မိဘတွေ မတူကြတာ ... ဘယ်ဖြစ်ပါ့မလဲ"

ဝတီခင်အဖို့ မင်းထွန်းကို အဖေဖြစ်တဲ့ ဦးဖေသိန်းတင် ပြောတဲ့စကားတွေကို အစအဆုံး ဘာကြောင့် မပြောဖြစ်သလဲဆိုတာ မစဉ်းစားတတ်။

"ဒါဆို ... ကျွန်တော်ဆက်လက်ပြီး ဝတီခင့်ဆီက မေတ္တာကို မျှော်လင့်နိုင်သေးတာပေါ့ဗျာ ..."

ဝတီခင်က သူမရှေ့တည့်တည့်မှာရှိနေတဲ့ မင်းထွန်းကို ကြည့်လိုက်တယ်။ ပြီးတော့ လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်တယ်။ မင်းထွန်းက လက်ဖက်ရည်ဆိုင် အပြင်ဘက်ကို ကြည့်နေလို့။

တက္ကသိုလ်မှာ ကျောင်းတက်ကတည်းက ... ဝတီခင့်ဆီက မေတ္တာရဖို့ သန့်သန့်ရှင်းရှင်းနဲ့ နှစ်ရှည်လများ စောင့်ဆိုင်းရင်း ကိုယ့်

http://www.linhtet.com



အလုပ်ကိုလည်း အပျက်မခံ ဘဝကို တိုးတက်ဖို့ ကြိုးစားတဲ့ မင်းထွန်းရဲ့စိတ်ဓာတ်ကိုတော့ ဝတီခင် မချီးကျူးဘဲ မနေနိုင်ပါ။

သူငယ်ချင်းတွေဖြစ်တဲ့ ခိုင်ခိုင်တို့ ကြည်ကြည်ဝင်းတို့ကတောင် ပြောသေးရဲ့။ ကိုယ်က မကြိုက်တာလည်း မဟုတ်ဘဲနဲ့ အချိန်ဆွဲမထားနဲ့လို့ ခဏခဏ ပြောသေးရဲ့။

"ကိုမင်းထွန်းကို ကျွန်မ တစ်ခုမေးမယ် ... မိန်းမသားတစ်ဦးရဲ့ဘဝမှာ အမျိုးသားတစ်ဦးဆီက လိုချင်တာ ဘာလဲ ..."

ရုတ်တရက်ဆိုသလို ကောက်ကာငင်ကာ ကောက်မေးလိုက်တဲ့ ဝတီခင်ရဲ့စကားကို မင်းထွန်းက ...

"ယောကျ်ားတစ်ယောက်ရဲ့ ကြံ့ရည်ဖန်ရည်ရှိမှု၊ ကြိုးစားမှုနဲ့အတူ တစ်ဘဝတာအတွက် အားကိုးလိုမှုပေါ့ဗျာ ..."

"ဒါဆို ဟုတ်ပြီ ... ကိုမင်းထွန်းကို ကျွန်မ တစ်ခုပြောမယ် ... အဓိက ပြောရရင် ကျွန်မရဲ့ အိမ်ထောင်ရေးအတွက် အဓိကကျတာက ကျွန်မရဲ့ဖေဖေပဲ၊ ဒီတော့ ရှင့်ကို ကျွန်မ ပြောမယ် ... ကျွန်မ အားကိုးရမဲ့ရှင်ဟာ ဘယ်လိုအားကိုးထိုက်တဲ့လူလဲဆိုတာ သိရအောင် ရှင်က ဆယ်ရက်အတွင်း ကျွန်မအဖေ သဘောကျတဲ့လူမျိုးဖြစ်လာအောင် ကြိုးစားပြရမယ် ... ဆယ်ရက်အတွင်း ကျွန်မရဲ့အဖေက ရှင့်ကို ခင်မင်သဘောကျလာရင် ကျွန်မ ရှင့်ကို အဖြေပေးမယ် ... ဘာဖြစ်လို့လဲဆို အဖေ သဘောကျတဲ့ ခင်တဲ့လူဖြစ်ရင် ရှင်နဲ့ ကျွန်မကိစ္စကို အဖေကလည်း သဘောမတူစရာမရှိတော့ဘူးလေ ... အဓိက ပြောရရင် ဖေဖေက အခရာပဲ ..."

မင်းထွန်းက ဝတီခင်ရဲ့မျက်နှာကို ကြည့်လိုက်တယ်။ ဝတီခင်ကလည်း မင်းထွန်းမျက်နှာကို ကြည့်တော့ မင်းထွန်းရဲ့ မျက်လုံးနဲ့ မျက်နှာအမူအရာက တကယ့်ကို ပြိုင်ပွဲဝင်မဲ့လူတစ်ဦးလို တက်ကြွဖျတ်လတ်နေတဲ့ ပုံသဏ္ဌာန် တွေ့ရပါတယ်။

http://www.linhtet.com



"ကြိုက်ပြီ မဝတီခင်ရေ … စိတ်ချ …မဝတီခင် အားကိုးမဲ့ လူတစ်ယောက်ဟာ ဘယ်လိုအရည်အချင်းတွေ ရှိသလဲဆိုတာကို ပြ ရမှာပေါ့ဗျာ … ကျွန်တော် ဘယ်တော့ ဒီစမ်းသပ်မှုကို စ,ရမလဲ"

"သန်ဘက်ခါကစပြီး ရှင်က ကျွန်မရဲ့ ဖေဖေကို စ,ပြီး စည်းရုံး ရမယ် … ဘယ့်နှယ့်လဲ …"

"အိုကေ …"

"ချီးယားစ် …"

မင်းထွန်းက ညာဘက်လက်ဝါးကို မြှောက်လိုက်တယ်။ ဝတီခင် ကလည်းညာဘက်လက်ဝါးကိုမြှောက်ပြီး လက်ဝါးချင်းရိုက်လိုက်တယ်။

သေချာတာကတော့ မင်းထွန်းအဖို့ ချစ်သူရဲ့ အသည်းနှလုံး သိမ်းပိုက်ဖို့အတွက် စစ်ပွဲဝင်ဖို့ အသင့်ရှိပြီဆိုတာပါပဲ။

ဝတီခင်ကတော့ ရှေ့ ဘာဆက်ဖြစ်လာမလဲဆိုတဲ့ ဖြစ်စဉ်တွေ ကို အကဲခတ်စောင့်ကြည့်ရုံပဲပေါ့။

အဲ … နှလုံးသားကို ပေးအပ်ဖို့လည်း ပါတာပေါ့လို့။

⌘⌘⌘⌘

"ပွဲစဉ်ကတော့ အခုမှ လှုပြီပေါ့ ဟုတ်လား မင်းထွန်းရေ"

ဟန်အေးက ဆေးပေါ့လိပ် ဖင်စီခံကိုကြည့်ပြီး လွှင့်ပစ်လိုက် ရင်းက မင်းထွန်းကို ပြောလိုက်တယ်။

"ဟော့ကောင် မင်းထွန်း … ဒီတော့ မင်း ဘာဆက်လုပ်မလဲ"

မြတ်ကို စကားကို မင်းထွန်းက ဘာမှမပြောဘဲ တစ်စုံတစ်ခု ကို နက်နက်နဲနဲ စဉ်းစားလို့နေတယ်။ ပြီးမှ …

"အခိက အချက်က အခုချိန်မှာ ငါ့ရဲ့ မဝတီခင် မဟုတ်ဘူး၊ အဓိက ပြောရရင် ဦးဖေသိန်းတင်ပဲ … "

http://www.linhtet.com



"ဒီတော့ မင်း ဘာအရင် စ,လုပ်မလဲ မင်းထွန်း …"

"အရင်ဆုံး စ,ရမှာက ပထမဦးဆုံး ဦးဖေသိန်းတင်ရဲ့ အမူ အကျင့်တွေ သိဖို့ပဲကွ …"

မြတ်ကိုရော ဟန်အေးကော မင်းထွန်းဆီက ဘာဆက်ပြော လေမလဲ နားစွင့်နေမိတယ်။

"ရန်သူရဲ့ နယ်မြေထဲကို ဝင်ပြီး ရန်သူ့တပ်စခန်းကို သိမ်းဖို့ဆို တာ ရန်သူရှိတဲ့နေရာအနီးနားက နယ်ပယ်တွေကို အရင် သိမ်းပိုက်ပြီး မှ ဗဟိုကို ဝင်တာအကောင်းဆုံးပဲ … ဒီတော့ နက်ဖြန်ကြရင် မဝတီ ခင်တို့ရဲ့ ရပ်ကွက်ထဲကို သွားမယ်၊ အရင်ဆုံး ပထမနေ့မှာ … ငါ့ရဲ့ ယောက္ခမဖြစ်လာမဲ့ ဦးဖေသိန်းတင်ကို စ,ပြီး ချဉ်းကပ်ရမယ် …အဲဒီ အစီအစဉ် စ,အောင်မြင်ရင် ကျန်တာ လွယ်သွားပြီ …"

မြတ်ကိုက မင်းထွန်းကို ကြည့်ပြီး

"မင်းထွန်းရာ … မိန်းမတစ်ယောက်ရဲ့ အချစ်ကိုရဖို့ကွာ မင်းနဲ့ ပင်ပန်းလိုက်တာ …"

"ဒီမှာ တန်ဖိုးရှိတဲ့ဟာကို လိုချင်ရင်တော့ အဲဒီတန်ဖိုးနဲ့ ထိုက် တန်တာမျိုးတော့ ကိုယ်က ပေးဆပ်ရမှာပေါ့ကွာ …"

"ဒါဆို … ငါတို့ကကော ဘာလုပ်ရမှာလဲ မင်းထွန်းရ …"

"မင်းကော မြတ်ကိုကော ဦးဖေသိန်းတင်ဆိုတဲ့ ငါ့ယောက္ခမ ကြီးကို ဆယ်ရက်အတွင်း သိမ်းသွင်းမဲ့ စီမံကိန်းမှာ ပူးပေါင်းပါဝင်ရမှာ ပေါ့ကွာ …"

မင်းထွန်းရဲ့စကားကို မြတ်ကိုကော ဟန်အေးကော ဘာစော ဒကမှ မတက်တော့ပါ။ သူတို့နှစ်ဦးလည်း သူငယ်ချင်းမင်းထွန်းရဲ့ကိစ္စ အတွက် စိတ်ဝင်တစား ဖြစ်နေတယ်ဆိုတာကတော့ ပြောဖို့ပင် လို မည်မထင်ပါ။

ဘယ်အရာမဆို
အစတစ်စ
ဆွဲထုတ်လို့ရရင် ပြီးပြီ။
အစဟာ
အရေးကြီးဆုံးပဲ။

http://www.linhtet.com

(၃)

မင်းထွန်းတို့ သူငယ်ချင်းသုံးယောက် အခုဆိုရင် ရန်သူ့နယ်မြေအစပ်ကို ချဉ်းကပ်လို့ ဝင်ရောက်လာပါပြီ။ ရန်သူ့နယ်မြေအစပ်မှာ လက်နက်ကိုင်ပြီး စောင့်နေတဲ့ အစောင့်တပ်သားတော်တော့ မရှိပါ။ အလှူခံမဏ္ဍပ်တွေသာရှိပြီး တန်ဆောင်တိုင် ကထိန်ပွဲတော်အတွက် သူ့ထက်ငါ အပြိုင်အဆိုင် မိုက်နဲ့အော်ပြီး အလှူခံနေကြတာပါ။ ဘုံကထိန်တွေ ရှေ့မှာ ကလေးတွေက ဆော့လို့။

"မင်းထွန်းရေ ... ငါတို့ အစီစဉ်တော့ အောင်မြင်ပြီဟေ့ ... အမြင်နမိတ်နဲ့ ပြောရရင် မင်းကြည့် ...အလှူခံနဲ့ ဘုံကထိန်ကို တွေ့တယ်မဟုတ်လား ...တစ်ခုတည်းတောင် မဟုတ်ဘူး ... အများကြီးပဲ ... ဒီတော့ မင်းကိစ္စအောင်မြင်ပြီ ..."

မြတ်ကိုက ဘုံကထိန်တွေကို လက်ညှိုးထိုးပြရင်း ပြောလိုက်ပါတယ်။

http://www.linhtet.com



"အေးပါကွာ … အရင်ဆုံး မဝတီခင်တို့ရဲ့ လမ်းနားက လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း သတင်းယူရမယ် …"

မင်းထွန်းတို့ သုံးဦးသား ဝတီခင်တို့ လမ်းနားက လက်ဖက်ရည်ဆိုင်ဆီ လာခဲ့ကြပါတယ်။

"ဒီဆိုင်ကနေ မင်းက ဘယ်လို သတင်းယူမှာလဲ …"

"ဟန်အေး … ဘာမှ မင်း ထပ်မပြောနဲ့၊ လက်ဖက်ရည်ကိုသာ မှာလိုက်စမ်းပါ။ အဓိက ပထမအနေနဲ့ လက်ဖက်ရည်ကိုသာ အရင်သောက်ဖို့ လုပ်စမ်းပါ …"

ဟန်အေးက လက်ဖက်ရည်သုံးခွက်ကို မှာလိုက်ပါတယ်။

"ဒါနဲ့ မင်းထွန်း … မင်းက ဦးဖေသိန်းတင်ကိုကော မြင်ဖူးလို့လား …"

"မြင်ဖူးတာပေါ့ မြတ်ကိုရ …မဝတီခင် ဘွဲ့ယူတုန်းကကော၊ ငါက မဝတီခင်တို့ဆိုင်ကိုသွားရင်း ဦးဖေသိန်းတင်ကြီးက ဆိုင်ကိုရောက်နေလို့ ငါ လစ်ပြီး ပြန်လာတာတွေတောင် ရှိသေးတယ်"

လက်ဖက်ရည်ခွက်တွေကို စားပွဲထိုးက လာချပေးတဲ့အတွက် မင်းထွန်းက စကားစကို ရပ်ပစ်လိုက်ပါတယ်။

"မင်းယောက္ခမကြီးကိုကော မဝတီခင်က မင်းအကြောင်းတွေ ပြောဖူးတာရှိလား …ပြီးတော့ မင်းကိုကော မြင်ဖူးလား …မြင်ဖူးရင် မင်းရဲ့ကိစ္စအတွက် ခက်မယ်နော် …"

ဟန်အေးက လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပါတယ်။

"ငါ့ကိုတော့ မမြင်ဖူးသေးဘူးကွ …အဲဒါကိုက ငါ့အတွက် လှုပ်ရှားလို့ကောင်းတဲ့ အကြောင်းရင်းပဲ၊ မဝတီခင်ကလည်း သူ့အဖေကို ဒီကိစ္စ မပြောမှာ သေချာတယ် …"

http://www.linhtet.com



မြတ်ကိုက နားထောင်နေရင်းမှ

"နေဦးကွာ …ငါ စောစောက လက်ဖက်ရည် လာချပေးတဲ့ စားပွဲထိုးကို မေးကြည့်ပါဦးမယ် …"

"မြတ်ကို …ကြည့်မေးဦးနော်၊ တော်ကြာ သတင်းပေါက်ကြား သွားမှ ခက်နေချေရဲ့ …"

"ပိုင်ပါတယ် ဟန်အေးရာ … မြတ်ကိုပါ"

မြတ်ကိုက ရေနွေးအိုးကို ကိုင်လိုက်ရင်းမှ

"ညီလေးရေ ခဏ …"

မြတ်ကို ခေါ်လိုက်လို့ စားပွဲထိုးက ရောက်လာပါတယ်။

"ညီလေး ရေနွေးပူတာလေး လဲပေးပါကွာ …"

"ရပါတယ် အစ်ကို …"

စာပွဲထိုးက ရေနွေးအိုး အသစ်တည်ပြီး လာချပေးပါတယ်။

"ဒါနဲ့ ညီလေး …ဒီနားက ဦးဖေသိန်းတင်ကို သိလား"

"ဗျာ …ဦးဖေသိန်းတင်လား၊ သိတာပေါ့ အစ်ကိုရာ…သူ့ကို လေ စကားပြောရမဲ့အစား ကားလာရင် အဲဒီကားအောက်သာ ဝမ်းလျားထိုးပစ်လိုက်ချင်တယ် …သိပ် ယစ်လွန်းလို့ …"

မြတ်ကို ပြောသလိုပါပဲ။ သတင်းအစအနတွေက မြတ်ကိုရဲ့ အကွက်ထဲ တန်းကိုဝင်လာလို့။

"ဘယ်လို ယစ်လို့လဲ ညီလေးရ …"

"ဟာ …ယစ်တာပေါ့ အစ်ကိုရာ၊ လက်ဖက်ရည်သောက်ရင် လက်ဖက်ရည်ခွက်က သန့်လား မသန့်လား အရင်ကြည့်တယ် …ပြီး တော့ ရေနွေးပန်းကန်လုံးက စ,လို့ တစ်ရှူးအထိ အသေးစိတ်ပဲ၊ မုန့်တွေ ဆိုလည်း ဒီအတိုင်းပဲ … လူကျလို့ လက်ဖက်ရည် သူ့ကို ချပေးတာ

http://www.linhtet.com



နောက်ကျရင် ဝန်ဆောင်မှုက ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး စကားတွေ ပြောတော့တာပဲဗျာ ...ပင်စင်စားဆိုတော့ အရာရှိကလည်းဖြစ်ပြန် ...ပြောမနေနဲ့တော့၊ အရပ်ထဲလည်း ဘုဂလန့်ပြောလွန်းလို့ လူတွေနဲ့ မတည် ...

စားပွဲထိုးလူငယ်လေးက လမ်းမဘက်ကို ကြည့်ရင်းမှ ...

"အဲ ... အဲဒါ ကိုဖိုးကုလားလေ ...ဦးဖေသိန်းတင်တို့အိမ်မှာ လုပ်တာ ...သူလည်း ဦးဖေသိန်းတင်တို့ အိမ်မှာလုပ်တာ အံ့သြပါရဲ့ဗျာ၊ ဦးဖေသိန်းတင်ဒဏ် သူက တော်တော်ခံနိုင်တာပဲ ... အင်း... ကိုဖိုးကုလားဒဏ်လည်း သူ့အိမ်နီးချင်းတွေက တော်တော်ခံရမှာ ... ဦးဖေသိန်းတင်လို ရေကြောမြေကြော လိုက်သွားတယ်ထင်ပါရဲ့"

စားပွဲထိုးလူငယ် စကားပြောနေတုန်းမှာပဲ မင်းထွန်းက ဖိုးကုလားဆိုသူကို အသေအချာ လိုက်ကြည့်ပြီးသွားပါပြီ။ ဖိုးကုလားဆိုသူက ဈေးဆွဲခြင်းကိုဆွဲပြီး လမ်းမပေါ် သွားနေလေရဲ့။

"ညီလေးပြောတဲ့စကားက ထူးခြားနေပါလားကွ ... ဘယ်လိုဒဏ်ခံရတာလဲ ..."

မြတ်ကိုက လမ်းကြောင်းပေးလိုက်ပါတယ်။

"နေ့စဉ်ရက်ဆက်ပါပဲ အစ်ကိုရာ ...ကိုဖိုးကုလားက ညနေအရက်ကလေးသောက်ပြီးလို့ မူးပြီဆိုတာနဲ့ နေ့လယ်ခင်း မနက်ခင်းက ဖြစ်တာတွေကို အသေးစိတ်ပြောတော့တာပဲဗျို့ ... အီးပေါက်တာတောင် ချန်တာမဟုတ်ဘူး ..."

မြတ်ကိုက မင်းထွန်းကို စားပွဲထိုးကောင်လေးမသိအောင် လက်မထောင်ပြလိုက်ပါတယ်။

"ဖိုးကုလား သောက်တာက အဖြူလား အနီလားကွ"

http://www.linhtet.com



"အဖြူတောင် ဒီလူက နပ်မမှန်ပါဘူးဗျာ …ဟိုဘက် သုံးလမ်း ကျော်က အရက်ဖြူဆိုင်မှာ လပေးနဲ့သောက်တာ …ညနေ ခြောက် နာရီဆိုရင် အဲဒီဆိုင် ရောက်နေပြီ … ဂရင်းနစ်စံတော်ချိန်နဲ့တောင် တိကျသေးတယ် …"

တခြားစားပွဲဝိုင်းက လက်ဖက်ရည် လှမ်းမှာလို့ စားပွဲထိုး ကောင်လေးက ထွက်သွားပါတယ်။

"မင်းထွန်း …အစတစ်စတော့ ရပြီ …အဲဒီအစကို မင်း ဆွဲ ထုတ်ပေတော့"

မြတ်ကိုက မင်းထွန်းကို ပြောရင်းကနေ ကျန်တဲ့လက်ဖက်ရည် ကို သောက်လိုက်တယ်။

"ဒီညနေအရက်ဖြူဆိုင်ကနေ ဖိုးကုလားဆိုတဲ့လူကို အရင်ဝင် ရောရမယ် …ဒီတော့ ငါ့ဘာသာငါ သွားမယ်၊ မင်းတို့ လိုက်လို့မဖြစ်ဘူး၊ သုံးယောက်စလုံးဆို ပြဿနာရှိတယ် …"

"ဟုတ်တယ် မြတ်ကို …မင်းထွန်းပြောတာမှန်တယ်၊ ဒီ ဖိုး ကုလားဆီကရတဲ့ စကားအသွားအလာပေါ်မှာ မူတည်ပြီးမှ ဘာလုပ် မလဲ စဉ်းစားရမယ် …"

ဟန်အေးက ထပ်ဆင့်စကားဆိုချိန်မှာ မင်းထွန်း စဉ်းစားနေ တာက ဖိုးကုလားဆိုတဲ့လူဆီက ဘယ်လိုစကားတွေ နှိုက်ရမလဲဆိုတာ ပါပဲ။

⌘⌘⌘⌘

http://www.linhtet.com



မင်းထွန်းဘဝမှာ တစ်ခါဘူးမှ အခုလို ရပ်ကွက်အရက်ဖြူဆိုင် မရောက်ဘူးပါ။ အခု မြင်နေရတဲ့ အရက်ဖြူဆိုင်လေးထဲမှာတော့ စကား သံတွေက ဆူညံနေလို့။ ဩော်…တစ်နေ့တာ ပင်ပင်ပန်းပန်း နွမ်း နယ်သမျှကို ဒါလေးနဲ့ အပန်းဖြေရတာပေါ့လေ။

အရက်ဖြူဆိုင်ထဲမှာက ဗီဒီယိုမြန်မာဇာတ်ကားပြနေပါတယ်။ အရက်သောက်ရင်း ကြည့်သူက ကြည့်၊ စကားပြောသူက ပြောပေါ့။ ဗီဒီယိုထဲမှာတော့ လွတ်လပ်ရေးမရသေးပါ။ ဝဋ္ဋကျော်တစ်ယောက် အင်္ဂလိပ်တွေကို တော်လှန်နေတုန်းပါပဲ။

မင်းထွန်းက ဆိုင်ထဲကို အကဲခတ်လိုက်တယ်။ ကံကောင်း တယ်လို့ ဆိုရမလားပဲ။ ဖိုးကုလားဆိုသူက တစ်ယောက်တည်း အရက် သောက်နေတယ်။ အရက်ဆိုလို့ ပုလင်းလိုက်လည်း မဟုတ်ပါဘူး။ ချောင်းဆိုးပျောက်ဆေးရည်ပုလင်းလောက်ရှိတဲ့ ပုလင်းထဲကအရက် ကို ငှဲ့သောက်နေတာပါ။

"ဒီခုံမှာ လွတ်သလား မသိဘူး…"

"ရပါတယ် ထိုင်ပါ…"

မင်းထွန်းက ဖိုးကုလားရှေ့ခုံမှာ ထိုင်ဖို့ မေးလိုက်တာကို ဖိုး ကုလားက ပလတ်စတစ်ခုံလေးတစ်ခုံ ဆွဲယူပေးရင်းက ပြောလိုက်ပါ တယ်။

"ဘာသောက်မလဲ…"

ဆိုင်ရှင်ဖြစ်တဲ့သူက မင်းထွန်းကို လာမေးပါတယ်။

"အဖြူရှယ်တစ်လုံးနဲ့ အမြည်း သုံးလေးပွဲလောက် ပေးဗျာ"

http://www.linhtet.com



ဆိုင်ရှင်က မင်းထွန်းမှာတာတွေကို လာချပေးပါတယ်။ မင်းထွန်းက ဖန်ခွက်ထဲ အရက်ငှဲ့လိုက်တယ်။ ဒါကို ဖိုးကုလားက အကဲခတ်နေတယ်။

"အစ်ကိုလည်း သောက်ပါ…ကျွန်တော် တစ်ယောက်တည်းဆို မနည်းဖြိုရမှာ…"

"သောက်ပါကွာ…နေ နေ…"

"မဟုတ်ပါဘူး အစ်ကိုရယ်…မိတ်ဖြစ်ဆွေဖြစ်ပေါ့။ ကျွန်တော်က ဟိုဘက်ရပ်ကွက်မှာနေတာ၊ ဒီဆိုင်က အရက်ဖြူကောင်းတယ်ဆိုလို့…"

မင်းထွန်းက ပြောပြောဆိုဆိုပါပဲ။ ဖိုးကုလားက အရက်ခွက်ထဲ အရက်ငှဲ့ပေးလိုက်တယ်။

"ညီလေးကလည်းကွာ…အားနာစရာကြီး"

"မလိုပါဘူး အစ်ကိုရာ သောက်စမ်းပါ…အမြည်းလည်း စား၊ လိုရင် ထပ်မှာ မိတ်ဆွဖြစ်ပေါ့ဗျာ…အရက်ဆိုတာ တစ်ယောက်တည်း သောက်ရတာ မကောင်းဘူးဗျ၊ အရက်ကလေး သောက်လိုက် စကားလေး ပြောလိုက်မှ ကောင်းတာ…"

"မှန်တာပေါ့ ညီလေးရာ…အရည်ကလေး ဝင်မှ နှုတ်သွက်လျှာသွက်တာကွ"

တကယ်သွက်တာပါ။ လက်ဖက်ရည်ဆိုင်က စားပွဲထိုးကောင်လေး ပြောသလိုပါပဲ။ ဖိုးကုလားတို့များ အလကားတိုက်တဲ့အရက်မို့ တစ်ခွက်ပြီးတစ်ခွက် သုံးခွက်လောက် ဆင့်ချလိုက်ပါတယ်။

သူ…အရက်သောက်နေရင်း ပျော်နေပုံက ထမင်း ခုနစ်ရက်လောက် မစားရတဲ့သူ အဝစားအလှုနဲ့ တွေ့တဲ့ပုံစံအတိုင်းပါပဲ။

"အစ်ကိုက ဒီရပ်ကွက်ထဲကပဲလား…ဘာလုပ်လဲ မသိဘူး"

http://www.linhtet.com



"အား…ကိုယ်မေ့သွားတယ်၊ ကိုယ့်ညီလေးကို ကိုယ့်နာမည်တောင် မိတ်မဆက်ပေးရသေးဘူး…ကိုယ့်နာမည်က ဖိုးကုလား၊ ကိုယ်က ကိုယ့်ဆရာအိမ်မှာ အလုပ်လုပ်တယ်…ဒီရပ်ကွက်ထဲမှာပဲပေါ့ကွာ…"

မင်းထွန်း သိလိုက်ပြီ။ ကိုဖိုးကုလားတစ်ယောက် နည်းနည်းလေး ထွေလာပြီဆိုတာ။ လျှာလေးအာလေး ဖြစ်လာပြီ။

"သောက်ပါဦး အစ်ကို…"

"ဟ…ညီလေး၊ မင်းကြတော့ မသောက်သေးပါလား၊ အစ်ကို့ကိုပဲ ဖိတိုက်နေသလားလို့…"

"မဟုတ်ပါဘူး အစ်ကိုရယ်…သောက်မှာပေါ့"

မင်းထွန်းက ထပ်ပြီး အရက်ငှဲ့ပေးလိုက်ပါတယ်။ ပြီးတော့…မင်းထွန်းက ဟန်ပြသောက်လိုက်ပြီး တံတွေးထွေးသလိုနဲ့ ပါးစပ်ထဲက အရက်ကို ထွေးထုတ်လိုက်ပါတယ်။ စိတ်ထဲကလည်း တော်တော်နံတဲ့ ဒီအရက်ကို သောက်နိုင်တာ အံ့ပါရဲ့လို့ စိတ်ထဲကတောင် ပြောနေမိပါတယ်။

"ညီလေးလည်း ကိုယ့်ရဲ့ဆရာ ဦးဖေသိန်းတင်လိုပဲ သဘောကောင်းတာပဲ…"

"ဗျာ…ဘယ်လို၊ ကျွန်တော် မရှင်းလို့"

မင်းထွန်း ဝမ်းသာသွားပါတယ်။ ကိုယ်ဆင်တဲ့ဂွင်ထဲ ဝင်လာပြီလို့။

"ကိုယ့်ဆရာ ဦးဖေသိန်းတင်ကို လူတွေက ဘုဂလန့် ပြောတယ်…လူ့ခွစာ၊ အပေါက်ဆိုးတယ်ဆိုပြီး ပြောကြတာ…ကိုယ့်ဆရာရဲ့ အတွင်းစိတ်ကို မသိလို့ကွ…သူ့အတွင်းစိတ်က ချို့တဲ့နွမ်းပါးတဲ့

http://www.linhtet.com



သူတွေကို သနားတတ်တာပဲ၊ ကိုယ့်ဆို အမြဲတမ်း အိမ်မှာ ဘာလိုလဲ မေးတယ်…ပေးတာကမ်းတာ သူ့မိန်းမ ဒေါ်မိမိခင်တောင် မသိဘူး"

"ဒါပေါ့ အစ်ကိုရာ…လူတွေ သနားတတ်တာ ကောင်းတာပေါ့။ လူဆိုတာ ရိုင်းပင်းရမှာပေါ့…ကဲ အစ်ကို ပုလင်းလက်ကျန်လေး ချလိုက်ဦး…ပြန်ရင် ပါဆယ်ပါ ဆွဲသွားလိုက်ဦး…"

"တစ်ပိုင်းလောက် ပါဆယ်ပေးပါဗျို့…"

မင်းထွန်းက လက်ကျန်အရက်ကို ထည့်ပေးလိုက်ရင်းမှ ဆိုင်ရှင်ကို လှမ်းပြောလိုက်ပါတယ်။

"ညီလေး…ကိုယ် များသွားမယ်ကွာ၊ တော်ကြာ မနက် ကိုယ့်ဆရာ ရပ်ကွက်ပတ်ပြီး လမ်းလျှောက်ပြန်လာလို့ မနက်ရှစ်နာရီ ထိုးလို့မှ သူ့အိမ်မရောက်ရင် အဆူခံနေရဦးမယ်…"

"ရပါတယ် အစ်ကိုရာ…မသောက်ချင်လည်း သိမ်းထားပေါ့၊ အရက်ဆိုတာ ပုပ်တာသိုးတာမျိုးမှ မရှိတာ"

"ဘယ်လောက်ကျလဲဟေ့…"

မင်းထွန်းက ပိုက်ဆံရှင်းဖို့ ခေါ်လိုက်ပါတယ်။

"ဖိုးကုလားတို့များ ဒီနေ့ ဝေသန္တရာနဲ့ တွေ့တာပဲ…ဒီကောင့် အကြိုက်ပေါ့လေ…"

ဆိုင်ရှင်က ဖိုးကုလားကိုကြည့်ရင်း ရယ်ကာမောကာနဲ့ ပြောရင်းမှ မင်းထွန်းပေးတဲ့ တစ်ထောင်တန်ကို ယူလိုက်ပါတယ်။

"ကဲ…အစ်ကို့အိမ် ကျွန်တော် လိုက်ပို့ပေးရဦးမလား"

"နေ နေ ညီလေး…ရတယ်"

"ဒါဆို မနက်ဖြန်မှ တွေ့မယ် အစ်ကို…"

"အိုလေး ညီလေး…ဂွတ်ည ဂွတ်ည…"

http://www.linhtet.com



မင်းထွန်း အရက်ဆိုင်ထဲက ပြန်ထွက်လာချိန်ထိ ဖိုးကုလားက ထိုင်ရာမှ မထသေးဘဲ ဘေးဝိုင်းကလူတွေနဲ့ စကားပြော ကျန်ရစ်ပါ တယ်။

မင်းထွန်းကတော့ လက်ဖျောက်တစ်ချက်တီးရင်း သူငယ်ချင်း တွေရှိရာဆီကို သုတ်ခြေတင် ပြေးပါတော့တယ်။

မပြေးလို့က မရပါ။ နက်ဖြန်ခါ ပထမနေ့မှာ စတင်ရမဲ့ အစီစဉ် က ရှိသေးတာကိုး။

မိန်းတစ်ယောက်ရဲ့ အချစ်ကိုရဖို့ တော်တော်ပင်ပန်းလိုက် တာဗျာ။

⌘⌘⌘⌘

ပထမရက်မှာ

နည်းနည်းလေးပဲ

ကျွေးလိုက်တာပါ။

အဓိကပြောရရင်တော့

လူတစ်ယောက်ရဲ့

ပျော့ကွက်ဟာ ဘာလဲဆိုတာ

သိဖို့ပါပဲ။

http://www.linhtet.com

## (၄)

လမ်းထောင့်မှာ မင်းထွန်း၊ စက်ဘီးကို ခွထားတဲ့ ဟန်အေး၊ မြတ်ကိုနဲ့ အကြော်ပန်းကိုင်ထားတဲ့ ခုနစ်နှစ်အရွယ် ကလေးတစ်ယောက်တို့က လမ်းထိပ်ဘက်ကိုပဲ သတိထား အားရုံစိုက်ပြီး ကြည့်နေတာ … လမ်းပြပုလိပ်က ဝတီအပြည့်တင်လာတဲ့ ကုန်တင်ကားကို အလွတ်မပေးဘဲ ကြည့်နေသလိုမျိုးပါပဲ။

“ဦးလေး … မလာသေးဘူးလားဗျ၊ ဒီမှာ အကြော်တွေ ဆက်ရောင်းရဦးမှာ”

အကြော်ဗန်းကိုင်ထားတဲ့ ကလေးက မြတ်ကိုကို ကြည့်ပြီး ပြောလိုက်ပါတယ်။

“ဘာရောင်းစရာလိုလဲကွ … မင်းလေးကို နှစ်ထောင်ပေးမယ်လို့ ပြောထားတာ … မင်းအတွက် အမြတ်ကြီးပဲဟာ၊ ဟို ဦးဦးပြောတဲ့အတိုင်း ပိရိဖို့ပဲ လိုတယ် …”

http://www.linhtet.com



မြတ်ကိုက မင်းထွန်းကို လက်ညှိုးထိုးပြရင်းပြောလိုက်ပါတယ်။

"ပြီးရင် …သားကို မုန့်ဖိုးထပ်ပေးရမယ်နော်"

မင်းထွန်းက ကလေးငယ်ရဲ့ ဆံပင်တွေကို ပွတ်ရင်းမှ

"ပေးပါမယ် သားရယ် … သားက ပီပြင်ဖို့ပဲ လိုတယ်"

"ဟော့ကောင်တွေ ဟိုမှာ ဦးဖေသိန်းတင် လာနေပြီ … မင်းတို့ ဆင်ထားတဲ့အစီစဉ်တိုင်း စ,တော့ …"

မင်းထွန်းက လမ်းထိပ်ဘက်ကိုကြည့်ရင်းက လမ်းထောင့်ဆီမှာ ပြေးပုန်းလိုက်ပါတယ်။

တုတ်ကောက်တစ်ချောင်း၊ ကာကီရောင်ဘောင်းဘီတို၊ ဆွယ်တာလက်ရှည်ဝတ်ထားတဲ့ ဦးဖေသိန်းတင်ကတော့ တစ်လောကလုံး သူ့လုပ်စာ စားနေရတဲ့ပုံစံမျိုးနဲ့ လမ်းလျှောက်နေပါတယ်။

အကြော်ဗန်းကိုင်ထားတဲ့ ကောင်လေးက လမ်းထောင့်ကနေ ထွက်လာရင်း အော်ပါတယ်။

"အကြော်တွေရမယ် … ပူပူလေး ပူပူလေး"

အကြော်သည်ကောင်လေးက အကြော်ဗန်းရွက်ရင်း အော်ပြီး ရောင်းနေချိန်မှာပဲ မြတ်ကိုက စက်ဘီးကို လမ်းထောင့်ကနေ နင်းချလာပြီး ကောင်လေးကို ပွတ်ဆွဲလိုက်ပါတယ်။ ဇာတ်တိုက်ထားတဲ့အတိုင်း ကောင်လေးက အကြော်ဗန်းမှောက်ပြီး လဲကျသွားပါတယ်။

"အား … နေဦး နေဦး …"

မြတ်ကိုက စက်ဘီးကို တစ်ကြိုးတည်း သုတ်ခြေတင်နင်းပြေးတာ ဦးဖေသိန်းတင်တောင် မြတ်ကိုရဲ့ရုပ်ကို မှတ်မိမယ်မထင်။

"ကုန်ပြီ …အကြော်တွေ မှောက်ကုန်ပြီ … ကျွန်တော် အရင်းပြုတ်ပြီ၊ အဟီး ဟီး …"

ကောင်လေးက အကြော်တွေကောက်ပြီး ဗန်းထဲထည့်နေရင်း

http://www.linhtet.com



မှ ငိုပါတော့တယ်။ ဒီအချိန်မှာ မင်းထွန်းက လမ်းထောင့်အကွယ်က ထွက်လာပြီး ကောင်လေးနား သွားလိုက်ပါတယ်။

"ကလေး … ဘာဖြစ်သွားလဲ၊ စက်ဘီးက ပွတ်ဆွဲသွားတာပဲ၊ ဒီစက်ဘီးစီးတဲ့သူနဲ့ကွာ မျက်စိက မမြင်ဘူးလား မသိဘူး …"

"ကျွန်တော့်အကြော်တွေ မှောက်ကုန်ပြီ …အကြော်တွေ ရောင်းလို့မရတော့ဘူး … ဒါလေးနဲ့ မျက်စိမမြင်တဲ့အမေ့ကို လုပ်ကျွေးနေရတာ …"

ဒီလိုအချိန်မှာ ဦးဖေသိန်းတင်က မင်းထွန်းတို့အနားကို ရောက်လာပါတယ်။

"ကလေးရယ် … အကြော်တွေက အရေးမကြီးဘူး၊ ကလေး ဒဏ်ရာရသွားသေးလား၊ ဦးကို ပြစမ်းပါဦး …"

မင်းထွန်းက ကလေးငယ်ရဲ့ လက်တို့ ခြေထောက်တို့ကို ဟိုကြည့်ဒီကြည့် ကြည့်နေပါတယ်။

"ကဲ …ကလေးရဲ့အကြော်ဖိုးတွေ ဦးဦး ပေးမယ်"

မင်းထွန်းက အင်္ကျီအိတ်ထဲက ငွေနှစ်ထောင် ထုတ်ပေးလိုက်ပါတယ်။

"ဒီမှာ ငါ့တူ … ဒီကလေးကို သေသေချာချာ ကြည့်ပါဦးကွာ၊ ဦးလေး မြင်တယ်၊ စက်ဘီးစီးတဲ့ကောင်က သူ့အမေလင် နောက်မိန်းမယူလို့ အဲဒီမိန်းမက သူ့မယားဖြစ်လို့ လိုက်တားတာလား မသိဘူး၊ ရှေ့မကြည့်နောက်မကြည့်နဲ့ကွာ … ငါ တုတ်ကောက်နဲ့ လှမ်းကျွေးဦးမလို့၊ ဒီကောင် စက်ဘီးနင်းတာ မြန်သွားလို့ …"

မင်းထွန်း မသိမသာ သက်ပြင်းချလိုက်မိပါတယ်။ တော်သေးရဲ့လို့။ ဦးဖေသိန်းတင်ရဲ့ တုတ်ကောက်စာ ကံကောင်းလို့ မြတ်ကို ခံရတော့မလို့။

http://www.linhtet.com



"ဘာမှတော့ ဒဏ်ရာမတွေ့ပါဘူး ဦးရယ် …လူတွေက အဲဒါ ပဲဗျာ …လူလူချင်း ဂရုဏာတို့ မေတ္တာတို့ ဘာမှ မရှိတော့ဘူး … အရိုင်းအစိုင်းစိတ်တွေ ဝင်နေကြတယ် … ဒီကလေးလိုပဲ ကြည့်၊ မျက်မမြင် မိခင်ကို ကျောင်းနေရမဲ့အရွယ်မှာ ပညာမသင်ရဘဲ အကြော်ရောင်းကျွေးရတယ် … တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဒီကလေး တစ်ခုခု ဖြစ်သွားကြည့် … သူ့မိခင် မျက်မမြင်ကြီးကို ဘယ်သူလုပ်ကျွေးမလဲ"

မင်းထွန်းရဲ့စကားကို ဦးဖေသိန်းတင်က တော်တော်ကျေနပ်သွားတယ်ထင်ပါရဲ့။ ပြုံးလိုက်ပါတယ်။

မင်းထွန်းက ကလေးငယ်ကို လက်ဆွဲထူရင်း …

"ကဲ ကလေး … ဦး စောစောကပေးတဲ့ပိုက်ဆံနဲ့ ကလေးရဲ့ မေမေကို ဝယ်ကျွေး၊ အချိန်ရရင် အကြော် ထပ်ယူရောင်းပေါ့ကွာ … အဲ … စက်ဘီးတွေ ကားတွေတော့ ကြည့်ဦးနော် …"

"ဟုတ်ကဲ့ ဦးဦး …"

အကြော်ဗန်းကိုင်ထားတဲ့ကလေးငယ်က မျက်နှာငယ်ကလေးနဲ့ ဦးဖေသိန်းတင်နဲ့ မင်းထွန်းတို့နားက ထွက်သွားပါတယ်။

တော်တော်သရုပ်ဆောင်ကောင်းတဲ့ကလေးလို့။ မြတ်ကိုတို့ အရှာတော်လိုက်တာ။ တီဗွီက လွှင့်တဲ့ "ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ" ကဏ္ဍမှာ အဲဒီကလေး ဝင်ပြိုင်ရင် ဆုက ပြေးမလွတ်ပဲလို့။

"ငါ့တူ မင်းက ဘယ်မှာနေတာလဲ …"

"ကျွန်တော်က ဟိုဘက်ရပ်ကွက်ကို ပြောင်းလာတာ သိပ်မကြာသေးဘူး … ကျွန်တော့်နာမည် မင်းထွန်းပါ။ ဒီဘက်အခြမ်းမှာ လက်ဖက်ရည်ဆိုင်တွေ ကောင်းတယ်ဆိုလို့ လက်ဖက်ရည်သောက်ဖို့

http://www.linhtet.com



လာရင်းနဲ့ ဒီကလေးကို စက်ဘီးနဲ့တိုက်တာမြင်လို့ ကိုယ်ကလည်း သနားတတ်လို့ မနေတတ်တာနဲ့ ကူညီမိတာ ...''

ဦးဖေသိန်းတင်က မင်းထွန်းကို ကြည့်ရင်း ကျေနပ်တဲ့အကြည့်နဲ့ ...

''ဦးနာမည် ဖေသိန်းတင်ပါ ... မင်းကိုတော့ ဦး သဘောကျမိတယ်ကွာ ... ဘာဖြစ်လို့လဲဆို သနားတတ်လို့ပဲ၊ မင်း ပေးလိုက်တဲ့ ငွေနှစ်ထောင်က ဘာမှ မဟုတ်ပေမဲ့ အဲဒီကလေးရဲ့ မိသားစုအတွက် တစ်မနက်စာ ဖူလုံးသွားပြီကွာ ... သာဓု သာဓု သာဓု ငါ့တူရေ...ဒီတော့ ဦးလေး မင်းကို လက်ဖက်ရည်တိုက်မယ် ... မင်းရဲ့ စေတနာအတွက်ပေါ့''

''ဟာ ...မဟုတ်တာ ဦးရယ်၊ ကျွန်တော်က လူငယ်ပဲ ... ကျွန်တော် တိုက်မှာပေါ့''

''မရဘူး ...ဦးပဲ တိုက်မယ်၊ ကဲ လာ ...''

မင်းထွန်းက ဦးဖေသိန်းတင်နောက်ကနေ လမ်းထောင့်အကွယ်မှာ ပုန်းနေတဲ့ ဟန်အေးကို ဦးဖေသိန်းတင် မသိအောင် လက်မထောင်ပြလိုက်တယ်။

ပထမနေ့မှာ အားလုံးကွက်တိလို့။ ဦးဖေသိန်းတင်ရဲ့ သနားတတ်တဲ့ စိတ်ကို အမိဖမ်းနိုင်လိုက်လို့ပါပဲ။

မဝတီခင်ရေ ...မြင်ချင်စမ်းပါဘိ။ ခင်ဗျားရဲ့ ဖခမည်းတော်ကြီးနဲ့ ကျွန်တော် နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ပြီး လက်ဖက်ရည်သောက်တဲ့ မြင်ကွင်းကိုလေ။

ရန်သူရဲ့ နယ်စပ်ထဲကိုတော့ ခြေကုပ်ရယူနိုင်ပြီပေါ့ဗျာ။

http://www.linhtet.com



"ငါ့တူ …အဲဒီဆိုင်မှာ ဘယ်တော့မှ မသောက်နဲ့ …လက်ဖက်ရည်ခွက်တွေကလည်း မသန့်ဘူး။ ဦးက ခဏခဏ ခွက်တွေလဲဖို့ ပြောတယ် …ဆိုင်ရှင်က ဂရုမစိုက်ဘူး …စားသုံးသူကို မကြည့်ဘဲ ကိုယ့်အကျိုးအတွက်ချည်း ကြည့်တဲ့ဆိုင်မျိုး ဘာလုပ်ရမှာလဲ …"

ဦးဖေသိန်းတင်ရဲ့စကားကို နားထောင်နေတဲ့ မင်းထွန်း တော်တော်ဝမ်းသာသွားပါတယ်။ ဖြစ်ပုံက ကြည့်လေ။ ဦးဖေသိန်းတင် ပြောတဲ့ လက်ဖက်ရည်ဆိုင်က မနေ့တုန်းက သူတို့ သောက်ခဲ့ပြီး ဖိုးကုလားအကြောင်း သိခဲ့ရတာ။ အခု အဲဒီဆိုင်မှာ သွားသာ လက်ဖက်ရည်သောက်ဖြစ်ရင် စားပွဲထိုးကောင်လေးက မှတ်မိပြီး မနေ့ကအကြောင်းတွေ ပြောလို့က ပွဲက ပြီးပြီ။

"ဒါနဲ့ ငါ့တူ မင်းက ဘာလုပ်တာလဲ …"

လက်ဖက်ရည်ဆိုရောက်တော့ ဦးဖေသိန်းတင်က မေးလိုက်ပါတယ်။

"ကျွန်တော်က မြို့ထဲမှာ သူငယ်ချင်းတွေနဲ့စုပြီး ဓာတ်ပုံကူးတဲ့ဆိုင် ဖွင့်ထားတယ် …Digital ကော ဖလင်ကောပေါ့ …"

"ကောင်းတာပေါ့ကွာ … လူငယ်ဆိုတာ ဒီလိုပဲ လုပ်ရကိုင်ရမှာပေါ့ …"

ဦးဖေသိန်းတင်ဆိုတဲ့ လူကြီးက ဆိုးတော့ မဆိုးဘူးလို့။ အခုထက်ထိ သူ့မှာ သမီးရှိတဲ့အကြောင်း လုံးဝမပြောသေးဘူး။

http://www.linhtet.com



"ဗျို့ ဦးဖေသိန်းတင်ရေ …အတော်ပဲဗျာ …ခင်ဗျား အခုချိန် လောက်ဆို ဒီလက်ဖက်ရည်ဆိုင်မှာ ရှိမယ်ထင်လို့ လိုက်လာတာ … ဒီလိုဗျာ ရပ်ကွက်ထဲက ဓမ္မာရုံကထိန်အတွက် ဦးဖေသိန်းတင်တို့လို စားနိုင်သောက်နိုင်တဲ့လူတွေကို တစ်အိမ်ထောင် ငါးထောင်နှုန်း သတ် မှတ်ထားတယ် …ငွေရှိတော့ များများလှူ၊ များများကုသိုလ်ရတာ ပေါ့ဗျာ"

ဦးဖေသိန်းတင်နဲ့ သက်တူရွယ်တူလောက်ရှိမဲ့ ဦးလေးကြီးနှစ် ဦးက မင်းထွန်းတို့ရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာရင်း ဦးလေးကြီး တစ်ဦးက ပြောလိုက်ပါတယ်။

ဦးဖေသိန်းတင်က စောစောက စကားပြောတဲ့ ဦးလေးကြီးကို ကြည့်ရင်းက …

"ဟေ့လူတွေ ကုသိုလ်ရဖို့ နိဗ္ဗာန်ကို ခင်ဗျားတို့တွေက ခွဲတမ်း နဲ့ လွှတ်ပေးနေတဲ့ နိဗ္ဗာန်အကျိုးဆောင်တွေလား … လှူတာပဲဗျာ၊ သဒ္ဓါပေါက်မှ လှူမှာပေါ့ …ခင်ဗျားတို့က နှစ်စဉ် ကထိန်ဓမ္မာရုံအတွက် ခင်းတယ် … တစ်နှစ်မှ စာရင်းဇယားနဲ့ ထုတ်ပြန်တဲ့ဟာတွေ ဘာတွေ လည်း မရှိ၊ ဘယ်ဟာက ဘယ်လောက်၊ ဘယ်ဟာက ဘာ ဆိုပြီး ရပ်ကွက်က လူတွေကလည်း ဘာမှမသိနဲ့… ကျုပ်မလှူနိုင်ဘူး"

ဦးဖေသိန်းတင်က ဘုတော တောလိုက်တာကို လူကြီးနှစ်ဦး က မကျေမနပ် ဖြစ်သွားပါတယ်။

"မလှူချင်ရင်လည်း ပြီးရောဗျာ … ခင်ဗျား ပြိတ္တာဖြစ်မှာစိုးလို့"

"အဲဒါကို ခင်ဗျားတို့ မှန်ထဲမှာ ကျုပ်ကို ပြောမဲ့အစား ကိုယ့် ကိုယ်ကိုယ် ပြန်မော့ကြည့် …"

လက်ဖက်ရည်ဆိုင်ထဲကနေ ဓမ္မာရုံလူကြီးနှစ်ဦးက ဒေါသဖြစ် တဲ့ ပုံစံနဲ့ ထွက်သွားပါတယ်။

http://www.linhtet.com



"အားတော့နာပါရဲ့ကွာ …မတတ်နိုင်ဘူး၊ ပြောမှသိမဲ့ လူတွေ ပြောကို ပြောရမှာပေါ့ …"

ဦးဖေသိန်းတင်က လက်ဖက်ရည်ကို သောက်လိုက်ရင်းမှ မင်းထွန်းကို ပြောလိုက်ပါတယ်။

"မဖြစ်ဘူး …ဒီကအပြန် ဆိုင်းဘုတ်ရေးတဲ့လူဆီဝင်ပြီး နှစ်ပေ သုံးပေ ဆိုင်းဘုတ်တစ်ချပ်တော့ ချက်ချင်းရေးခိုင်းရမယ် …"

"ဘာဖြစ်လို့လဲ ဦးလေးရဲ့ …"

မင်းထွန်းက သိချင်လို့ ဦးဖေသိန်းတင်ကို မေးလိုက်ပါတယ်။

"သိချင်ရင် ဦးလေး ဘာရေးမလဲဆိုတာ ငါတို့ လက်ဖက်ရည် သောက်ပြီးရင် ဦးနဲ့ လိုက်ခဲ့ … မင်း သိရမယ်"

မင်းထွန်းကတော့ ဝတီခင်ရဲ့အဖေ ဘယ်လိုလူမျိုးလဲဆိုတာ အခု အဏာလေး ကြုံရတာနဲ့တင် သိလိုက်ပါပြီ။ ဘာပဲဖြစ်ဖြစ် ဒုတိယ နေ့အတွက် အကျိုးမယုတ်တန်ကောင်းပါဘူးလို့ဆိုပြီး လက်ဖက်ရည် သောက်ပြီးတော့ ဦးဖေသိန်းတင်နဲ့အတူ ဆိုင်းဘုတ်ရေးတဲ့ဆီ လိုက် လာခဲ့မိပါတယ်။

⌘⌘⌘⌘

ဦးဖေသိန်းတင်က ဆိုင်းဘုတ်သမားကို ရေးရမဲ့အကြောင်းအရာ တွေ ပြောပြတဲ့အခါ ဆိုင်းဘုတ်သမားက ပြုံးလေရဲ့။

ဆိုင်းဘုတ်ရေးတဲ့သူသာမက မင်းထွန်းလည်း ပြုံးမိပါရဲ့။ ပြီး တော့ သူသာ ဝတီခင်ကို လက်ထပ်ရမည်ဆိုလျှင် သူ တော်ရမည့် သူ့ယောက္ခထီးကြီးရဲ့ လူ့ကန့်လန့်အတွေတွေကို ရင်ဆိုင်ရမှာက အမှန် ပဲလို့။

http://www.linhtet.com



မင်းထွန်းက ရေးပြီးသွားတဲ့ ဆိုင်းဘုတ်ကို ထပ်ဖတ်ကြည့်လိုက်ပါရဲ့။

ဤအိမ်သည်
ငွေကုန်ကြေးကျများနေပါသဖြင့်
အလှူခံခြင်းကို
ရက်အကန့်အသတ်မရှိ ခေတ္တခဏ
ရပ်ဆိုင်းထားပါသည်။

⌘⌘⌘⌘

နေ့လည်ခင်းမို့လို့ နေကလည်းပူနေတယ်။ ဒီလိုနေပူနေတာကို မင်းထွန်းအဖို့ ပူတယ်လို့ကို မထင်။ သူ့ရင်ထဲမှာတော့ တော်တော်လေး ပျော်နေလို့ပါပဲ။

"ဒါဆို ဒုတယနေ့အတွက် ဘာဆက်လုပ်မလဲ"

မြတ်ကိုက မေးလိုက်တာကို မင်းထွန်းက လေတစ်ချက်ချွန်လိုက်ရင်း ...

"ဒီနေ့ည ကိုဖိုးကုလားနဲ့အရက်ဆိုင်မှာ ထပ်ဆုံမယ်လေ ..."

"နေဦး ...မင်းထွန်း ...ဖိုးကုလားနဲ့အရက်ဆိုင်မှာ ညတိုင်း မထိုင်နဲ့ တော်ကြာ ဦးဖေသိန်းတင်ရဲ့အကြောင်းတွေချည်း ညတိုင်း မသိမသာမေးတာကို ဟိုက မယုံသင်္ကာဖြစ်ပြီး ဦးဖေသိန်းတင်ကို သွားပြောရင် ခက်မယ် ..."

ဟန်အေးက သတိပေးစကားဆိုလိုက်ပါတယ်။

"ဒီမှာ မင်းထွန်း ...မင်းပြောပုံအရဆို ဦးဖေသိန်းတင်နဲ့ မင်းနဲ့က ပထမရက်မှာတင် အတော်ဟုတ်နေပြီပဲကွ"

“ဟန်အေး …အဲဒါ ငါ့ဂွင်ဆင်ကောင်းလို့ပါကွာ …ပြီးတော့ ငါ့ရဲ့ စက်ဘီးစီးကျွမ်းကျင်မှုကလည်းပါလို့ပေါ့ …”

မင်းထွန်းက မြတ်ကိုစကား နားထောင်နေရင်းမှ …

“အေး …ဦးဖေသိန်းတင်ရဲ့ တုတ်ကောက်ရိုက်ချက် မင်းကံကောင်းလို့ လွတ်သွားတာ …ဒီအဘိုးကြီးက တိုက်ဂါးဝုဒ်လောက်ကို သနားတယ်ပြောမှာ၊ တကယ်တမ်းတော်တာက အကြော်ရောင်းတဲ့ ကောင်လေးပဲဟေ့ …”

မင်းထွန်းစကားအဆုံး ဟန်အေးက ပြုံးလိုက်ရင်းမှ …

“တော်တာပေါ့ကွ … ဒီကလေးက မြန်မာဗီဒီယို အလွမ်းဇာတ်ကားတွေ နေ့တိုင်းကြည့်တာကိုးကွ …”

“ဒါနဲ့ …မင်းက ဝတီခင်ဆီသွားဦးမှာလား …”

“သွားမှာပေါ့မြတ်ကိုရ …ဒီနေ့ကိစ္စတော့ ပထမအဆင့်အောင်မြင်ကြောင်း ပြောရမှာပေါ့ …”

“နေဦးကွ …ဝတီခင်က သူ မင်းကို စာမေးပွဲစစ်ထားတဲ့အကြောင်း ဦးဖေသိန်းတင်ကိုပြောရင် ဘယ်လိုလုပ်မလဲ …”

“ဒီမှာ ဟန်အေး …ဝတီခင်ဟာ သူမေးခွန်းထုတ်ထားပြီး စမ်းသပ်တဲ့ကိစ္စအတွက် သူ့မေးခွန်းကိုတော့ နောက်ပြလိမ့်မယ် မထင်ဘူးဟေ့ …”

“ဒါဆိုလည်း ရေရေရာရာမရှိသေးတဲ့ ချစ်သူဆီသွားပေတော့ဟေ့ …”

မြတ်ကိုစကားအဆုံး မင်းထွန်း Digital Camera World ဆိုင်ကနေ FMI စင်တာကိုနေပူကြီးထဲ သုတ်ခြေတင်ရပါတော့လားခင်ဗျာ။

http://www.linhtet.com



"ကိုမင်းထွန်း ခဏနော်"

FMI စင်တာက ဝတီခင်တို့ အရောင်းဆိုင်ရှေ့ရောက်တော့ ကောင်မလေးနှစ်ယောက်ကို အဝတ်အစားတွေ ထုတ်ပြနေတဲ့ ဝတီခင်က မင်းထွန်းကိုမြင်ပြီး စောင့်ခိုင်းလိုက်ပါတယ်။

"ညီမရေ ...ဒီအထည်က မနေ့ကမှရောက်တာ ...ဒီက မင်းသမီးတွေတောင် ဒီဖက်ရှင်ပုံဆန်းကလေးကို မတွေ့ဖူးသေးဘူး၊ တွေ့လို့ကတော့ ညီမရတော့မှာ မဟုတ်ဘူး ...အံမယ် ...ဒါလေးက ညီမအသားအရေနဲ့ လိုက်မှလိုက် ..."

အင်္ကျီကို ရွေးနေတဲ့ကောင်မလေးခမျာ ...ဝတီခင့်စကားကို သဘောကျတယ်ထင်ပါရဲ့ မျက်နှာက ဒီအင်္ကျီက သူသာလျှင် ပထမဦးဆုံးဝယ်ဖူးတဲ့သူလို့ မှတ်ယူလိုက်ပုံရပါတယ်။

"ဒါဆို ညီမယူမယ် ...တကယ်လှတာနော် ..."

"အမယ်လေး ...မမက လိမ်စရာလား ..."

ကောင်မလေးခမျာ အိတ်ကပ်ထဲက ပိုက်ဆံတွေ ခုန်ထွက်လာပါတော့တယ်။

မင်းထွန်းက အဲ့ဒီမြင်ကွင်းကိုမြင်နေရင်း ...ဝတီခင်ရဲ့အခေါ်အပြောကို မချီးကျူးဘဲ မနေနိုင်။

"ကဲ ... ဘယ်လိုလဲ ...ကျွန်မရဲ့ဖေဖေကို ပထမဦးဆုံးရက်မှာ သိမ်းသွင်းနိုင်ရဲ့လား"

ဝတီခင်က စောစောတုန်းက အင်္ကျီဝယ်တဲ့ကောင်မလေးကို ထုတ်ပြထားတဲ့ နမူနာအင်္ကျီလေးကို ချိတ်မှာ ပြန်သိမ်းနေရင်းက မေးလိုက်တာပါ။

http://www.linhtet.com



"သိမ်းသွင်းတာမဟုတ်ပါဘူး မဝတီခင်ရယ် …ခင်မင်အောင် စည်းရုံးနိုင်လားလို့ပြောရမှာ …ဟာ … မဝတီခင်ရဲ့အဖေကတော့ တကယ့် လူ့ဝွစာကြီးနော် …"

"ဘာလဲ …ရှင်က တစ်ရက်တည်းနဲ့ လန့်သွားပြီဆိုပါတော့"

"လန့်တာမဟုတ်ပါဘူး …တစ်သက်လုံး ဆက်ဆံရမဲ့ ယောက္ခထီးအတွက် သူ့စရိုက်လေးကို လေ့လာရတာ အရှုံးမရှိပါဘူး …"

"အံမယ် …ဒါဆို …ရှင်က ကျွန်မကို အပိုင်တွက်ထားပြီပေါ့ ဟုတ်လား …"

"အချစ်မှာ တွက်ချက်မှုမပါဘဲ မဝတီခင်ကို ကျွန်တော် သန့်သန့်လေး မြတ်နိုးမိတာပါ…ဒီအတွက်ကြောင့်လည်း အခုလိုနှစ်ရှည်လများ ကျွန်တော်က မဝတီခင်ဆီက အဖြေရဖို့ စောင့်တာပေါ့ …"

မင်းထွန်းက ထိုစကားကိုပြောပြီး … ဝတီခင်ရဲ့ဆိုင်ထဲကနေ ထွက်သွားပါတယ်။

မင်းထွန်းရဲ့နောက်ကျောပြင်ကိုကြည့်ပြီး ကျေနပ်တဲ့အပြုံးမျိုးနဲ့ ပြုံးနေသူက ဝတီခင်ပါပဲ။

ဒါကို မင်းထွန်း မသိရေးချ မသိ။

⌘⌘⌘⌘

အချစ်ဆိုတာ တစ်ခါတစ်လေတော့လည်း မသိတာက ပိုပြီး ကိုယ်မြတ်နိုးတဲ့သူအတွက် ခံစားဖို့ ပိုကောင်းတာပေါ့။

⌘⌘⌘⌘

http://www.linhtet.com



ညနေ မှောင်စပျိုးချိန်မှာ မင်းထွန်းတစ်ယောက် ကိုဖိုးကုလား ရှိမဲ့ အရက်ဆိုင်ဘက်ကိုလာခဲ့တယ်။ အရက်ဆိုင်ကတော့ လူစည်ကား နေမြဲ။

"လာ ...ညီလေး ...ကိုယ်လည်း အခုမှ ချမလို့"

မင်းထွန်းအရက်ဖြူဆိုင်ထဲဝင်လာတာမြင်တော့ ဝမ်းသာအား ရနဲ့ ကိုဖိုးကုလားက လှမ်းခေါ်ပါတယ်။

"အစ်ကို ...ကျွန်တော် ဝီစကီရွှေပတ်တစ်ပုလင်း ဝယ်လာ တယ်။ ဒီအရက်ဖြူဆိုင်မှာ ကောင်းပါ့မလား ..."

မင်းထွန်းက စက္ကူနဲ့ပတ်ထားတဲ့ ဂရင်းရှိုင်ရယ် ရွှေပတ်ပုလင်း ကို ပြတဲ့အခါ ကိုဖိုးကုလားတစ်ယောက် ရွှေတုံး၊ ရွှေခဲကြီးကို မြင်လိုက် ရသည့်အလား သူ့မျက်နှာမှာ ပျော်သွားပါတယ်။

"အား! ...ဒါမျိုး သောက်ချင်နေတာကြာပြီ ...ဒီလိုလုပ်ကိုယ့် အိမ်သွားမယ် ...ကိုယ်က တစ်ယောက်တည်းနေတာ လူပျိုကြီးကွ... လာ ...လာ"

ကိုဖိုးကုလားက သောက်လက်စအရက်ခွက်ကိုထားခဲ့ပြီး မင်း ထွန်းကို ဆိုင်အပြင်ဘက် လက်ဆွဲခေါ်လာပါတယ်။

သေချာတာကတော့ လက်ဖက်ရည်ဆိုင်က စားပွဲထိုးကောင် လေးပြောသလို ပါလာတဲ့ ဝီစကီပုလင်းကို အမူးတိုက်လိုက်လို့ကတော့ ကိုဖိုးကုလားဆီကနေ ဦးဖေသိန်းတင်အကြောင်းတွေ ထွက်ကျလာ မှာက ပြောစရာပင်မလို ...။

http://www.linhtet.com



လူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကိုသိဖို့ ဝီစကီရွှေပတ်တစ်လုံး လောက်ရင်းရတာ တကယ့်ကို အရင်းအနှီးနည်းတဲ့အလုပ်ပဲလို့။

⌘⌘⌘⌘

ကိုဖိုးကုလားအိမ်က သစ်သားအိမ်အိုလေးတစ်လုံးပါပဲ။ မိမွေ ဖမွေရထားတော့ တစ်ယောက်တည်း အေးအေးလူလူနေလို့ရတာပေါ့။ အိမ်ထဲမှာလည်း ရှုပ်ပွနေတာပါပဲ။

"ကောင်းလိုက်တဲ့ ဝီစကီကွာ၊ ကိုယ့်ညီလေးက သိပ်မသောက်ဘဲ ကိုယ့်ချည်းဖိတိုက်နေတာကိုးကွ ..."

"မဟုတ်ပါဘူး အစ်ကိုရာ ...ကျွန်တော်က နည်းနည်းပဲရလို့ပါ ..."

"အေးကွာ ...ဘောလုံးစကားနဲ့ပြောရရင်တော့ ကိုယ်တို့က အတွေ့အကြုံရင့်တာပေါ့လေ ..."

မင်းထွန်းက ကိုဖိုးကုလား အရက်ခွက်ထဲ အရက်ထပ်ဖြည့်ပေး လိုက်ပါတယ် ...။ ကိုဖိုးကုလားက မင်းထွန်း ထည့်ပေးတဲ့အရက်ကို သောက်လိုက်ပြီးနောက် ...

"ပြောမယ့်သာပြောတာကွ ...ဘောလုံးဆိုလို့ ကိုယ့်ရဲ့အလုပ်ရှင် ဦးဖေသိန်းတင်ကတော့ လူ့ကန့်လန့်ပြောရမှာပဲ ... ဘာဖြစ်လို့ မန်ယူ၊ အာဆင်နယ်၊ ချဲလ်ဆီး ဒီလိုအသင်းတွေ သူက လိုးဝမကြိုက်တာ လည်းဆိုရင် လူမကြိုက်တဲ့ ဘော်တန်အသင်းကို ကြိုက်တာဟေ့၊ ဘောလုံးပွဲတော့ သူက ဝါသနာပါတယ် ...မနက်တိုင်း အားကစား ဂျာနယ်တော့ ဝယ်တယ် ..."

http://www.linhtet.com



ကိုဖိုးကုလားက ဝီစကီပုလင်းကိုယူပြီး ထပ်ငှဲ့လိုက်ပါတယ်။ တော်တော်သောက်နိုင်တဲ့ ကိုဖိုးကုလား။

"ညီလေး တကယ်တော့ကွာ …လူဟာ ပိုက်ဆံရှိတိုင်းလည်း မကောင်းဘူးကွ …ကိုယ်တို့လမ်းထိပ်က ဦးငွေရကိုကြည့် ပိုက်ဆံရှိတော့ နောက်မိန်းမသုံးယောက်ယူတယ်ကွာ၊ အဲဒါကလည်း ညီအစ်မသုံးယောက်စလုံးဟ …အံမယ် …ဒါက ပွဲစားနဲ့စပ်ပေးတာ …ဒါ လုပ်သင့်လား …ဘာထူးလဲကွာ …လူတွေက ကထိန်ကိုဗန်းပြပြီး ညဘက် ဘုံကထိန်ကိုစောင့်တယ်ဆိုပြီး အရင်ဝိုင်းဖွဲ့ကြတာ …အဲဒါ အပြစ်တွေကွ သိလား …"

မင်းထွန်း ကောင်းကောင်းသိလိုက်ပါပြီ။ စားပွဲထိုးလူငယ်လေး ပြောသလို ကိုဖိုးကုလားမူးလာရင် နေ့ခင်းကမြင်တာ ကြားတာတွေ ပြောတော့မယ်ဆိုတာ။ ဒုတိယနေ့အတွက် ဦးဖေသိန်းတင်ရဲ့အချက်အလက်ကို ရခဲ့ပြီမို့ ပွဲကို ဖြတ်ဖို့လုပ်လိုက်ပါတယ်။

"အစ်ကို …ကျွန်တော် …နည်းနည်းကောင်းသွားပြီ ပြန်တော့မယ် …"

"ဟာ!ညီလေးရာ … လာပါ အစ်ကိုပြောတာ နားထောင်ရင်း အစ်ကို့အိမ်မှာ အိပ်လို့ရတာပဲ …"

"နေ နေ အစ်ကို … အိမ်က စိတ်ပူမှာစိုးလို့ … သွားပြီ"

ဖြစ်ချင်ရာဖြစ်ဆိုပြီး မင်းထွန်းလည်း ကိုဖိုးကုလားအိမ်ကနေ သုတ်ခြေတင် ပြန်လာခဲ့တယ်။

ဒီအချိန်ထိ ကိုဖိုးကုလားက တစ်ယောက်တည်း ပြောနေတုန်းပါပဲ။

ကဗျာဆရာက
လရောင်ကို
နွားနို့အဖြစ်သောက်တယ်။
ဒုတိယနေ့မှာ
ကျွန်တော်က
နွားနို့ကို
လရောင်အဖြစ် ပြောင်းလိုက်တယ်။

(၅)

ဦးဖေသိန်းတင် ခြံဝကိုရောက်တော့ တစ်စုံတစ်ရာကို မြင်လိုက်ရလို့ ဖတ်ကြည့်လိုက်ပါတယ်။

**ဤအိမ်သည်**
**အကုသိုလ်တွေများနေပါ၍**
**ယမမင်းအမြန်လာပါ။**

မနေ့က သူချိတ်ထားတဲ့ဆိုင်းဘုတ်ဘေးမှာကပ်ပြီး ချိတ်ထားတဲ့ ဆိုင်းဘုတ်ကစာလုံးတော်က သူ့ဒေါသကို ဆွပေးလိုက်သလို ဖြစ်သွားတယ်။

"ဟေ့! ဘယ်ကောင်က လက်အငြိမ်မနေနိုင်၊ ခြေအငြိမ်မနေနိုင်နဲ့ လက်သရမ်းသွားတာလဲကွ"

ဦးဖေသိန်းတင်က ဆိုင်းဘုတ်ကို လက်နဲ့ဖြုတ်လိုက်ရင်းက ဒေါသတကြီးနဲ့အော်လိုက်လို့ ဒေါ်မိမိခင်ကော ဝတီခင်ပါ အိမ်ထဲကနေ ပြေးထွက်လာပါတယ်။

http://www.linhtet.com



"အဖေကြီး … စောစောစီးစီး ဘယ်လိုဖြစ်လို့ အော်ကြီးဟစ်ကျယ် ဖြစ်နေရတာလဲ"

"ဘာဖြစ်ရမှာလဲမိရဲ့ ဒီမှာကြည့်ပါဦး"

ဦးဖေသိန်းတင်က လက်မှာကိုင်ထားတဲ့ ဆိုင်းဘုတ်ကိုပြလိုက်ပါတယ်။

ဒေါ်မိမိခင်နဲ့ ဝတီခင်က ဆိုင်းဘုတ်ကိုဖတ်ပြီး ပြုံးလိုက်ပါတယ်။

"ဖေဖေကလည်း ဖေဖေရေးထားတဲ့ဆိုင်းဘုတ်ကိုကြည့်လေ၊ ဒါကို ရွဲ့တဲ့အနေနဲ့ ဖေဖေ့ကို ပြန်ရေးသွားတာ … ဟိုဆိုင်းဘုတ်ပါဖြုတ်လိုက်ပါ ဖေဖေရာ …"

"အို … သမီးကလည်း ဖေဖေရေးချင်လို့ ရေးတာမဟုတ်ဘူး၊ ဘယ့်နှယ့်ကွာ … လှူတာပဲ သမဝါယမဆိုင်မှာ ခွဲတမ်းချသလိုမျိုးကတော့ မဟုတ်လို့ပေါ့ …"

"အဖေကြီးရယ် … အဲ့ဒါက ကိုယ်လှူချင်မှဖြစ်တဲ့ကိစ္စပဲဟာ… အေးအေးဆေးဆေးဖြေရှင်းလို့ ရပါတယ် …"

ဦးဖေသိန်းတင်က လမ်းဘက်လှည့်ကြည့်ရင်းက …

"ဒီလိုရေးတာက လူငယ်တွေပဲဖြစ်မယ် … လူကြီးတွေက ဒီလို အတွေးမျိုးရှိမှာ မဟုတ်ဘူး …"

"တော်ပါ အဖေကြီးရယ် …ပေး…ဒီဆိုင်းဘုတ်ကို အခုသွား စရာရှိတာသာ သွား…ဖိုးကုလားလာမှ ရှေ့ကဆိုင်းဘုတ်ပါ ဖြုတ်ခိုင်းလိုက်မယ် …"

"ဒါဆိုလည်း ပြီးရောကွာ …"

ဦးဖေသိန်းတင်က ဒေါ်မိမိခင်လက်ထဲ ဆိုင်းဘုတ်ကို ပေးလိုက်ပြီး ခြံထဲကနေ ထွက်သွားပါတယ်။

http://www.linhtet.com



ဝတီခင်က ဒေါ်မိမိခင်လက်ထဲက ဆိုင်းဘုတ်ကိုယူလိုက်ပြီး ထပ်ကြည့်ရင်း ပြုံးလိုက်ပါတယ်။ ပြောမဲ့သာပြောတာ ဝတီခင် ပြုံးလိုက်တဲ့အပြုံးက တော်တော်လှတဲ့အပြုံးပါပဲ။

⌘⌘⌘⌘

မနေ့ကထိုင်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်ကနေ မင်းထွန်း လက်ဖက်ရည်သောက်ရင်း ဦးဖေသိန်းတင်ကို စောင့်နေမိတယ်။ ဒီဆိုင်မှာ ထိုင်နေကျဆိုတော့ ဒီနေ့လည်း လာမှာပဲလို့။

"ငါ့တူတောင် ရောက်နေပါလားကွ"

လက်ဖက်ရည်ကို မော့သောက်နေတုန်း ဦးဖေသိန်းတင်က မင်းထွန်းရဲ့ လွတ်နေတဲ့ခုံလေးမှာ ဝင်ထိုင်လိုက်ရင်းက နှုတ်ဆက်လိုက်ပါတယ်။

"ဩော် … ဦးပါလား …လာပါဦးဗျ …ဦးအတွက် လက်ဖက်ရည်လုပ်ပါဦး …"

မင်းထွန်း! စားပွဲထိုးကို လက်ဖက်ရည်လှမ်းမှာလိုက်တယ်။

"ခက်တော့ ခက်သားကွာ …ဦးက လက်ဖက်ရည်ဆို အိမ်မှာ မသောက်တတ်ဘူးကွ …ဆိုင်မှာသောက်ရမှ အရသာရှိတယ်လို့ ထင်တာ …လက်ဖက်ရည်ဆိုင်ထိုင်ခြင်းရဲ့အရသာကို လက်ဖက်ရည်ဆိုင်ထိုင်မှပဲ သိတာကွ …"

ဦးဖေသိန်းတင်ရဲ့စကားကနေ အချက်အလက်တစ်ခု ရသွားတဲ့အတွက် မင်းထွန်းက ပြုံးလိုက်ရင်းမှ …

"ဒါပေါ့ဦးရယ် … လက်ဖက်ရည်ဆိုင်ဆိုတာ ဂေါက်ကွင်းကို မသွားနိုင်သူတွေ …ပင်လယ်ကမ်းခြေတွေ၊ နိုက်ကလပ်တွေ၊ ဟိုတယ်

http://www.linhtet.com



တွေ မသွားနိုင်သူတွေအတွက်တော့ အပန်းဖြေစရာ ဥယျာဉ်တွေပါပဲ လေ၊ ဟော …ကိုယ့်အိမ်မှာ ဧည့်သည်လာလို့ နေရာကြောင့် မလွတ် လပ်ရင်တောင် ဟောဒီလက်ဖက်ရည်ဆိုင်က ဧည့်သည်ကို ဧည့်ခံစရာ ဧည့်ခန်းဆောင်တွေ ဖြစ်ပြန်ရော …"

မင်းထွန်းရဲ့စကားကို ဦးဖေသိန်းတင်က သဘောကျသွားလို့ လားမသိပါ။

"အေးကွာ … လက်ဖက်ရည်ဆိုင်ထိုင်ပြီး ကိုယ်ထိုင်တဲ့ လက် ဖက်ရည်ဆိုင်ထိုင်ခြင်းအနှစ်သာရကို ဘယ်သူမဆို တန်ဖိုးရှိရှိ အသုံးချဖို့ပဲ လိုတာကွဲ့ … သောက်ပြီး ထပြန်ပုံစံမျိုးနဲ့ လက်ဖက်ရည်လာသောက် ရင်တော့ အဲ့ဒီလူဟာ အများသုံးအိမ်သာပဲတက်ဖို့ကောင်းတယ် … ငါ့တူက မဆိုးဘူးကွ … ဦးနဲ့ စိတ်သဘောချင်းတူသားပဲ့ …"

ဦးဖေသိန်းတင်က စိတ်တူကိုယ်တူသမားတစ်ယောက်ကိုတွေ့ လို့လားမသိ မင်းထွန်းသောက်ဖို့ ရေနွေးတောင် ငှဲ့ပေးပါတယ်။

ဝတီခင်တစ်ယောက် ဒီလိုမြင်ကွင်းကိုမြင်လို့ကတော့ ပွဲသိမ်းပြီ လို့။

"အတော်ပဲ ကိုဖေသိန်းတင်ရေ … ဒီညတော့ ပွဲကောင်းပြီး… ခင်ဗျားအိမ်မှာ စလောင်းလာကြည့်ရမယ် …"

"ဟာ! ကိုသန်းမောင်တို့၊ ကိုထွန်းဝေတို့ပဲ … လာဗျာ"

မင်းထွန်းနဲ့ ဦးဖေသိန်းတင်တို့ရှိနေတဲ့နေရာကို ဦးဖေသိန်းတင် နဲ့ သက်တူရွယ်တူလောက်ရှိမဲ့ ဦးလေးကြီးနှစ်ယောက် ရောက်လာပါ တယ်။ ပြောပုံဆိုပုံအရ ရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်လောက်ပါရဲ့။

"ငါ့တူ … မင်းကော … ပရီးမီးယားလိဂ်ပွဲတွေ စိတ်ဝင်စား လား …"

ဦးဖေသိန်းတင်က မင်းထွန်းကို မေးလိုက်ပါတယ်။

http://www.linhtet.com



"ဦးလေးက ကျွန်တော်စိတ်ဝင်စားတဲ့အသင်းကိုကြားရင် ... ဦးလေးတို့နဲ့ ဆန့်ကျင်ဘက်ဖြစ်နေမယ်ထင်တယ် ..."

မင်းထွန်းက ကိုဖိုးကုလားဆီက ရထားတဲ့အချက်အလက်အရ စကားလမ်းကြောင်းကို ခင်းပေးလိုက်ပါတယ်။

"ဟ! လုပ်စမ်းပါဦးကွ ... မင်းက ဘယ်အသင်းကိုကြိုက်လို့လဲ"

"ကျွန်တော်က မန်ယူတို့ အာဆင်နယ်တို့ ချဲလ်ဆီးတို့အသင်းတွေကို မကြိုက်ဘူး ... ကျွန်တော်ကြိုက်တာက ဘော်လ်တန်အသင်းပဲ ... နည်းပြဆမ်အလာဒိုက်ရဲ့ ဘော်တန်အသင်းလေ ..."

"ငါ့တူက ဘော်လ်တန်အသင်းကိုကြိုက်တယ် ဟုတ်လား"

ဦးဖေသိန်းတင်က မင်းထွန်းရဲ့စကားကိုနားထောင်ရင်း ... ရည်းစားဟောင်းနဲ့တွေ့သလိုမျိုး အံ့အားတသင့်နဲ့ မေးလိုက်ပါတယ်။

"ဘော်လ်တန်အသင်းနည်းပြမှာ လေးစားစရာကောင်းတဲ့ အချက်အလက်တွေရှိတယ် ... သူ့အသင်းမှာက အသက်ကြီးတဲ့ ကစားသမားတွေ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သူတွေ ခြေကျတဲ့အခါကြတော့ သူတို့ကစားတဲ့ ကလပ်တွေက ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်ဘူး၊ ဒီအချိန်မှာ ဆမ်အလာဒိုက်စ်က အဲ့ဒီလူတွေကို စိတ်ပိုင်းဆိုင်ရာ မပျက်စီးအောင် သူ့ကလပ်အသင်းမှာ ခေါ်ကစားခိုင်းတယ်၊ စိတ်ပိုင်းဆိုင်ရာကို မြှင့်တင်ပေးတယ် ... အဲ့ဒီကစားသမားဟာ ပြန်လည် စိတ်ဓာတ်ဖွံ့ဖြိုးလာတယ် ... ဒါဟာ လူပီသတဲ့လုပ်ဆောင်ချက်ပဲလေ ... ဒါကြောင့် အဲ့ဒီအသင်းကို ကျွန်တော် ကြိုက်တာ"

မင်းထွန်းစကားအဆုံး ဦးဖေသိန်းတင်မျက်နှာက ဝင်းပသွားပြီး...

"မှန်တာပေါ့ ငါ့တူရဲ့ ... ဦးလေးကြိုက်တာကလည်း ဘော်လ်တန်အသင်းပဲ၊ ဘာဖြစ်လို့လဲဆို ငါ့တူ စောစောကပြောတဲ့အချက်

http://www.linhtet.com



အလက်တွေကြောင့်ပဲပေါ့ … မော်ရင်ဟိုတို့ ဖာဂူဆန်တို့ အာဆင်ဝင်းဂါးတို့က သိပ်အတွဲဆန်တဲ့လူတွေ ဒီလိုလူတွေက သေရင်အပယ်လားမှာကွ …"

ဦးဖေသိန်းတင်ရဲ့စကားအဆုံး ဦးသန်းမောင်က …

"ကိုဖေသိန်းတင်ရာ … ခင်ဗျားကလည်း … ကိုယ်ကြိုက်ရာကို အကောင်းပြောပြီး ကျန်တာကို ပစ်ပစ်နှစ်နှစ်မပြောပါနဲ့ဗျာ … သူတို့လည်း သူတို့နည်းပြဘဝမှာ ဆုတံဆိပ်တွေ ယူပေးတာပဲဗျ …"

"ကိုသန်းမောင်ပြောတာ ဟုတ်တယ် ကိုဖေသိန်းတင် … ကဲ ခင်းဗျားရဲ့ ဘော်လ်တန်အသင်းက ဘာဆုတံဆိပ်ရလဲ … ဟော … ဘောလုံးသမား အပြောင်းအရွှေ့ကိစ္စတွေမှာ မသမာမှုတွေသုံးလို့ ဆမ်အလာဒိုက်စ်ကို ပြဿနာရှာနေပြီ မဟုတ်လား …"

"ဒီမှာကိုထွန်းဝေ … သူတို့ဆီက … တချို့လူတွေက ဒီလိုပဲ ပြဿနာကို မီးထွန်းရှာတတ်ပါတယ်ဗျာ … အမှန်တရားဆိုတာ အိပ်နေတာမဟုတ်ဘူး … တစ်နေ့ပေါ်မှာပဲ … ခင်ဗျားတို့ သိပ်ကြိုက်နေတဲ့ မန်ယူတို့ ချဲလ်ဆီးတို့ အာဆင်နယ်တို့က ပိုက်ဆံရှိတိုင်း ထင်တိုင်းလျှောက်ကြဲနေတာ …"

ပြဿနာကတော့ မကြာခင်မှာ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်းမှာ စကားတိုက်ပွဲတွေ ပြင်းထန်လာနိုင်ပါတယ်။

"ဦးလေးပြောတာမှန်တယ် … ဘော်လ်တန်ဂိုးသမား ဂျပ်စကယ်လိုင်နင်ဆို ဘယ်လောက်တော်လဲ … ပီတာချက်တို့ လေးမန်းတို့နဲ့ မနိမ့်ဘူး၊ ဘော်လ်တန်အသင်းမှာမို့လို့ မထင်မရှားဖြစ်နေတာ၊ သူ့စိတ်ထားက ဘယ်လောက်ကောင်းလဲ … အခြားအသင်းကြီးတွေက ငွေအမြောက်အမြားပေးခေါ်တာတောင် အသင်းမပြောင်းတာလေ"

http://www.linhtet.com



"မှန်တာပေါ့ ငါ့တူရယ် ..."

မင်းထွန်းစကားကို ဦးဖေသိန်းတင်က ထောက်ခံပြောလိုက်တာကို ဦးသန်းမောင်က ...

"နေစမ်းပါဦးဗျာ ... ခင်ဗျားတို့နှစ်ယောက်က အတိုင်အဖောက်ညီနေကြတာ ... ဘာလဲ ... ဒါ ... ခင်ဗျားသမီးရဲ့ရည်းစား ခင်ဗျားရဲ့သမက်မို့လို့လား ..."

ရှာတော့ပတ်ပြီလို့၊ ဦးသန်းမောင်ပြောတဲ့စကားက ဦးဖေသိန်းတင်ကို တန်းထိပြီလို့။

"ကိုသန်းမောင် ... ခင်ဗျား ဘာစကားပြောတာလဲ ... လူကြီးပီပီ လူကြီးစကားပြောစမ်းပါ ... ဒါ ... မနေ့ကမှ ခင်တဲ့လူငယ်လေးဗျ ... ကလေးတစ်ယောက် စက်ဘီးနဲ့တိုက်သွားတာကို ဒီသူငယ်က ဝင်ကူညီရင်း ခင်သွားတာ ... ခင်ဗျားတို့စကားက ဒီသူငယ်လေးကို အားနာပါဗျာ ..."

ဦးဖေသိန်းတင်က မင်းထွန်းကို တကယ့်အားနာတဲ့ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

မင်းထွန်းကတော့ စိတ်ထဲကနေ 'သမက်'ကလေးဆိုတဲ့စကားကို ဦးသန်းမောင်တစ်ယောက် အကြိမ်တစ်ရာလောက်ပြောရင် သိပ်ကောင်းမှာပဲလို့။

"ကဲ ... ကိုဖေသိန်းတင် ... သိပ်တော့ ခင်ဗျားနဲ့ မငြင်းချင်တော့ဘူး ... တော်ကြာ အခင်အမင်တွေ ပျက်ကုန်မယ် ... ဒီတော့ နက်ဖြန် ဘုန်းကြီးကျောင်းမှာ ကထိန်ခင်းမယ် ... ခင်ဗျားက နာယကထဲမှာပါတော့ နက်ဖြန် ကထိန်ရေစက်ချ ကျောင်းကိုလာဖြစ်အောင်လာတော့ သွားပြီဗျို့ ..."

http://www.linhtet.com



ဦးသန်းမောင်က ဦးဖေသိန်းတင်ကို နှုတ်ဆက်စကားဆိုရင်း ဦးထွန်းဝေနဲ့အတူတူ ဆိုင်ထဲကနေ ထွက်သွားပါတယ်။

"ဒီလူတွေ အဲ့ဒါပဲကွ … ဘာမှန်းမသိ သူများမန်ယူဆို ကိုယ်မန်ယူ၊ သူများ ချဲလ်ဆီးဆို ကိုယ်ချဲလ်ဆီးနဲ့ သူများ မစင်စားလိုက်စားမဲ့သူတွေကွာ … သြော် … ဒါနဲ့ ငါ့တူ မင်းနက်ဖြန်အားရင် ဝိသောဓာရုံဘုန်းကြီးကျောင်းကို လာခဲ့ကွာ … ကထိန်ခင်းမှာဆိုတော့ ကူသိုလ်ရတာပေါ့ …"

"လာမှာပေါ့ဦးလေးရာ … အခု ကျွန်တော် အလုပ်သွားလိုက်ဦးမယ် …"

"သြော် … အေး … အေး … ဦးလည်း ပြန်မှာပဲကွ"

လက်ဖက်ရည်ဖိုးကျသင့်ငွေကို မင်းထွန်းက ရှင်းပေးမယ့် ဦးဖေသိန်းတင်က အတင်းရှင်းလိုက်ပါတယ်။

⌘⌘⌘⌘

မနေ့ညက အိမ်ရောက်တော့ အားကစားဂျာနယ်အဟောင်းတွေ မြတ်ကိုရဲ့အိမ်ကသွားယူပြီး ဘော်လ်တန်အကြောင်း ဆောင်းပါးတွေဖတ်ရတဲ့အကျိုးကြောင့် နက်ဖြန်ဆို ဦးဖေသိန်းတင်နဲ့ ဘုန်းကြီးကျောင်း အတူတူသွားရတဲ့ကိန်း ဆိုက်ပြီလို့။

ဒါတွေကို ဝတီခင်မှ သိပါလေ။

⌘⌘⌘⌘

http://www.linhtet.com



မင်းထွန်းတစ်ယောက် FMI က ဝတီခင်တို့ဆိုင်ကို ရောက်တော့ ဝတီခင်က ပိုက်ဆံတွေ ရေနေပါတယ်။ မျက်နှာကလည်း ပြုံးလို့ ပျော်လို့။ မင်းထွန်းက နည်းနည်းတော့စမှလို့ …

"ဘယ်လိုလဲ ဒေါ်ဝတီခင် … ဒီနေ့ ဈေးရောင်းကောင်းမယ်ထင်ရဲ့ … မျက်နှာက ပြုံးရွှင်နေပါလား …"

"မှန်တာပေါ့ ဦးမင်းထွန်းရယ် … ဒီနေ့မနက် … တစ်သိန်းဖိုးလောက် ရောင်းရတယ်လေ … လက်ဖက်ရည်တိုက်ရမှာပေါ့"

"ဒါဆို … ဒီ FMI မှာတော့ မသောက်ချင်ဘူး … ဗိုလ်ဆွန်ပတ်လမ်းက ဂျူပီတာမှာ သွားသောက်မယ် …"

တကယ်ပါ။ မင်းထွန်းအဖို့ ဒီနေ့ကံကောင်းပုံများ ဝတီခင်က မင်းထွန်းခေါ်တဲ့ လက်ဖက်ရည်ဆိုင်လိုက်သောက်တာ တစ်ခါဖူးမှ ဒါမျိုး FMI စားသောက်ဆိုင်ကလွဲပြီး မလိုက်ဘူးလို့ပါ။

"ရှင့်ကြည့်ရတာ ဒီနေ့ မနေ့ကထက်ကို ဖေဖေနဲ့ ပို အဆင်ပြေလာပြီထင်တယ် …"

ဂျူပီတာလက်ဖက်ရည်ဆိုင်ရောက်ရောက်ချင်း ဝတီခင်က မင်းထွန်းကို မေးလိုက်ပါတယ်။

"အဆင်ပြေရမှာပေါ့ဗျာ … ကျွန်တော့်ဘက်က စေတနာမှန်တာကိုး …"

"နှစ်ရက်ထဲရှိသေးတာပဲ … နောက်ရက်တွေ ရှင်ဘယ်လိုစည်းရုံးဦးမလဲဆိုတာ ဖေဖေက လက်ခံဦးမှနော် …"

http://www.linhtet.com



“ပွဲက မပြီးသေးပါဘူး မဝတီခင်ရယ် … နက်ဖြန်ကျရင် ဦးဖေသိန်းတင်နဲ့ ကျွန်တော်နဲ့ ဘုန်းကြီးကျောင်းက ကထိန်အလှူပွဲကို အတူတူသွားရဦးမှာ …”

“ဒါဖြင့်ရင်တော့ ဟန်ကျပြီ … ကျွန်မက ရှင့်ကို ကြွပ်ကြွပ်အိတ်ပေးလိုက်မယ် … အိမ်က လူမမာသည်က ငါးသလောက်ပေါင်းနဲ့ ငါးပိ ကြော်စားချင်လို့ပါဆိုပြီး လိုက်ပွဲလေးယူလာခဲ့ဖို့လေ …”

“ဟား! ဟား! ဒါဆိုရင်တော့ ကျွန်တော်က တစ်ခါတည်း အဲ့ဒီမှာပြောလိုက်မှာပေါ့ … အဲဒါ ဦးဖေသိန်းတင်သမီးက တောင်းတာပါလို့ …”

မင်းထွန်းက ရယ်ပြီးပြောတာကို ဝတီခင်က သဘောကျလို့ ထင်ပါရဲ့ လက်ဖက်ရည်တောင်မသောက်ဘဲ ပြုံးပြီး မင်းထွန်းကိုကြည့်နေပါတယ်။

⌘⌘⌘⌘

အချစ်ဆိုတာ အဲဒါကိုက ချစ်ဖို့ဖြစ်လာတာ။ ကာယကံရှင်တွေ မသိဘဲ ဘယ်နေပါ့မလဲ။

⌘⌘⌘⌘

ကျွန်တော့်မှာ
ကျွန်းတစ်ကျွန်းရှိတယ်။
ပင်လယ်ထဲက အဲ့ဒီကျွန်းကို
ကျွန်တော်နဲ့ချစ်သူ
လှေကလေးနဲ့ အရောက်သွားမှာ။
တတိယမြောက်နေ့မှာ
ကျွန်တော်စဉ်းစားမိတာပါ။
အဲ့ဒီကျွန်းနဲ့ပင်လယ်
ဘယ်အရပ်မှာလဲဆိုရင်
ကျွန်တော့်အသက်ရှူသံအောက်မှာပါ။

http://www.linhtet.com

(၆)

“ဝိသောဓာရုံ” ဘုန်းကြီးကျောင်းတိုက်ထဲမှာက စည်ကားလို့ နေပါတယ်။ လမ်းသူလမ်းသားတွေရဲ့ စုပေါင်းဘုံကထိန်ခင်းတာမို့ အိုးစည် ဒိုးပတ်သံတွေကော ကျွေးတဲ့မွေးတဲ့နေရာတွေမှာကော ပရိသတ်ကအပြည့်ပါပဲ။

မင်းထွန်းတစ်ယောက် ဘုန်းကြီးကျောင်းဝင်းထဲ ဟိုဟိုဒီဒီ ကြည့်ရင်းနဲ့ ဦးဖေသိန်းတင်ကို ရှာနေမိပါတယ်။ တစ်ဆက်တည်းဆို သလို ဒီလူကြီး ဘာတွေ ဘယ်သူနဲ့များ ဘုတောတောနေဦးမလဲလို့ မှန်တဲ့အတိုင်း ဖွင့်ပြောလို့က ပြဿနာတွေ ဘုန်းကြီးကျောင်းထဲမှာ လျှောက်ဖြစ်နေရင် ဒုက္ခလို့။

မကြာခင်မှာ ကိုယ့်ရဲ့ယောက္ခမဖြစ်လာမယ့်သူကို အမျိုးတော် ရမယ့် မင်းထွန်း စိုးရိမ်တာ အပြစ်တော့မဟုတ်ပါ။

“ဟော့ … ဘုံကထိန်ကို ဆရာတော့ကျောင်းပေါ် သေသေ

http://www.linhtet.com



ချာချာပို့ဟေ့ … ကထိန်သီးထားတဲ့ပစ္စည်းတွေ ငွေတွေကိုလည်း သေသေချာချာဖြုတ်နော် … ဖြုတ်နေရင်း လောဘစိတ်မထားနဲ့ အပြစ်ရတယ် …"

လူငယ်လေးတွေကို အသံကျယ်ကျယ်နဲ့ ပြောဆိုညွှန်ကြားသံကြားလို့ ကြည့်မိတော့ ဦးဖေသိန်းတင်ဖြစ်လို့နေပါတယ်။ ဦးဖေသိန်းတင်ကလည်း မင်းထွန်းကို မြင်သွားပါတယ်။

"ငါ့တူပါလားဟေ့…လာ…လာ…အရင်ဆုံး အလှူမြောက်သွားအောင် စားလိုက်ဦးကွာ"

ဦးဖေသိန်းတင်က မင်းထွန်းကို အတင်းလက်ဆွဲခေါ်ပြီး ထမင်းကျွေးမွေးနေတဲ့နေရာ ခေါ်လာပါတယ်။ လွတ်တဲ့ထမင်းစားပွဲဝိုင်းမှာ မင်းထွန်းက ဝင်ထိုင်လိုက်တယ်။

"ကဲ…ငါ့တူ…အားမနာနဲ့စား…ဦးက နည်းနည်းပါးပါး လိုက်စီမံခန့်ခွဲပေးဖို့ လုပ်လိုက်ဦးမယ်…"

"ဟုတ်ကဲ့…"

မင်းထွန်းက ခေါင်းညိတ်ပြရင်းက ဦးဖေသိန်းတင်တစ်ယောက်ဘာတွေ လိုက်စီမံခန့်ခွဲပေးလေမလဲလို့ အခု သူမြင်ရသလောက်က ဘုန်းကြီးကျောင်းထဲမှာ ကထိန်ခင်းတာ ကျွေးတာမွေးတာအားလုံး သူ့ဟာနဲ့သူ ကွက်တိပဲလို့။ တော်ကြာ ဦးဖေသိန်းတင်ရဲ့ ဝသီအတိုင်းဆို ဘုဂလန့်တွေပြောမှဖြင့် ပြဿနာတွေဖြစ်ရင် ဒုက္ခလို့။

မဆီမဆိုင် ငါးသလောက်ပေါင်းဟင်းခွက်ကို ဇွန်းနဲ့လှမ်းခပ်ရင်း မနေ့က ဝတီခင်နဲ့စကားပြောဖြစ်ခဲ့တာကို သတိရပြီး ပြုံးတောင် ပြုံးမိလိုက်ပါသေးတယ်။

အလှူကိုလာတဲ့ ဧည့်ပရိတ်သတ်တွေရဲ့ အားပေးချက်ကလည်း အလှူအတော်မြောက်ပါရဲ့။ မင်းထွန်းရဲ့ ရှေ့မှာစားနေတဲ့ ဧည့်သည်နှစ်

http://www.linhtet.com



ယောက် အားပေးချက်က ထမင်းလိုက်ပွဲဇလုံးကော ငါးသလောက် ပေါင်းတောင် သုံးပန်ကောက် ချပေးနေရတာကို တွေ့ရပါတယ်။

မင်းထွန်းခမျာ စားသာစားနေရပေမယ့် ကျောမလုံသလိုမျိုးကြည့် နေရပါတယ်။ ဦးဖေသိန်းတင်တို့ လမ်းကထိန်အလျှုဆိုတော့ ကိုဖိုး ကုလားများ လာလို့မြင်သွားရင် ပွဲကပြီးပြီလို့။

ထမင်းစားပြီးလို့ ထမင်းစားဆောင်နေရာကနေ ကျောင်းဝင်း ထဲက ညောင်ပင်ရဲ့ အောက်မှာရှိတဲ့ ခုံတန်းမှာ မင်းထွန်းထိုင်လို့လာတဲ့ အခါ ဦးဖေသိန်းတင်နဲ့အတူ ဦးသန်းမောင်ကော ဦးထွန်းဝေကော ဒ့ါ အပြင် လူငယ်သုံးလေးယောက်လောက်ပါ တွေ့ရပါတယ်။ ဦးဖေသိန်း တင်ရဲ့ မျက်နှာမှာ တစ်ခုခုကို အလိုမကျတဲ့ပုံမျိုး ဖြစ်နေပါတယ်။

"မင်းတို့တွေက ဒီလိုဖြစ်တာ မပြောဘူးလားကွ"

ဦးဖေသိန်းတင်က လူငယ်တစ်ဦးကို မေးလိုက်ပါတယ်။

"ကျွန်တော်တို့လည်း အလုပ်ရှုပ်နေတော့ ခင်မောင် ဒီလိုလုပ် တာ မသိလိုက်ဘူး..."

"အလှူမှာ ဒီလိုလုပ်တာတော့ မကောင်းဘူးပေါ့ကွာ...ငါး သလောက်ပေါင်းတွေကို ကိုယ့်အိမ်ကို ချိုင့်နဲ့သယ်သွားတာမျိုးက လူ မြင်လို့လည်း မကောင်းဘူး...ကိုယ့်ပစ္စည်းမှမဟုတ်တာ...စုပေါင်း အလှူပဲဟာ...အခုဟာတောင် ကျုပ်က ဟင်းတွေဘာတွေထည့်တဲ့ နေရာမှာ သေသေချာချာလိုက်ကြည့်လို့တွေ့တာ...အိမ်ကို ဒီကောင် ဘယ်လောက်တောင်သယ်ထုတ်ပြီးပြီလဲမသိဘူး...သူ့အမေလင် ဆွေ ခုနစ်ဆက်မျိုးခုနစ်ဆက်ကို ပေးဖို့လားမှ မသိတာ..."

မင်းထွန်း သဘောပေါက်လိုက်ပါပြီ။ ဦးဖေသိန်းတင် ဒီလောက် ပေါက်ကွဲနေတာ ငါးသလောက်ပေါင်း အိမ်သယ်တဲ့ကိစ္စ ဖြစ်နေတာမို့ လို့ကိုး။

http://www.linhtet.com



"ဒီမှာ ကိုဖေသန်းမောင်…ခင်ဗျားတို့ကလည်း သေသေချာချာ ကြည့်သင့်တယ်…စုပေါင်းအလှူဆိုတာ ကုသိုလ်ကနေ အကုသိုလ် ဖြစ်တာများတဲ့ဟာကို…ခင်ဗျားတို့ အသေးစိတ်ထည့်တွက်ရမယ်… ဖာသိဖာသာနေလို့ မရဘူးဗျ…"

"ကိုဖေသိန်းတင်ရာ ပြီးတာတွေလည်း ပြီးပြီပဲဗျာ…ခင်ဗျား ဟာက ဘုန်းကြီးကျောင်းထဲမှာ တော်ကြာ အလှူလာတဲ့လူတွေက တစ်မျိုးမြင်ကုန်ပါဦးမယ်"

မင်းထွန်းတစ်ယောက် ဦးဖေသိန်းတင်ကို ဝင်တားမှ ဖြစ်တော့ မယ်လို့ ဒီလိုမှမတားရင် ဘုန်းကြီးကျောင်းဝင်းထဲမှာ အော်ကြီးဟစ် ကျယ်နဲ့ ဖြစ်ကုန်ရင်ခက်ရချည်ရဲ့လို့။

"ဟုတ်ပါတယ် ဦးရယ်…အများနဲ့ လုပ်တဲ့ကိစ္စမှာ ဒါမျိုးက ဖြစ်လေ့ဖြစ်ထရှိတယ်…ကျွန်တော်လည်း ဒါမျိုး ခဏခဏ ကြုံရတာ ပဲ…စုပေါင်းရှင်ပြုပွဲတွေလုပ်ကြကိုင်ကြနဲ့ ညနေမဏ္ဍပ်ဖျက်တဲ့အချိန် ရောက်မှ ဘယ်သူက ဘယ်သူ့အမျိုးကို ဟင်းခိုးပေးလိုက်တာ၊ အချိုပွဲ တွေ ဝှက်ထားတာတွေနဲ့ ပြဿနာတက်ကြတော့တာပဲ…ကျွန်တော် ဆရာလုပ်တာတော့ မဟုတ်ဘူး…ရှေ့နှစ် ဦးတို့ ဒီလိုစုပေါင်းကထိန် လုပ်တဲ့အခါကြရင် အခုလို ကျွေးတာမွေးတာတွေကို သူ့နေရာနဲ့သူ ကဏ္ဍတွေခွဲပြီး နေရာချပေးလိုက်ရင် ဒီပြဿနာတွေ ဖြစ်တော့မှာ မဟုတ်ဘူး…"

ဦးဖေသိန်းတင်အပါအဝင် အားလုံးက မင်းထွန်းစကားကို နား ထောင်ပြီးတဲ့အခါ ကျေနပ်တဲ့အမူအရာတွေ ဖြစ်ကုန်တာကို တွေ့ရပါ တယ်။

"အေးကွာ…ငါ့တူပြောမှပဲ ဦးတို့ရဲ့ လစ်ဟာချက်ကို တွေ့ရ

http://www.linhtet.com



တယ်…ကျေးဇူးပဲ…ကဲ…ကိုထွန်းဝေနဲ့ ကိုသန်းမောင် ရှေ့နှစ်မှာ ဒါမျိုးစီစဉ်ဗျာ…"

"စိတ်ချ…ဒါမျိုးက လုပ်သင့်တာပေါ့…"

ဦးထွန်းဝေစကားအဆုံး မင်းထွန်းကတော့ ဦးဖေသိန်းတင်နဲ့ သာ သူ့သမီး ဝတီခင်ကို ယခုလိုအတူတကွနေရမည်ဆိုလျှင်တော့ အိမ် ဖြစ်တာ အသေးအမွှားကိစ္စလေးတွေမှာလည်း ဒါမျိုးသာဆိုရင်တော့ ပွဲကပြီးပြီလို့။

"ငါ့တူ…ဒါပြီးရင် ဘယ်သွားဦးမလဲ…"

"ကျွန်တော်…မြို့ထဲက ဆိုင်ကိုသွားမလားလို့…"

"အေးပါကွာ … မင်းရဲ့ဆိုင်ကို ဦးလိုက်ပို့ပေးပါ့မယ် …"

" ဟာ … ရပါတယ် … နေပါစေ"

"ဘယ်ဟုတ်မလဲကွ … ဦးနဲ့မင်းက မိတ်ဆွေဖြစ်သွားပြီပဲဟာ"

မင်းထွန်းတွေးတာကတော့ ဦးဖေသိန်းတင်တစ်ယောက် သူ့ ဆိုင်လုပ်ငန်းကို မသိမသာ လေ့လာတာပဲဖြစ်မယ်လို့။ တော်သေးတာ က ဦးဖေသိန်းတင်တစ်ယောက် မြတ်ကို့,ကို မမှတ်မိတာပါပဲ။

ဟဲ … ဟဲ … ဆိုးတော့မဆိုးပါဘူး … သမက်ကို ယောက္ခမက ဆိုင်တိုင်ရာရောက် လိုက်ပို့တာ ရှားမှရှားလေ …"

⌘⌘⌘⌘

"မင်းထွန်း … မင်းအခြေအနေ အတော်ဟုတ်လာတာပဲကွ… သုံးရက်တောင် မရှိသေးဘူး ယောက္ခမကြီးက ကားတွေဘာတွေနဲ့လိုက်ပို့"

မင်းထွန်းရဲ့ဆိုင်ရှေ့ကို ဦးဖေသိန်းတင်ကားနဲ့ လိုက်ပို့တာကို

http://www.linhtet.com



မြင်လို့ ဟန်အေးက ဝမ်းသာအားရ အံ့အားတသင့်နဲ့ ပြောလိုက်တာပါ ပဲ။

"ဟော့ကောင် မင်းထွန်း … ဒီအဖြစ်မှန်တွေကို တစ်နေ့ ဦးဖေ သိန်းတင်သိသွားရင် မလွယ်ဘူးကွ … မသိဘူးလို့ ပြောလို့မရဘူး"

မြတ်ကိုက စိုးရိမ်စကားဆိုလို့။

"ငါလည်း ထည့်တွက်ထားပြီးသားပါ…ဒါပေမယ့် ငါသိတာက တော့ အဲ့ဒီအခါကြရင် ဦးဖေသိန်းတင်က ငါ့ကို ဒေါသထွက်မှာမဟုတ် ဘူး … သူ့သမီးရဲ့ ခင်ပွန်းဖြစ်လာမယ့်ငါဟာ သိပ်တော်လှချည်လားလို့ ချီးမွမ်းမှာ အမှန်ပဲဟေ့ …"

မင်းထွန်းက ရယ်ရယ်မောမောနဲ့ပြောလိုက်တာကို ဟန်အေးနဲ့ မြတ်ကိုက နှာခေါင်းရှုံ့လိုက်ပါတယ်။

"မင်းထွန်းရာ မင်းက ဝတီခင်ကို အပိုင်တွက်နေတာကိုး … ဟိုက မင်းကိုမကြိုက်လို့ ဒီအထိအချိန်ဆွဲပြီးတော့ မဖြစ်နိုင်တဲ့ကိစ္စလို့ ပြောရမဲ့ သူ့အဖေဘုဂလန့်ကြီးကို ဆယ်ရက်အတွင်း ရင်းနှီးအောင်လုပ် ခိုင်း … အဲ့ဒါတွေဟာ … မင်းကို စိတ်ပျက်အောင် လုပ်ခိုင်းတာလား မသိပါဘူးကွာ …"

မြတ်ကိုရဲ့စကားကိုနားထောင်နေတဲ့မင်းထွန်းက ပြုံးလိုက် ရင်း…

"မိန်းမသားတစ်ဦးဟာ ယောကျ်ားသားတစ်ဦးကို အနည်းနဲ့ အများ စိတ်မဝင်စားဘူးဆိုရင် ငါနဲ့နှစ်ယောက်တည်း လက်ဖက်ရည် ဆိုင် ထိုင်တာတို့ စားသောက်ဆိုင်ထိုင်တာတို့ လုပ်ပါ့မလား … မဝတီ ခင်က ဒီလိုလုပ်တာ သူ့အဖေနဲ့ရင်းနှီးစေချင်လို့ ထင်ပါတယ်ကွာ … လျှောက်ပြောမနေပါနဲ့ …"

"မြတ်ကိုရာ အဲ့ဒီကောင်ငတုံး … ဟိုက သူနဲ့လက်ဖက်ရည်ဆိုင်

http://www.linhtet.com



ထိုင်တာ ပိုက်ဆံမှမကုန်တာ … ဒီတော့ နေ့တိုင်း FMI ဆိုင်ကိုသွား ခေါ် နေ့တိုင်းမုန့်ဖိုးသက်သာလို့သောက်မှာ … ကျေးဇူးတောင်အခါခါ တင်နေဦးမယ် …"

ဟန်အေးက မြတ်ကိုကိုကြည့်ပြီး ရယ်ရင်းကပြောလိုက်ပါ တယ်။

"မင်းတို့ဘာသာ ထင်ချင်သလိုထင် … ဒီနေ့တော့ ငါ့ရဲ့ဘော် ဘော် ကိုဖိုးကုလားဆီ သွားရဦးမယ်ဟေ့ … ဒီမှာ မင်းတို့မှတ်ထား စားပွဲနဲ့ကုလားထိုင်ဆိုတာ လက်ထပ်လို့မရဘူး…သူ့ဟာနဲ့သူ လူတွေ စီစဉ်ထားတာ အေး … လူကြတော့ ယောကျ်ားနဲ့မိန်းမလက်ထပ် လို့ရတယ် … အဲ့ဒီအတွက် လှုပ်ရှားမှုလို့ဆိုတဲ့ ပဋိပက္ခလေးတော့ ရှိ တယ် … အဲ့ဒါဟာ အရသာပဲကွ … မင်းတို့လည်း အရသာခံချင်ရင် ငါ့လို ရှာပြီး ကြိုးစားကြည့်ဟေ့ …"

"ဟေ့ကောင် …နေဦး …ဟန်အေး …ဒီကောင် ဘာပြော သွားတာလဲ … ဒီကောင်တော့ ကြောင်နေပြီဟေ့ … ဘာမှလည်း မဆိုင်ဘဲ စကားကို သူ့ခွင်ထဲရောက်အောင် ဆွဲပြောသွားတာ …အရူး၊ အဲ့ဒီကောင် အချစ်ရူး …"

အနီးအနားကနေ ရယ်မောပြောဆိုပြီးထွက်သွားတဲ့ မင်းထွန်းကို ကြည့်ပြီး မြတ်ကိုက ဟန်အေးကိုပြောလိုက်ပါတယ်။

"နောက်ခုနစ်ရက် ကျန်ပါသေးတယ်ကွာ … ဒီကောင် ဘာ ဆက်ဖြစ်မလဲ … ငွေရောင်ပိတ်ကားကနေ စောင့်ကြည့်ကြတာပေါ့ ကွာ …"

ဟန်အေးရဲ့မှတ်ချက်စကားအဆုံး မြတ်ကိုက စီဒီပြားတွေထဲက နေ ကွန်ပျူတာထဲကူးနေတဲ့ပုံတွေကို လှမ်းကြည့်လို့နေပါရဲ့။

⌘⌘⌘⌘

http://www.linhtet.com



“အလကား …ဒီလောက်အေးတာလည်း မပုတ်သေးဘူး … အခုမှ ဆောင်းဝင်မလိုဖြစ်သေးတာ … ကိုယ့်မှာ သားရေဂျာကင်ရှိတယ်ဆိုပြီး အိမ်ရှေ့နေပူလှန်းပြီး ကြွားတာ ခက်ပါရဲ့လူတွေ …”

အရက်ဖြူဆိုင်မှာမရှိလို့ အိမ်မှာပဲရှိမယ်ထင်ပြီး မင်းထွန်းလိုက်လာတာ ကိုဖိုးကုလားတစ်ယောက် တော်တော်လေး ရေချိန်ကိုက်နေပါပြီ။ မူးမူးနဲ့ နေ့လယ်ခင်းက သူသိတာတွေ တစ်ယောက်တည်းပြောနေလို့။

“ရှိသေးရဲ့ … ဟိုဒေါ်အေးသီ … အလကား လူမတွေ့လိုက်နဲ့ အိပ်မက်ကို အတင်းအတိတ်ကောက်ခိုင်းတာ … ကိုယ့်အသက်အရွယ်က ဘုရားတရားလုပ်ရမှာ … အလကားစီးပွားဖြစ်တာလည်းမဟုတ်”

ကိုဖိုးကုလားတစ်ယောက်တည်း သူ့ဘာသာသူ ပြောရင်းမောသွားလို့လားမသိ။ အရက်သောက်ဖို့ ပုလင်းကိုကိုင်ကြည့်လိုက်ပါတယ်။

“အရက်လည်း ငါ့ဆီမှာ ဓာတ်ဆီထက်တောင် ရှားနေပါလား”

စိတ်မသက်မသာတဲ့ပုံစံနဲ့ ကိုဖိုးကုလားက ညည်းလိုက်ပါတယ်။

“မရှားပါဘူး ကိုဖိုးကုလားရာ …ရော့ …ဒီမှာ BLACK CAT ပုလင်းပြား … ကျွန်တော် လက်ဆောင်ရလို့ လာပေးတာ”

“ဟာ! ညီလေးလာလာ … ကိုယ်တောင်မျှော်သေးတယ်”

ဝမ်းသာအားရနဲ့ပေးတဲ့အရက်ပုလင်းပြားကိုယူရင်းက ကိုဖိုးကုလားက မင်းထွန်းကိုမေးလိုက်ပါတယ်။ ပြီးတော့ အရက်ပုလင်းပြားကို ကိုယ်နဲ့နှစ်ရှည်လများကွဲကွာနေတဲ့ မိန်းမလို တစိမ့်စိမ့်ကြည့်နေလို့။

http://www.linhtet.com



“ဒီအရက်ဟာ တစ်ခါဖူးမှ မသောက်ဖူးပါဘူးကွာ …ချမယ်”

ပြောပြောဆိုဆိုပါပဲ ပုလင်းဖွင့်ပြီး ခွက်ထဲငှဲ့ထည့်လိုက်ပါတယ်။

“ဒါနဲ့ … ဘယ်လိုဖြစ်လို့ အစောကြီးကောင်းနေတာလဲ … ကိုဖိုးကုလားရဲ့ …”

“ဒီနေ့ အလုပ်ကစောစောပြီးတယ်ကွာ … ငါ့အလုပ်ရှင် ဦးဖေသိန်းတင်မိန်းမက ပြန်ချင်ရင် ပြန်တဲ့ …ဒီညနေ ကိုရီးယားကားဇာတ်သိမ်းကိုတောင် ငါ့ကိုကြည့်ခိုင်းသေးတယ် … ဒေါ်မိမိခင်ကိုရီးယားကား ကြိုက်ချက်ကတော့ ကမ်းကုန်ပါပဲကွာ … ဦးဖေသိန်းတင်ကျတော့ ကိုရီးယားကား တီဗွီမှာပြရင် တစ်နေရာမှာ သွားစာဖတ်နေတာပဲ … သူက ကိုရီးယားဇာတ်ကားတွေ လုံးဝမကြိုက်ဘူးကွ …”

မင်းထွန်းက ဘာမှမပြောဘဲ နားထောင်နေမိပါတယ်။

“ညီလေး … မင်းလည်း ချလေကွာ …”

“မသောက်တော့ပါဘူးအစ်ကိုရာ … အစ်ကိုသောက်ပါ”

“အေးကွာ …ကိုယ့်ကို ညီလေးလို တကူးတက ဒီအိမ်ထိလာပြီး အရက်တိုက်မယ့်သူ ကိုယ့်ဘဝမှာ တစ်ခါဖူးမှ မရှိဖူးဘူး …ကျေးဇူးတင်ပါတယ်ကွာ … လူလူချင်း အသိအမှတ်ပြုတာ …”

“ဟာ …မဟုတ်တာ အစ်ကိုရယ် … အစ်ကို့ကို တကယ်ခင်လို့ပါ…ဒါပေမယ့် အစ်ကိုရယ် အရက်ကိုတော့ လျှော့သောက်ပါ …ကျန်းမာရေးအတွက်ပေါ့ …”

ကိုဖိုးကုလားက သောက်လက်စအရက်ခွက်ကို ချလိုက်ရင်းမှ …

“ကိုယ်သိပါတယ် ညီလေးရာ …ကိုယ်ဒီလို အရက်သောက်ဖြစ်သွားတာကလည်း ဆိုးဝါးလှတဲ့ ကိုယ့်ရဲ့ကံကြမ္မာကြောင့် မိဘနှစ်ပါးကို အရွဲ့တိုက်ပြီး အရက်သောက်တာ …မိဘနှစ်ပါးလည်း ကိုယ့်စိတ်

http://www.linhtet.com



ကြောင့်သေ …ကိုယ်လည်း အရက်သမားလုံးလုံးဖြစ်သွားတာပဲ ကိုယ်သေရင် ငရဲပဲ …”

“ဟာ … မဟုတ်တာအစ်ကိုရယ် … အစ်ကိုက တစ်နေ့လုံး သောက်တာမှမဟုတ်တာ …ညပိုင်းသောက်တာပဲ … ပြင်လို့ရပါသေး တယ်။

“အေးပါကွာ … ကိုယ် ကြိုးစားကြည့်ပါမယ် …”

အဲ့ဒီနောက်တော့ ကိုဖိုးကုလားစက အရက်ကို ဆက်မသောက် တော့ဘဲ မိုးကောင်းကင်ထဲက ကြယ်ကလေးတွေကို မော့ကြည့်နေလို့။

⌘⌘⌘⌘

သေချာတာကတော့ ကိုဖိုးကုလားရဲ့နှလုံးသားကို မင်းထွန်းရဲ့ စကားလုံးမြားချက်တွေက ဆူးဝင်သွားပြီဆိုတာပါပဲ။

⌘⌘⌘⌘

http://www.linhtet.com

စတုတ္ထနေ့မှာလည်း
ခါတိုင်းလိုပါပဲ။
နေ့ခများ
ညရဲ့ ခိုးယူပေါင်းသင်းမှုကြောင့်
သူ့ခများ
အမှောင်ကျရှာလို့။

(၇)

ဒီနေ့တော့ ကံကြမ္မာက ကိုယ့်ဘက်မှာ ပါသလား မပါသလား စမ်းသပ်ရမယ့်နေ့လို့ မင်းထွန်းက လက်ဖက်ရည်သောက်ရင်း တွေးနေမိပါတယ်။

ညက ကိုဖိုးကုလားပြောပုံအရဆို ဦးဖေသိန်းတင်က ကိုရီးယားဇာတ်ကားတွေမကြိုက်ဘူးဆိုတော့ အက်ရှင်ဇာတ်ကားတွေ ကြိုက်မှာပဲလို့။ ဒါမှမဟုတ် သရဲကားတစ်ခုခုဖြစ်ရမယ်လို့။

ဒီတော့ ညတုန်းက အိမ်ပြန်ရောက်ရောက်ချင်း လမ်းထိပ်က ဗီဒီယိုအခွေဆိုင်ကိုပြေးပြီး သရဲဇာတ်ကားသစ်တစ်ခွေနဲ့ အက်ရှင်ဇတ်ကားတစ်ခွေကို အတင်းတောင်းဝယ်ရပါတယ်။ ပြီးတော့ စာအုပ်အငှားဆိုင်က ကိုရီးယားမင်းသား မင်းသမီးတွေအကြောင်း ဖတ်ရပါသေးတယ်။ နာမည်တွေကလည်း တော်တော်ခေါင်းစားပါတယ်။

မလွယ်လိုက်ပုံများ။ ချစ်သူဆီကအဖြေရဖို့ အတော်တော့ ပင်ပန်းသားလို့။

http://www.linhtet.com



"ဒီနေ့ ငါ့တူက ကြိုရောက်နေပါလားကွ"

ဟိုဟိုဒီဒီတွေးနေတုန်းမှာပဲ ဦးဖေသိန်းတင် ရောက်ချလာပါတယ်။

"ထိုင်ပါ … ဦး … လက်ဖက်ရည်မှာလိုက်မယ်"

မင်းထွန်းက ဦးဖေသိန်းတင်အတွက် လက်ဖက်ရည် မှာပေးလိုက်တယ်။

"အေးကွာ…ဦးက မင်းကိုတော့ ချီးကျူးတယ်ဟေ့…ဒီလိုလူငယ် သူငယ်ချင်းတွေစုပြီး စည်းစည်းလုံးလုံးနဲ့ စီးပွားရေးလုပ်တာ အိမ်မှာတောင် ပြောပြရသေးတယ် …"

မင်းထွန်းက ဘာစကားမှမဆိုဘဲ ဦးဖေသိန်းတင် ဘာဆက်ပြောလေမလဲဆိုတာ နားစွင့်နေမိပါတယ်။

"ဟာ! ဘာအခွေတွေလဲကွ"

ပြောနေရင်းမှ ဦးဖေသိန်းတင်က လက်ဖက်ရည် စားပွဲခုံပေါ်က စီဒီခွေနှစ်ခွေကို မြင်သွားပြီး ကိုင်ကြည့်လိုက်ပါတယ်။

"ဟာ … သရဲကားနဲ့ဂျိမ်းဘွန်းကားသစ်ပဲကွ … ဦးက သရဲကားတွေဆို သိပ်ကြိုက်တာ …"

"ကျွန်တော်လည်း သရဲကားတို့ …အက်ရှင်ကားတို့ဆို သဘောကျတယ် …သရဲကားတွေက ဘယာနကရသပေးတယ်လေ၊ အက်ရှင်ကားလည်း တစ်မျိုးကြည့်လို့ကောင်းတာပဲ … ကိုရီးယားဇာတ်ကားတွေကျတော့ လူတွေဘာဖြစ်လို့ကြိုက်သလဲမသိဘူး … ဇာတ်အိမ်ဇာတ်လမ်းကို ဆွဲဆန့်ထားတာ … ရုပ်ရှင်ရသမပေါ်ဘူး …"

http://www.linhtet.com



သေချာသွားပါတယ်။ ကံကြမ္မာက မင်းထွန်းဘက်မှာ ရှိနေပြီ ဆိုတာ။ ကိုရီးယားဇာတ်ကားမကြိုက်သူချင်းတွေလို့ ထင်ပါရဲ့။ ဦးဖေသိန်းတင်က သူနဲ့ဘဝတူ အဖော်တစ်ဦးရပြီဆိုပြီး ဝမ်းသာအားရနဲ့။

"အေးကွာ ... ငါ့တူနဲ့ဦးနဲ့က တိုက်ဆိုင်နေပြန်ပြီ ...ဒီကိုရီးယားဇာတ်ကားကို ဦးရဲ့ဇနီးကလည်း တော်တော်ကြိုက်တာကွ ...ချွဲနွဲ့နှုန်းဖြစ်လိုက်....ရိမ်းဖြစ်လိုက်...ဘေယောင်ဂျွန်းဖြစ်လိုက် ချန်ဂွန်ဖြစ်လိုက်နဲ့ သူတို့အကြိုက်ကတော့ကွာ ဇာတ်လမ်းထက်...အဲ့ဒီမင်းသား မင်းသမီး ဘာဝတ်ထားစားထားလဲဆိုတာကို လျှောက်ကြည့်နေတာ၊ ရုပ်ရှင်ဆိုတာ ကြည့်လိုက်ရင် ဟာခနဲ ဟင်ခနဲ ထိတ်လန့်သလို ဖြစ်မှ အရသာရှိတာ ဒါကြောင့် ဦးက သရဲကားကြိုက်တာ..."

မင်းထွန်းက ဦးဖေသိန်းတင်ကို တော်တော်တော်တဲ့ လူကြီးပဲလို့။ သူ့မှာ သမီးရှိတယ်ဆိုတာကို စကားကို အရိပ်အမြွက်တောင် ထည့်မပြောသွားလို့ပါ။

"ဒါနဲ့ ငါ့တူ မင်းက ခေတ်လူငယ်ဆိုတော့ ဦးကမေးရဦးမယ်၊ သရဲတစ္ဆေဆိုတာ မင်းယုံလား..."

ရှာတော့လည်ပြီလို့။ မင်းထွန်း အတော်ခေါင်းစားသွားပါတယ်။ တတ်သလောက်မှတ်သလောက်တော့ ပြောတော့ပြောရမယ်လို့...။ ဒီအချိန်မှာပဲ...

"ဗျို့...ကိုဖေသိန်းတင်...ဒီညလမ်းမှာ တန်ဆောင်တိုင်မီးထွန်းမယ့်ကိစ္စ အစည်းအဝေးရှိတယ် လာဦးနော်....ညခုနစ်နာရီ လောက်စမယ်..."

မင်းထွန်း အတော်ဝမ်းသာသွားပါတယ်...။ ဦးသန်းမောင်နဲ့ ဦးထွန်းဝေတို့ ရောက်လာလို့ပါ။

"အစည်းအဝေးမှာ ဒီည အဓိကထားပြောရမှာက တန်ဆောင်

http://www.linhtet.com



တိုင်မီးထွန်းတဲ့အခါ မီးထွန်းတာစောင့်တဲ့လူငယ်တွေ အပျော်သဘော မျိုးနဲ့ အုန်းသီးခိုးတာ၊ ကြက်ခိုး၊ ဘဲခိုးပြီး ချက်စားတာတွေ မလုပ်ခိုင်း ဖို့ပဲ၊ တော်ကြာ သူခိုးက ရောင်တော်ပြန်လုပ်သွားမှာ…"

"အေးပါဗျာ …ဒါတွေက အစည်းအဝေးမှာ ထည့်ပြောရမှာပေါ့"

ဦးထွန်းဝေက ဦးဖေသိန်းတင်နားဝင်ထိုင်ရင်း လက်ဖက်ရည် နှစ်ခွက်မှာလိုက်ပါတယ်။

"ကဲပါ ငါ့တူရယ် …စောစောက ဦးမေးတာ မင်းဖြေစမ်းပါဦး၊ သရဲတစ္ဆေဆိုတာ ရှိလားမရှိလား … ယုံလားမယုံလားပေါ့ကွာ"

ဦးဖေသိန်းတင်ကတော့ လူကြီးနှစ်ယောက်ရှေ့မှာ ထပ်မေး ပြန်ပါတယ်။ မင်းထွန်းအဖို့ နည်းနည်းတော့ စိတ်ညစ်သွားပါတယ်။

"ပရလောကဆိုတာ ရှိတာပေါ့ … ဒါပေမယ့် အဲ့ဒီပရသားတွေက သက်ရှိထင်ရှားလူတွေကို ဘယ်ပြလို့ရမလဲ၊ လူတွေမြင်ရရင် ထိတ်လန့် ကုန်မှာပဲ၊ ဒီတော့ ကုသိုလ်ကံအကျိုးပေးမလှလို့ ပရသားတွေဖြစ်ရတာ မေတ္တာပို့သံ၊ အမျှဝေသံတွေကြားရရင် အကျွတ်တရားရစေဆိုပြီး လူ တွေက အမျှပေးကြတယ်လေ … တစ်ချို့ကြတော့လည်း တန်ဆောင် မုန်းလပြည့်မျိုးတွေမှာ သင်္ချိုင်းတွေမှာ အကျွတ်ပွဲတွေဘာတွေတောင် လုပ်ကြတာပဲ … ဒီတော့ ရှိတာပေါ့လို့ ပြောရမှာပဲ …"

မင်းထွန်းပြောတဲ့စကားကို နားထောင်နေတဲ့ ဦးဖေသိန်းတင် က အကျေနပ်ကြီး ကျေနပ်နေပါတယ်။ ဒါပေမဲ့ ဦးသန်းမောင်က …

"ရှိတာက … နည်းနည်း လူတွေက တစ်ယောက်စကား တစ် ယောက်ကြားပြီး ပြောရင်းနဲ့ မမြင်ရတဲ့ဟာကို ကြောက်နေကြတာပဲ၊ ကိုဖေသိန်းတင် ခင်ဗျားလည်း သရဲကြောက်တာပဲ မဟုတ်လား"

သရဲကြောက်သူတို့ အပြောခံလိုက်ရတဲ့အတွက် ဦးဖေသိန်းတင် နည်းနည်းတော့ ရှက်သွားတယ်ထင်ပါရဲ့။

http://www.linhtet.com



"အိုဗျာ ... ကျုပ်မှမဟုတ်ပါဘူး ... ခင်ဗျားကော သရဲခြောက်ခံရရင် ကြောက်မှာပဲ ... "

"မကြောက်ပါဘူးဗျာ ... လာခြောက်စမ်းပါ ... သရဲမဖြစ်လို့ ချောလို့ကတော့ အာဝါးတောင်ပေးဦးမှာ ... "

"ဟေ့လူ ... အပိုတွေပြောမနေနဲ့ ... ဒါဆို ခင်ဗျားသင်္ချိုင်းကုန်းကို တစ်ယောက်တည်းသွားရဲလား ... "

စကားဝိုင်းက တစ်စထက်တစ်စဆိုသလို ငြင်းခုံပွဲအသွင်ကို ဆောင်လာနေပါပြီ။ ဦးဖေသိန်းတင်ကော ဦးသန်းမောင်ကော နှစ်ယောက်စလုံး အလျှော့ပေးမယ့်ပုံမပေါ်။

"ကိုဖေသိန်းတင် ခင်ဗျားပြောပုံအရဆို သင်္ချိုင်းကုန်းမှာကော သရဲရှိတာပေါ့ ဟုတ်လား ... "

ဦးထွန်းဝေကပါ ထပ်မေးလိုက်ပြန်ပါတယ်။

"ရှိတာပေါ့ ... ဟုတ်တယ်မဟုတ်လား ငါ့တူရဲ့ ... "

အရေးထဲ ဦးဖေသိန်းတင်က မင်းထွန်းကို သူ့ရဲ့ငြင်းခုံပွဲအတွက် စစ်ကူတောင်းလိုက်ပါတယ်။

ဒီပွဲမှာ ကိုယ်သာဝင်မကယ်ရင်တော့ ဦးဖေသိန်းတင်ပိုးဖို့ များနေပါပြီ။

"ဟိုးတုန်းကလူတွေက အသက်သိပ်ရှည်ကြတယ် ... အဓိက ပြောရရင်တော့ ကိုယ်ကျင့်တရားကောင်းကြတာပေါ့ ... ဒါကြောင့် ကွယ်လွန်တဲ့သူက နည်းတယ် ... ဒီတော့ သင်္ချိုင်းတွေ ဘာတွေက ရွာတွေ မြို့တွေနဲ့ အဝေးကြီးမှာရှိတယ် ... လူတစ်ယောက် ကွယ်လွန်ခဲ့ရင် ညဥ့်နက်တဲ့အခါ ရွာထဲမြို့ထဲမှာရှိတဲ့ ဖုတ်သွင်းဆရာက အင်္ကျီပုဆိုး ပြောင်းပြန်ဝတ်၊ သနပ်ခါးတွေလိမ်း၊ ပန်းဝါဝါအပွင့်ကြီးကိုပန်ပြီး ... ကွယ်လွန်သူပါးစပ်ထဲ အသပြာထည့်ပြီး ဖုတ်သွင်းပြီးလွှတ်လိုက်တယ်။

http://www.linhtet.com



အဲ့ဒီဖုတ်သွင်းထားတဲ့အလောင်းကောင်ကြီးက သင်္ချိုင်းကုန်းရောက်တဲ့အခါ သုဘရာဇာက အလောင်းကောင်ရဲ့ ပါးစပ်ထဲက အသပြာကိုနှိုက်ယူပြီး မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်တယ် … ညဥ့်နက်မှာဆိုတော့ လူသွားလူလာလည်း မရှိဘူးလေ … ရှိခဲ့ရင်လည်း ဖုတ်ဝင်ထားတဲ့ မတုန်မလှုပ်မျက်တောင်မခတ်ဘဲသွားနေတဲ့ အလောင်းကောင်ကိုကြည့်ပြီး သေသူမှန်းသိကြတယ် … ဒီတော့ သူ့ရဲ့တစ္ဆေဆိုတာ မရှိဘူး။ ရှိတယ်လို့ စဉ်းစားသာကြည့်တော့ … ”

မင်းထွန်းရဲ့ စကားအဆုံး ဦးဖေသိန်းတင်က …

“ကဲ … ဘာပြောဦးမလဲ ‥ ခင်ဗျားတို့ လူသာ အသက်ကြီးပြီး သူ့လို အချက်အလက်ကျကျ မရှင်းပြနိုင်ဘူးမဟုတ်လား … ”

“ဒီမှာ ကိုဖေသိန်းတင် … ခင်ဗျားက ကျုပ်နဲ့ ကိုသန်းမောင်ကိုတော့ ပြောတယ် … ခင်ဗျားကျတော့ကော ရှင်းနိုင်လို့လား”

ဦးထွန်းဝေက ရယ်မောရင်းမှ ကလိလိုက်ပါတယ်။

“ကျုပ်က သူ့လိုသရဲအကြောင်းတော့ ရှင်းမှာမဟုတ်ဘူး … သွေးစုပ်ဖုတ်ကောင်အကြောင်းပဲ ရှင်းမှာ … ဒီသွေးစုပ်ဖုတ်ကောင်ဟာ အကာလညအခါမှ ရဲတိုက်တွေ ဘာတွေပေါ်တက်ပြီး … ”

“တော်စမ်းပါဗျာ … ဗီဒီယိုအခွေထဲကဟာတွေ ပြောမနေပါနဲ့၊ ခင်ဗျားကတော့လေ … ”

ဦးသန်းမောင်က ဦးဖေသိန်းတင်ပြောနေတာကို ကြားဖြတ်ပြောလိုက်ပါတယ်။ ဦးထွန်းဝေက မင်းထွန်းကို ကြည့်ရင်းမှ …

“ဒါနဲ့ ကိုဖေသိန်းတင် … တစ်ခါဖူးမှ ခင်ဗျားက လူငယ်တစ်ဦးနဲ့ ဒီလိုအကြာကြီး လက်ဖက်ရည်ဆိုင် ထိုင်တာ တွဲဖူးတာမတွေ့ဖူးပါဘူး … အခု ကျုပ်သတိထားမိတာက ဒီတစ်ရက်နှစ်ရက်အတွင်း ဒီ

http://www.linhtet.com



သူငယ်နဲ့ အတော်လေးအတွဲမိနေပါလား … ဒါက တော်တော်ထူးခြား နေတာပဲ … ”

“လူဆိုတာ ကိုယ်နဲ့ ဝါသနာတူစရိုက်တူ အယူအဆတူရင် ပေါင်း သင်းကူးလူးဆက်ဆံနိုင်တာပဲဗျာ … ဒီက မောင်မင်းထွန်းနဲ့ ကျွန်တော် နဲ့ တွဲတာ ဆန်းသလားဗျာ … ”

ဦးဖေသိန်းတင်ကို ဦးသန်းမောင်က ကြည့်ရင်းမှ …

“ဆန်းတော့ ဆန်းတယ်ဗျာ။ ခင်ဗျားလို ဘုဂလန့်သမားက ဒီလို လူငယ်လေးတစ်ဦးနဲ့ ခင်တာကိုက ဆန်းနေတာဗျို့ … ”

“ဘာဆန်းစရာလိုလဲ ကိုသန်းမောင်ရယ် … သူနဲ့ကိုယ်နဲ့က တိုက်ဆိုင်စွာ တစ်ယောက်အကြိုက်မကြိုက်လာတူနေတာကိုး … ”

“ဒါဆိုလည်း ပြီးရောပေါ့ဗျာ … ဟဲ … ဟဲ ”

“ဟော့ … ကိုသန်းမောင် … ခင်ဗျား ဘာပြုံးတာလဲဗျ …”

အရေးထဲ ဦးသန်းမောင်က မင်းထွန်းကိုကြည့်ပြီး ရယ်ကျဲကျဲ လုပ်ရင်း ပြုံးလိုက်လို့ ဦးဖေသိန်းတင်က မေးလိုက်တာပါ။

“သြော်… သဘောကျလို့ပါဗျာ … ကဲ…ညသာအစည်းအဝေး ကို လာဗျို့ … သွားပြီ … လက်ဖက်ရည်ဖိုးတော့ ခင်ဗျားပဲရှင်းလိုက်”

လက်ဖက်ရည်ဆိုင်ထဲကနေ ပြောဆိုပြီးထွက်သွားတဲ့ ဦးသန်း မောင်နဲ့ ဦးထွန်းဝေကို မင်းထွန်း အခါခါ ကျေးဇူးတင်နေမိပါရဲ့။ ဆက် သာ သူတို့ထိုင်လျှင် ဦးဖေသိန်းတင်က သူတို့စကားတွေ သံသယဖြစ် ပြီး ရိပ်မိလျှင် အခက်လို့။

မလွယ်ရေးချ မလွယ်။ ယောက္ခမတစ်ယောက် သဘောကျ လာဖို့လုပ်ရတာ ကျူရှင်သင်တန်းမရှိတော့ ခက်တာပေါ့ဗျာ။

⌘⌘⌘⌘

http://www.linhtet.com



ဒီည ရပ်ကွက်မီးထွန်းဖို့ အစည်းဝေးသွားဖို့ နာရီကိုကြည့်တော့ နာရီဝက်လောက်လိုသေးတာမို့ ဦးဖေသိန်းတင်က ဆက်တီကုလားထိုင်မှာထိုင်ရင်း သတင်းစာကို ဖတ်လို့နေတယ်။

"အဖေကြီးကို မိမေးရဦးမယ်"

အနီးအနားကို ဒေါ်မိမိခင်က ရောက်လာပြီး မေးလိုက်လို့ ဦးဖေသိန်းတင်က ဖတ်နေတဲ့သတင်းစာကို စားပွဲပေါ် ချလိုက်ပါတယ်။

"ဘာမေးမှာတုန်း မိရဲ့ ... "

"အဖေကြီးတစ်ယောက် အခု ဒီတစ်ရက်နှစ်ရက်အတွင်းမှာ သမီးနဲ့ သက်တူရွယ်တူ လူငယ်လေးတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်တွေ ဘာတွေ အတူထိုင်နေတယ်ဆို ... ဒီသတင်းကြားတော့ မိတောင် အံ့အားသင့် နေသေးတယ် ... "

"မိကို ကိုသန်းမောင်တို့ လာပြောတာထင်တယ် ... လူတွေများကွာ ကိုယ့်ထမင်းကိုယ်စားပြီး မနေနိုင်ကြဘူး ... ဟုတ်တော့ ဟုတ်တာပေါ့... သူတို့မျိုးရိုးက အတင်းပြောတဲ့မျိုးရိုးကိုကွ..."

ဒေါ်မိမိခင်က ဦးဖေသိန်းတင်ကို မျက်နှာမှာ အလိုမကျတဲ့ အမူအရာမျိုးနဲ့ ...

"ဖေကြီးကတော့လေ ...လုပ်တော့မယ် ...အဲ့ဒီလို စိတ်ထင်တိုင်းလျှောက်လျှောက်မပြောပါနဲ့ ...ဦးသန်းမောင်ပြောတာ မဟုတ်ပါဘူး... အဖေကြီးထိုင်တဲ့လက်ဖက်ရည်ဆိုင်က ပိုင်ရှင်ကပြောတာ"

"ဒါဆိုလည်း ပြီးရောကွာ ... လူတွေများ ခက်ပါတယ်ကွာ..."

http://www.linhtet.com



ငယ်တဲ့လူနဲ့ကော မပေါင်းရဘူးလား မခင်ရဘူးလား …ဒီမင်းထွန်းဆို တဲ့ လူငယ်လေးက ဟိုဘက်ရပ်ကွက်မှာနေတာ … လူတွေကို ကူညီ တတ်တယ် … ငါနဲ့တော်တော်လေး အကြိုက်ချင်းတူနေတာကွ … အံ့သြဖို့တောင်ကောင်းတယ်ဟေ့ …"

"ကြည့်လည်းလုပ်ဦးနော် … တော်ကြာ ကိုယ်ကသမီးမွေးထား တာ …"

"မိရေ …ဒီလူငယ်လေးက မြို့ထဲမှာ သူငယ်ချင်းတွေစုပြီး ဒီဂျစ်တယ် ဖလင်ကူးတဲ့ဆိုင်ကော ဓာတ်ပုံဆိုင်ကော ဖွင့်ထားတာ… လူငယ်တွေ တော်တော်ကြိုးစားတဲ့ခေတ်ပဲဟေ့ …"

"သြော် … အဖေကြီးက စပ်စပ်စုစုနဲ့ အဲ့ဒီကောင်လေးရဲ့ဆိုင် တောင် ရောက်သွားပြီကိုး … ဟင်!"

ဒေါ်မိမိခင်က ဦးဖေသိန်းတင်ကို မျက်စောင်းထိုးလိုက်ရင်းမှ ထသွားပါတယ်။ ဒါကို အနီးနားရောက်လာတဲ့ ဝတီခင်က ပြုံးလိုက်ရင်း မှ …

"ဖေဖေ … အစည်းအဝေးသွားရဦးမယ်ဆို …သွားတော့လေ"

"အေး … အေး …သမီးကတောင် ဖေဖေ့ကို နားငြီးလို့နှင်နေ ပြီပဲ … ဟား! ဟား! "

ဦးဖေသိန်းတင်က ရယ်ရယ်မောမောနှင့် ထိုင်ရာကနေ ထပြီး ထွက်သွားပါတယ်။

ဝတီခင်ကတော့ ဆက်တီပေါ်ထိုင်လိုက်ပြီး တစ်စုံတစ်ခုကို ပြုံးပြုံးကြီးတွေးနေလေရဲ့။

http://www.linhtet.com

ပဋ္ဌမမြောက်နေ့မှာ
မထင်မှတ်ထားပါပဲ
စာနာမျှဝေခံစားမှုကို
မမေ့မလျော့တွေ့လိုက်ရပါတယ်။

http://www.linhtet.com

(၈)

မနက်က ဆောင်ရဲ့အအေးက ခါတိုင်းနေ့တွေထက်ကို နည်းနည်းလေး ပိုအေးလို့ ဝတီခင် ဆိုင်ကိုလာတော့ အပေါ်ရုံအနွေးထည် ဝတ်လာမိပါတယ်။ ဈေးရောင်းကောင်းအောင်လို့ ဆိုင်ဖွင့်တဲ့အခါ လာဘ်ရွှင်ဂါထာကိုးခေါက်ရွတ် ဘုရားစင်ကိုပန်းကပ်နဲ့ ရှိလို့နေပါတယ်။

"ဝတီခင် … နေမကောင်းဘူးလား …အနွေးထည်တွေ ဘာတွေဝတ်လို့"

ဆိုင်ထဲကို မင်းထွန်းက ဝင်လာရင်း မေးလိုက်ပါတယ်။

"မဖျားပါဘူး …မနက်က နည်းနည်းအေးလို့ အနွေးထည်ဝတ်လာတာပါ …ဒါနဲ့ ဘယ်ကိုလဲ …ရှင်နဲ့ကျွန်မရဲ့ဖေဖေနဲ့က အတော်လေး ဟုတ်နေပြီလား … လက်ဖက်ရည်ဆိုင်ထိုင်ဘက်တွေ ဘာတွေဖြစ်နေပြီထင်တယ် …"

ဝတီခင်ရဲ့စကားကြောင့် မင်းထွန်း စဉ်းစားမိပါတယ်။ ဦးဖေ

http://www.linhtet.com



သိန်းတင်နဲ့ခင်နေတာကို ဝတီခင်ကိုများ ဦးဖေသိန်းတင်က ပြောပြလေသလားလို့။

"ဒီနေ့နဲ့ဆို ဘာလိုလိုနဲ့ ငါးရက်တောင် ရှိတော့မှာ ...ဘယ်လိုလဲ ...ဒီနေ့ရှင်က ...ရှင့်ရဲ့ပဥ္စမမြောက်နေ့အစီအစဉ်ကို မစသေးဘူးလား ..."

ဝတီခင်က မင်းထွန်းကိုမေးလိုက်တော့ မင်းထွန်းက FMI စင်တာရဲ့ အဝင်ဝတံခါးဘက်ကို လှမ်းကြည့်နေပါတယ်။

"ဒီအချိန်ဆို လက်ဖက်ရည်ဆိုင်မှာ မဝတီခင်ရဲ့အဖေ ရောက်နေလောက်ပြီ ... ကျွန်တော်လာမယ်မှတ်လို့ သူက မျှော်နေမှာ ... အဲ့ဒီလို သတိရတဲ့အခါမျိုးမှာမှ ကျွန်တော်ကရောက်တော့ ကျွန်တော့်ကို ပိုခင်မှာပေါ့ ...ဒါကြောင့် အခုမှ သွားမလို့ ..."

"ဩော် ... တော်တော်လည်း ရှင်က တတ်နိုင်ပါရဲ့"

"ကဲ ...ထားပါ ... ဆယ့်တစ်ရက်မြောက်နေ့ကျရင်သာ ... ကျွန်တော့်ကို ဘယ်လိုအဖြေပေးမလဲ စဉ်းစားထား ... သွားပြီ ... အမိန့်ပေးတာ မဟုတ်ဘူးနော် ..."

ဆိုင်ထဲကနေ ပြေးထွက်သွားတဲ့မင်းထွန်းကိုကြည့်ပြီး ဝတီခင်က ပြုံးလိုက်ပါတယ်။

ဒါကို မင်းထွန်းက မသိရေးချ မသိ။

⌘⌘⌘⌘

"ငါ့တူ ...ဒီနေ့ နောက်ကျပါလားကွ၊ ဦးက မျှော်နေတာ"

လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်းမှာပဲ ဦးဖေသိန်းတင်က လှမ်းပြောလိုက်ပါတယ်။ သူ့မျက်နှာမှာက သူနဲ့ စကားပြောဖော်ပြောဖက်

http://www.linhtet.com



တစ်ဦး ရောက်လာလို့ ဝမ်းသာသွားတဲ့ပုံစံမျိုး ဖြစ်လို့နေပါတယ်။

"ဟုတ်တယ် ဦးရယ် …ဆိုင်ကို အရင်သွားရသေးတယ် … ဦး စောင့်နေမယ်လို့ ထင်တော့ထင်သား …"

မင်းထွန်းက မုသားစကား ဆိုလိုက်ပါတယ်။ ဒါကို မသိရှာတဲ့ ဦးဖေသိန်းတင်က ကျေနပ်နေရဲ့။

"ဟေ့ …ဒီက ငါ့တူအတွက် လက်ဖက်ရည်တစ်ခွက် လုပ်ပါဦးကွာ"

ဦးဖေသိန်းတင်က လက်ဖက်ရည်တစ်ခွက် မှာလိုက်ပါတယ်။ ဒီအချိန်မှာပဲ ကလေးငယ်တစ်ဦးနဲ့ ကလေးအမေတစ်ယောက်က မင်းထွန်းတို့ဘေးက လက်ဖက်ရည်စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ပါတယ်။

"ကဲ … ဘာစားမှာလဲ မှာ …နင်တို့ဟာလေ စောစောစီးစီး မျိုဆို့ရမှ …"

စိတ်မရှည်ဟန်တူတဲ့ ကလေးအမေက … လေးနှစ်အရွယ် ကလေးလေးကို ပြောလိုက်ပါတယ်။ ကလေးငယ်က ပေါက်စီတွေ ထည့်ထားတဲ့ ပေါင်းအိုးကို လက်ညှိုးထိုးပြပါတယ်။

"ဟဲ့ … ပေါက်စီ လာချပေးဦး"

စားပွဲထိုးက ပေါက်စီတစ်ပွဲ သွားချပေးပါတယ်။ ကလေးငယ်က ဗိုက်အတော်ဆာတယ်ထင်ပါရဲ့။ ပေါက်စီကို တစ်ခါတည်း ပါးစပ်နဲ့ ကိုက်လိုက်ပါတယ်။

"ဟဲ့ … ဒီသေနာကျလေးဟာလေ၊ အောက်က စက္ကူကို ခွာလိုက်ဦးလေ၊ ငါ ခေါင်းခေါက်လိုက်ရရင် နင် နာတော့မယ်"

အမေ လုပ်တဲ့လူက ကလေးလေးကို ဆူနေပြန်ပါတယ် …။ ကလေးက အမေ့စကားကို နားမထောင်ဘဲ ပေါက်စီကို စားနေပါတယ်။

http://www.linhtet.com



အဲဒီမြင်ကွင်းကို အစအဆုံး အကဲခတ်နေတာက ဦးဖေသိန်းတင်ပါပဲ။ မျက်နှာက အလိုမကျတဲ့ပုံမျိုး ဖြစ်နေပါတယ်။

မင်းထွန်းက တစ်စုံတစ်ခုကို သဘောပေါက်လိုက်ပါတယ်။

"ဟဲ့ …ပေါက်စီတစ်လုံးကုန်အောင် စားပြီးတာတောင် … နောက်တစ်လုံး လက်ညှိုးထိုးသေးလား …နင်က ငါ့ကို သူဌေးထင်နေလို့လား၊ ကဲဟာ …"

"ဟီး ဟီး …"

ကလေးက နောက်ထပ် ပေါက်စီတစ်လုံး လက်ညှိုးထိုးတဲ့အခါ ကလေးအမေက ကလေးကို ခေါင်းတစ်ချက် လက်နဲ့ တီးလိုက်ပါတယ်။ ကလေးက ငိုပါတယ်။

"သား …တိတ် တိတ်၊ ကဲပါ အစ်မရယ် …ကလေး ဗိုက်မဝလို့ နေပါလိမ့်မယ်၊ ကျွေးလိုက်ပါ ကျွန်တော် ပေးပါမယ် … ကလေးတွေကို ခေါင်းမရိုက်ပါနဲ့ဗျာ … သူတို့ ကြီးလာရင် ဦးနှောက် ထိခိုက်တတ်တယ် …အတတ်နိုင်ဆုံး ကလေးကို ဆုံးမတဲ့အခါ မရိုက်ဘဲနဲ့ ဆုံးမပါဗျာ၊ ကလေးအတွက် စိတ်အနာတရတွေ ရသွားတတ်တယ်၊ ကဲ… သား စားလိုက်"

မင်းထွန်းက ကလေးအမေကို ပြောရင်းမှ ပေါက်စီ နောက်ထပ်တစ်လုံး ကလေးကို ပေးလိုက်ပါတယ်။ ကလေးက အငိုရပ်ပြီး ပေါက်စီတစ်လုံးကို ထပ်စားပါတယ်။

ဦးဖေသိန်းတင်က မင်းထွန်းရဲ့ အပြုအမူကို ကျေနပ်တဲ့ အမူအရာနဲ့ ကြည့်လို့နေပါတယ်။

အဲဒီနောက်တော့ …ကလေးအမေက စားပွဲထိုးကို ခေါ်ပြီး ပိုက်ဆံရှင်းမလို့ လုပ်တဲ့အခါ မင်းထွန်းက အတင်းပဲ သူ ရှင်းမယ်လို့

http://www.linhtet.com



ပြောလိုက်ပါတယ် ကလေးအမေက ကျေးဇူးတင်ကြောင်းပြောပြီး ဆိုင်ထဲကနေ ထွက်သွားပါတယ်။

"အဲဒါပဲ …ဦးရဲ့ မိဘတွေက တစ်ခါတလေ သားသမီးတွေကို ဆုံးမတာက ဟုတ်ကိုမဟုတ်ဘူး …ကလေးကိုရိုက်တိုင်း ကြောက်မယ်ထင်တာ …ကလေးတွေက တစ်ချိန်ကြရင် အဲဒီလို တုတ်နဲ့ရိုက်တာကို စိတ်ဆွဲပြီး တုတ်ရှိရင် လူကြောက်မယ်ဆို ကမ္ဘာပေါ်မှာ အကြမ်းဖက်သမား ခေါင်းဆောင်တွေ အများကြီး ထွက်လာမှာ ဦးရဲ့ သားသမီးကို မိဘဆိုတာ တုတ်မကိုင်ဘဲ ဆုံးမတတ်ရမယ် …တုတ်နဲ့ဆုံးမတာကို ကျွန်တော် အမုန်းဆုံးပဲ"

ဦးဖေသိန်းတင်က မင်းထွန်း စကားအဆုံး ရေနွေးကို ပန်းကန်ထဲ ငှဲ့ပေးရင်းက …

"ဦးက ဒီကလေးအမေကို ကြည့်နေတာ …ကလေးကို ခေါင်းရိုက်ရမဲ့အစား ဒင်း ခေါင်းကိုခွဲချင်နေတာ၊ သားသမီးကို ကျွေးတာမွေးတာ ယဉ်ယဉ်ကျေးကျေး မပြောဘူး၊ ပြေပြေလည်လည် မပြောဘူး …မိဘဆိုတဲ့ အရှိန်အဝါနဲ့ လူထဲသူထဲ ဒီလိုလုပ်တာ ဦးလည်း မကြိုက်ဘူး …ငါ့တူနဲ့ ဦးကတော့ တူပြန်ပြီ၊ ကလေးတေါကို တုတ်နဲ့ ရိုက်ပြီး ဆုံးမတာမျိုး ဦး အမုန်းဆုံးပဲ …အခုလည်း ငါ့တူ အဲဒီကလေး အမေကို ပြောတဲ့စကားတွေက ဦးသာဆိုလည်း ဒါမျိုး ပြောမှာပဲ … ဦးရဲ့ကိုယ်စား မင်း ပြောပေးသလို ဖြစ်သွားတာပဲဟ"

"ဒီလို မိဘနဲ့ သားသမီး ဆုံးမတဲ့ကိစ္စမှာ ယဉ်ယဉ်ကျေးကျေး ပြေပြေလည်လည်နဲ့ ပြောတတ်ရှင်းတတ်သူတွေ များလာရင် … အကောင်းဆုံးပါ ဦးရယ် …"

မင်းထွန်းစကားကို ဦးဖေသိန်းတင်က ကျေနပ်သွားလို့ ခေါင်းညိတ်ပြလိုက်ပါတယ်။

http://www.linhtet.com



"ကိုဖေသိန်းတင် လာပါဦးဗျာ ..."

ဦးထွန်းဝေတစ်ယောက် အရေးကြီးတဲ့ပုံစံမျိုးနဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာရင်းက လှမ်းပြောလိုက်ပါတယ်။

"ဘယ်လိုဖြစ်တာလဲ ကိုထွန်းဝေရဲ့ ... ဒီလောက် ဖြစ်နေတာ"

"ဘာဖြစ်ရမှာလဲဗျာ ... ခင်ဗျားတို့လမ်းကော ကျုပ်တို့လမ်းကော နောက်လမ်းတွေကော မီတာမစောင်လို့ မီးဖြတ်မယ်ဆိုပြီး လျှပ်စစ်ရုံးကလာလို့ အဲဒါအားလုံး အုံ့အားတွေသင့်နေတာ၊ ရပ်ကွက်ရုံးမှာ အဲဒီဝန်ထမ်းတွေကို ခဏနေပါဦးဆိုပြီး ပြောထားရတယ် ... လာပါဗျာ"

"ဘယ်လိုတွေ ဖြစ်တာလဲ ကိုထွန်းဝေရာ ..."

"ကဲ ... ငါ့တူ၊ မင်းပါ လိုက်ခဲ့ကွာ"

မင်းထွန်းက ဦးဖေသိန်းတင်ကို ခေါင်းညိတ်ပြလိုက်ပါတယ်။ လက်ဖက်ရည်ဖိုးရှင်းဖို့ စားပွဲထိုးကို ခေါ်လိုက်တယ်။ ပြီးတော့ ရပ်ကွက်ရုံးကို လိုက်သွားမိပါတယ်။

⌘⌘⌘⌘

မင်းထွန်း ဘဝမှာ ဒါမျိုး ကြုံတောင့်ကြုံခဲ မြင်ကွင်းကိုလည်း တွေ့ခဲ့ရပါတော့တယ်။

⌘⌘⌘⌘

ဦးဖေသိန်းတင်တို့ ရပ်ကွက်ရုံးကို ရောက်တော့ လူတွေက တရုန်းရုန်းနဲ့ ဟိုနားတစ်စု ဒီနားတစ်စုနဲ့ ဖြစ်လို့နေပါတယ်။

"ကဲ ...ဥက္ကဋ္ဌကြီးရာ ကျွန်တော်တို့လည်း တာဝန်အရမို့ လာ

http://www.linhtet.com



ရတာ လမ်းသုံးလမ်းလုံးက မီတာခ မပေးတာ တစ်ခုခုတော့ လွဲချော်နေပြီလို့ ...''

လျှပ်စစ်ဌာနမှ ဝန်ထမ်းက ရပ်ကွက်ဥက္ကဋ္ဌကို မေးနေပါတယ်။

''လမ်းထဲကလူတွေကတော့ သူတို့ မီတာဆောင်ပြီးပြီပြောလို့ ဖြတ်ပိုင်းတွေ ပြန်ယူခိုင်းထားတယ် ...''

ရပ်ကွက်အေးချမ်းသာယာရေးဥက္ကဋ္ဌက ပြန်ပြီး ရှင်းပြနေပါတယ်။

''နေပါဦး ...အခု မီတာကို ကိုယ်တိုင်ဆောင်တာလား ... ဒါမှမဟုတ် ဘယ်သူ့ကို ဆောင်ခိုင်းသလဲ ...''

ဦးဖေသိန်းတင်က မေးလိုက်ပါတယ်။

''အရင်တုန်းက မီတာဆောင်ခိုင်းတဲ့လူက နှစ်ရာတောင်းလို့ ရပ်ကွက်ထဲက ဖိုးအေးက တစ်ရာနဲ့ သူ ဆောင်ပေးမယ်ဆိုလို့ ...ငွေတစ်ရာသက်သာတယ်ဆိုပြီး အိမ်တွေက ဝိုင်းဆောင်ခိုင်းကြတာ''

''ဒါဆို ကိုသန်းမောင် သေချာပြီ ... ဖိုးအေးက မီတာမဆောင်ဘဲ မီတာဖိုး ပိုက်ဆံတွေ ဒီကောင် သုံးပစ်တာ သေချာပြီ ...''

''မဟုတ်သေးဘူး ထင်တယ် ... ကိုဖေသိန်းတင် မီတာစာရွက်ဖြတ်ပိုင်း ပေးတာပဲ ...''

''ခင်ဗျားတို့ဟာလေ ငွေတစ်ရာ သက်သာတယ်ဆိုပြီး အရက်သမားကို ဘုရင်ခံတင်လို့ ဒီလိုမျိုးတွ ဖြစ်ကုန်တာ မီတာမဆောင် ဘဲ မီတာစာရွက် အရာပေးထားတဲ့နေရာကဟာကို ဆွဲဖြဲလိုက်ရင် မီတာဆောင်ပြီးသား ဖြစ်နေတာပဲ ... ဒီတော့ ဖိုးအေးကို သွားခေါ်၊ ဒီကောင် လာမှ ဒီပြဿနာအေးမှာ ''

ဦးဖေသိန်းတင်က ဦးသန်းမောင်ကို ပြောရင်းမှ ဖိုးအေးကို ခေါ်ခိုင်းလိုက်ပါတယ်။

http://www.linhtet.com



ရပ်ကွက်ဥက္ကဋ္ဌက လူလွှတ်ပြီး ဖိုးအေးကို ခေါ်ခိုင်းပါတယ်။

"ဥက္ကဋ္ဌ ... ဒီမှာ ဖြတ်ပိုင်းတွေ"

ရပ်ကွက်ရုံးစာရေးက မီတာစာရွက် ဖြတ်ပိုင်းတွေ ယူလာပြီး ပြပါတယ်။

"အဖေကြီး ... သေသေချာချာ ရှင်းနော်၊ မိတို့အိမ်နဲ့ ခေါင်ရင်း အိမ်တော့ မီးက ဖြတ်ပြီးနေပြီ ...တော်ကြာ မီးက မလာရင် ခက်ပြီ"

"အဲဒါပဲ မိရယ် ... မင်းတို့ကတော့ ငွေသက်သာဖို့ပဲ သိတယ်၊ ကျန်တာ ဘာမှ မသိဘူး"

"ကဲပါ ...ဆူမနေပါနဲ့မိ သွားမယ်၊ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ ဖိုးကုလားက နေမကောင်းလို့ မလာဘူးမဟုတ်လား"

မင်းထွန်းက ဝတီခင်ရဲ့အမေကို ကြည့်ရင်း ဝတီခင်နဲ့ အတော် တူတာပဲလို့ ကောက်ချက်ချမိပါတယ်။

"ဥက္ကဋ္ဌ...ဖိုးအေး မရှိဘူး၊ နယ်ကို သွားတယ်တဲ့"

"ဟေ...ပြဿနာပါပဲကွာ"

တစ်ဆက်တည်းဆိုသလို ဖိုးအေးကို သွားရှာခိုင်းတဲ့လူက ပြန် လာပြီး ပြောတဲ့အခါ ရပ်ကွက်ဥက္ကဋ္ဌခမျာ စိတ်ပျက်လက်ပျက် ဖြစ် သွားပါတယ်။

"ပြဿနာပါပဲ...နက်ဖြန် အိမ်မှာ အလှူရှိတာ ဒီနေ့ မီးဖြတ်ရင် တော့ ဒုက္ခဖြစ်ရချည်ရဲ့..."

"ဟော့ ဥက္ကဋ္ဌ...ခင်ဗျားမှာလည်း ဒီပြဿနာဆိုတာကြီးက ပါးစပ်က မချာဘူး၊ အခု ဘယ်လိုရှင်းမလဲဆိုတာ စဉ်းစားရမဲ့ဟာ... ဒီတော့ ဥက္ကဋ္ဌနဲ့ ဒီကလူကြီးအချို့ မြို့နယ်လျှပ်စစ်ရုံးကို လိုက်သွား၊ အကျိုးအကြောင်းသာ ရှင်းပြပေတော့...ဖိုးအေးက နယ်မှာ ကောင်း

http://www.linhtet.com



ကောင်း ဒီက မီတာဆောင်ခိုင်းတဲ့ပိုက်ဆံတွေနဲ့ ငြိမ့်နေပြီ…ဒီကောင် ပြန်လာမှ ဒီကောင့်ကို အကုန်ပြန်လျော်ခိုင်း…ဒါပဲ ရှိတယ်''

ဦးဖေသိန်းတင်က ဥက္ကဋ္ဌကို အသေးစိတ် စီစဉ်ညွှန်ကြားလို့ နေပါတယ်။

ဒါကို မင်းထွန်းရဲ့ ဘေးနားမှာ ရှိနေတဲ့တစ်ယောက်က ဦးဖေ သိန်းတင်ကို ကြည့်ရင်း သူ့ဘေးနားက လူကို…

''ဒီတစ်ခါကြတော့လည်း ဘုဂလန့်ကြီးက ဟုတ်နေတာပဲဟေ့၊ တော်သေးတာပေါ့ကွာ…လျှပ်စစ်ဝန်ထမ်းတွေကို အဆိုအမိန့်တွေ ပုံပြင်တွေ ဒဿနတွေနဲ့ မပြောတာ ဝန်ထမ်းတွေတော့ ကံကောင်း သွားတာ…''

မင်းထွန်း လက်ဖျောက်တစ်ချက် တီးလိုက်ပါတယ်။ ဒါကို ဦးဖေသိန်းတင်က သတိမထားမိ။

''ငါ့တူရေ…မင်းတော့ စိတ်ပျက်သွားပြီလား မသိဘူး… ရပ်ကွက်ဆိုတော့ လူစုံရိုက်အစုံပေါ့ကွာ…''

''ရပါတယ် ဦးရာ…လူတွေနဲ့အတူနေတော့ ဒါမျိုးတွေက ရှိ မှာပဲလေ…''

''ဒီပြဿနာမှာ ဖိုးအေး မမှားဘူး…မှားတာက မီတာဆောင် ခိုင်းတဲ့လူတွေပဲ၊ သူတို့က ဖိုးအေး သောက်တတ်စားတတ်တာ သိရ မှာ…သိသိချည်းနဲ့ လုပ်ခိုင်းတာ ဟိုက ဒီလိုလုပ်သွားတာ နည်း တောင် နည်းသေးတယ်…''

''ကဲ…ဦးလေးရေ၊ ဒါဆို ကျွန်တော့်ကို ခွင့်ပြုဦး၊ ကျွန်တော် သွားဦးမယ်…''

''အေး အေး…နက်ဖြန် တွေ့ကြတာပေါ့ကွာ…နက်ဖြန်ကျ

http://www.linhtet.com



ရင် ဒီလမ်းတွေမှာက မီးထွန်းဖို့ တိုင်တွေ ဘာတွေ စိုက်ကြ၊ မီးကြိုးတွေ ဘာတွေ ဆင်ဖို့ လုပ်ကြမှာပေ့ါ…လက်ဖက်ရည်ဆိုင်မှာ ဆုံကြတာပေ့ါကွာ…''

မင်းထွန်းက ခြေလှမ်းတွေကို ဖိုးကုလားအိမ်ကို ဦးတည်လိုက်တယ်။ ကိုဖိုးကုလားတစ်ယောက် နေမကောင်းဘူးဆိုတာ ဒေါ်မိမိခင်ရဲ့ အပြောအရ သိလိုက်ရတော့ သတင်းလေး ဘာလေး သွားမေးမှလို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီလိုမျိုး ဦးဖေသိန်းတင်နဲ့ ခင်မင်ဖို့ ကိုဖိုးကုလားဆီကနေ အစပြုခဲ့ရတာပဲလေ။

ကျေးဇူးမမေ့တတ်ဘူးဆိုရင်တော့ သူ့ကျေးဇူးတွေ ရှိတာပေ့ါ။

⌘⌘⌘⌘

ကိုဖိုးကုလားတို့ အိမ်ရှေ့ရောက်တော့ အိမ်ရှေ့ ကွပ်ပျစ်လေးပေါ်မှာ တုံးလုံးလှဲနေတဲ့ ကိုဖိုးကုလားကို တွေ့ရပါတယ်။

''ကိုဖိုးကုလား ရှိမလားလို့ ဝင်လာကြည့်တာ…ဒီနေ့ အလုပ်မသွားဘူးလား''

မင်းထွန်းက တမင်တကာ မသိချင်ယောင်ဆောင်ပြီး မေးလိုက်မိပါတယ်။

''ဝမ်းနည်းနည်းကိုက်နေလို့ကွ…''

''ဟ…ဒါဆို ဆေးသောက်လေ အစ်ကိုရဲ့…ဘာဆေးသောက်ထားလဲ''

''ဆေးသောက်ဖို့ မလိုပါဘူးကွာ…အရက်မသောက်တော့ ဝမ်းပျက်တယ်ထင်ပါရဲ့ကွာ''

http://www.linhtet.com



"ဗျာ…အရက်မသောက်လို့ ဟုတ်လား"

အရက်အမြဲတမ်းသောက်တဲ့ ကိုဖိုးကုလားက အရက်မသောက်ဘူးဆိုလို့ မင်းထွန်းက အံ့အားသင့်သွားပါတယ်။

"ညီလေး ပြောတဲ့နေ့ကစလို့ နောက်နေ့ကစပြီး အစ်ကို အရက်မသောက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်…တစ်သက်လုံး သောက်လာပြီးပြီပဲကွာ…အစ်ကို ခံနိုင်ရည်ရှိအောင် ကြိုးစားပါ့မယ်"

မင်းထွန်းရင်ထဲ မဖော်ပြနိုင်တဲ့ ဝမ်းသာမှုမျိုး ခံစားလိုက်ရပါတယ်။

"ဒါဆို အစ်ရာ ဒီလိုမလုပ်ပါနဲ့…ဆေးခန်းပြဖို့ ကျွန်တော် ဆေးဖိုး ကုသိုလ်ပြုပါမယ်၊ ရော့ အစ်ကို ဒီမှာ ငွေငါးထောင်"

"ညီလေးရာ…မင်းကိုတော့ အစ်ကို"

ကိုဖိုးကုလားထံက ဘာစကားသံမှ ထွက်မလာပါ။ မင်းထွန်းကတော့ ကြည်နူးမှုတွေနဲ့ ကိုဖိုးကုလားကို ကြည့်လိုက်ပါတယ်။

ဘဝမှာ ကိုယ့်ရဲ့ စကားလေးတစ်ခွန်းကြောင့် လူတစ်ယောက်ကောင်းတဲ့ဘဝမျိုး ဖြစ်သွားတာ တန်ဖိုးရှိတာက အမှန်ပါပဲ။

⌘⌘⌘⌘

http://www.linhtet.com

ဆဌမနေ့မှာ
မတော်တဆ သတိရမိတာက…
“ကျွန်တော်သည်
ချီးကျူးစကားတစ်ခွန်းကြားရလျှင်
နှစ်လကြာ
နေသာထိုင်သာရှိသွားပြီ”ဆိုတဲ့
အမေရိကန် စာရေးဆရာကြီး
“မာ့ခ်တွိန်း”ရဲ့ စကားပါပဲ။

(၉)

**"တောက်"**

ဟန်အေးက မကျေမနပ်တဲ့လေသံနဲ့ မင်းထွန်းကိုကြည့်ရင်းက ပြောလိုက်တာ ကိုမြတ်ကိုက ထိုင်ရာကနေ ထပြီး ပြတင်းပေါက်နားမှာ မတ်တတ်ရပ်လိုက်ပါတယ်။

"ဟော့ကောင်တွေ…အခု ဇာတ်သဘင်တွေ မရှိတော့တဲ့အခါမှာ မင်းတို့လို အခု ခပ်ညံ့ညံ့မင်းသား အမူအရာတွေနဲ့ဆို ပရိသတ်ကြိုက်လောက်တယ်…"

မင်းထွန်း စကားအဆုံး ဟန်အေးက…

"ဘာဖြစ်လဲကွာ…မကျေနပ်လို့ တောက်ခေါက်တော ဘယ်နဲ့ကွာ…ကိုယ့်ရည်းစားဆီက အဖြေရဖို့ ယောက္ခမအိမ် မီးဖြတ်တဲ့ကိစ္စရှင်းပေးရနဲ့…ဟော့ကောင်…မင်း အဲ့ဒီရပ်ကွက်ပြောင်းပြီး ယောက္ခမကိစ္စတွေ ဖြေရှင်းပေးဖို့ လူကြီးသွားလုပ်ပါလား….

http://www.linhtet.com



"စိတ်ချ ဟန်အေး…အဲ့ဒီရပ်ကွက်မှာ ဝတီခင်နဲ့ မင်္ဂလာဆောင်ပြီး ဥက္ကဋ္ဌကိုလုပ်ဦးမှာ…"

မင်းထွန်းက ဒီဗီဒီစက်ကို ဖွင့်လိုက်ပြီး…

"မင်္ဂလာစုံတွဲတေးအခွေ ထည့်လိုက်ပါဟယ်…."

"မင်္ဂလာဦးမှာ အခါတော်ပေးတာမို့ နတ်ရေးငယ်ရွှေစာ… လပြည့်ဝန်းရွှန်းလို့သာ ဝင်းပကာ နေရောင်ခြည်လိုဝင်းဝါ ခင့်မျက်နှာပါ…"

မင်းထွန်းက သီချင်းကို မျက်စိမှိတ်နားထောင်ရင်း စိတ်ကူးယဉ်နေမိပါတယ်…။

⌘⌘⌘⌘

စိတ်ကူးထဲမှာတော့ ပြောမနေပါနဲ့။ ဟိုတယ်ကြီးမှာ မင်္ဂလာဆောင်တာ ပရိသတ်တွေက အပြည့်ပါပဲ။

**"ဒစ်…ကွစ်…ကွစ်…"**

အရေးထဲ စိတ်ကူးကောင်းနေကာမှ စီဒီအခွေကထစ်လို့ စိတ်ကူးတွေ ပျက်သုန်းသွားပြီး ဦးဖေသိန်းတင်ဆီသွားဖို့ သတိရလို့ စီဒီအခွေကိုပိတ်ပြီး ပြေးရပါတော့တယ်။

⌘⌘⌘⌘

တစ်ခါတစ်ခါရံမှာ စီဒီအခွေထစ်တာကလည်း အရေးကြီးတဲ့ကိစ္စကို သတိရစေစရာပါပဲ။

http://www.linhtet.com



လက်ဖက်ရည်ဆိုင်ရောက်တော့ ဦးဖေသိန်းတင်ကို မတွေ့ရဘူး။ မင်းထွန်းကိုစောင့်တာ မလာလို့ ပြန်သွားပြီလို့ မင်းထွန်းက တွေးလိုက်တယ်။

"အစ်ကို ဦးဖေသိန်းတင်က မှာလိုက်တယ်…အစ်ကို ရောက်လာရင် သူတို့လမ်းထိပ်ကို လိုက်လာခဲ့ပါတဲ့…"

မင်းထွန်းက ပြုံးလိုက်ပါတယ်။ သေချာတာက ဦးဖေသိန်းတင် တစ်ယောက် သူ့ကို အတော်လေးခင်နေပြီလို့။

⌘⌘⌘⌘

မင်းထွန်းအဖို့ လာလို့သာလာရတယ်။ တော်ကြာ ဦးဖေသိန်းတင်တို့ လမ်းထိပ်မှာ ဦးဖေသိန်းတင်နဲ့ လေကောင်းနေတုန်း ကိုဖိုးကုလားတွေ့သွားရင် ပြဿနာတွေ ဖြစ်ရချည်ရဲ့လို့။

ဦးဖေသိန်းတင်တို့ လမ်းထိပ်နားရောက်တော့ လမ်းတိုင်းလမ်းတိုင်းမှာ တန်ဆောင်တိုင်မီးထွန်းဖို့ ဝါးလုံးတွေစိုက်နေတာကို တွေ့ရပါတယ်။

ဦးဖေသိန်းတင်တို့ လမ်းထိပ်မှာတော့ မဏ္ဍပ်ဆောက်နေတာ ပြီးလုပြီးခင် ဖြစ်နေတာ တွေ့ရပါတယ်။ မဏ္ဍပ်စင်မြင့်မှာ ဘုရားဆင်းတုတော်တွေကလည်း အများကြီးပါပဲ။

"လာဟေ့…ငါ့တူကို ဦးစောင့်နေသေးတယ်…ငါ့တူမလာလို့ လက်ဖက်ရည်ဆိုင်မှာတောင် မှာခဲ့သေးတယ်…"

မဏ္ဍပ်ေရွ႕ေရာက္ေရာက္ခ်င္းမွာ ဦးေဖသိန္းတင္က မင္းထြန္းကိုျမင္ၿပီး ေျပးေျပာလိုက္ပါတယ္။

"ဟုတ္တယ္ ဦးေရ…အလုပ္ကိစၥေလးေတြရွိေနလို႔ ေနာက္က်သြားတာ…ဒါနဲ႔ ဒီဘုရားဆင္းတုေတာ္ေတြက…"

"ဦးတို႔လမ္းမွာက ႏွစ္ဦး တန္ေဆာင္မုန္းလျပည့္တစ္ရက္ေန႔က်ရင္ မဟာဒုတ္ဘုရားမဲေဖာက္တယ္ေလ…နိဗၺာန္ေဈးလုပ္တာလည္း အိမ္တိုင္းလုပ္တယ္…ဘုရားမဲကိုလာတဲ့လူေတြ အလကားေပးၿပီး မဲေဖာက္ေပးတယ္…ဒီဘုရားဆင္းတုေတာ္နဲ႔ ေက်ာင္းေဆာင္ေတြက လမ္းထဲက အလွဴရွင္ေတြက လွဴၾကတာေလ…"

မင္းထြန္းအဖို႔ ဦးေဖသိန္းတင္ရဲ႕ စကားေၾကာင့္ ၾကည္ႏူးမိသားျဖစ္သြားပါတယ္။ သူတို႔ေနတဲ့ ရပ္ကြက္မွာက ဒါမ်ိဳးလုံးဝမရွိလို႔ပါ။

"လမ္းလူႀကီးေတြ မရွိဘူးလား"

မဏ္ဍပ္ေရွ႕က စားပြဲခုံမွာ မင္းထြန္းနဲ႔ ဦးေဖသိန္းတင္တို႔ေတြထိုင္ေနတုန္း လက္ေကာက္ဝတ္အျပည့္ ေရႊလက္ေကာက္၊ လည္ပင္းမွာလည္း ေရႊဆြဲႀကိဳးသုံးက်ပ္သားေလာက္ရွိတဲ့ အသက္ေလးဆယ္အရြယ္ မိန္းမတစ္ဦးက ေမးလိုက္ပါတယ္။

"ေဒၚတင္ေမပါလား…"

"ကၽြန္မ ဘုရားတစ္ဆူမဟာဒုတ္မဲလွဴမလို႔…ဒီမွာ ေငြတစ္ေသာင္းလာလွဴတာ…ၾကည္ညိဳသပၸာယ္စရာေကာင္းမယ့္ ဘုရားတစ္ဆူဝယ္ၿပီး လွဴေပးပါ…"

မဏ္ဍပ္ထဲမွာ ညႊန္ၾကားေနတဲ့ ဦးထြန္းဝေက ေဒၚတင္ေမဆီက ပိုက္ဆံကို ယူလိုက္တယ္။ ေဒၚတင္ေမ ပိုက္ဆံေပးၿပီး ထြက္သြားပါတယ္။

http://www.linhtet.com



"မတင်မေတို့ ကံကောင်းပုံများကွာ…အပွနားရဲ့ တတိယ မြောက် မိန်းမဖြစ်ရပေမယ့် အလှူအတန်းကတော့ မပျက်ဖူးဘူး…"

ဦးထွန်းဝေက လက်ထဲကကိုင်ထားတဲ့ ပိုက်ဆံတွေကို ကြည့် ရင်းက ပြောလိုက်ပါတယ်။

"ဒါဘာဆန်းလို့လဲ…ဆယ်နှစ်ဆယ်မိုး ချစ်လာတဲ့ ငယ်ရည်း စား ရုံးစားရေးကြီးဖြစ်တဲ့ မြင့်သိန်းကို မယူဘဲ လက်ကောက်တံ တောင်ဆစ်လောက်ဝယ်ဖို့ ရွှေဆွဲကြိုးကြီးကြီးဆွဲဖို့ ကိုယ့်အဖေလောက် ရှိတဲ့ အပွနားကိုယူတာ ဘာဆန်းလဲ…"

ဦးဖေသိန်းတင်က အသံအော်ကျယ်ကျယ်နဲ့ ပြောရင်းက…

"အဲ့ဒါပါပဲ ငါ့တူရယ်…ချစ်မေတ္တာအစစ်အမှန်ဆိုတာ ရုပ်ဝတ္ထု ပစ္စည်းတွေအောက်မှာ ပျောက်ကွယ်ရတာပါပဲကွာ…"

ဦးဖေသိန်းတင်က မင်းထွန်းဘက်ကိုလှည့်ပြီး သံဝေဂတရားရ တဲ့ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

"ဒါပေါ့ဦးရယ်…အင်္ဂလိပ်ကဗျာဆရာကြီး သောမတ်စ်ဂရေး က ပြောဖူးတာပေါ့၊ မည်သည့်မိန်းမရဲ့ နှလုံးသားက ရွှေကိုမုန်းသလဲ တဲ့၊ ဒီလိုပဲ ငါးကြော်မကြိုက်တဲ့ ကြောင်ဆိုတာက ရှိသလားတဲ့"

ဦးဖေသိန်းတင်က ပြုံးလိုက်ရင်းမှ…

"ငါ့တူရဲ့ ဥပမာအကိုးအကားကတော့ ဟုတ်နေတာပဲဟေ့… အဲဒီလို စကားပုံအဆိုအမိန့်တွေနဲ့ ဥပမာပေးတတ်တာကိုက လူကိုမြင် လိုက်တာနဲ့ ခိုင်းနိုင်းဖွဲ့ဆိုတယ်ဆိုတဲ့…အသိပညာက ခရစ်ယာန်သာ သနာပြု လွန်ဝက်စလီရဲ့ မေတ္တာ တစ်အောင်စသည် အသိပညာ တစ် ပေါင်နှင့် တန်ဖိုးတူနေသလိုမျိုးကို ဖြစ်နေပြီပေါ့…"

ဘာမှအဆက်အစပ်မရှိဘဲ ဦးဖေသိန်းတင်က အဆိုအမိန့်အကိုး အကားနဲ့ ပြောတာကို ဘေးနားမှာ နားထောင်တဲ့ လူတွေရှိနေတာမို့

http://www.linhtet.com



မထူးတော့ပါဘူး။ သိသလောက်မှတ်သလောက် မှတ်ထားတာတွေ ပြောမယ်ဆိုပြီး မင်းထွန်းက…

"မိန်းမတွေနဲ့ ပတ်သက်ပြီး ဘယ်သူရေးသလဲတော့ မသိဘူး၊ ဥရောပမှာကတော့ အမည်မသိစာဆိုလို့ပဲ သတ်မှတ်တယ်၊ အဲ့ဒီစာဆို ပြောတာကြည့်ဦးလေ၊ ကမ္ဘာကြီးမှာ မိန်းမတွေ မရှိမဖြစ်တဲ့အကြောင်း ကို ရေးထားတာ၊ ဥပမာ မြန်မာဆန်ဆန် အလွယ်ကူဆုံးပေးရရင် မိန်းမ တွေပြောတဲ့ စကားတွေက ဘဲဥသေတ္တာထဲကို ဘဲဥထည့်တဲ့အခါ ကောက်ရိုးခြောက်တွေနဲ့ ဘဲဥတွေကို ညှပ်သိပ်နေသလိုပဲတဲ့၊ အဲဒီ ကောက်ရိုးခြောက်တွေက ဘာမှတန်ဖိုးမရှိပေမယ့် အဲ့ဒီကောက်ရိုးခြောက် တွေမရှိရင် ဘဲဥတွေ ကွဲကုန်မယ်တဲ့…မိန်းမကလည်း အဲ့ဒါမျိုးပဲပေါ့"

မင်းထွန်းစကားအဆုံး ဦးထွန်းဝေက…

"ဗျို့…ကိုဖေသိန်းတင်…ခင်ဗျားရဲ့ မိတ်ဆွေ ဒီကောင်လေး က ဗဟုသုတတော်တော်စုံတယ်ဗျ…ခင်ဗျားလိုပဲ၊ အခု ခင်ဗျား ဒီ ကောင်လေးကို အရှုံးပေးရတော့မယ် ထင်တယ် … ခင်ဗျားလည်း ဥပမာ ဥပမာတွေနဲ့ ရှင်းပြတတ်တာမျိုး ဒီကောင်လေးကလည်း ရှင်း ပြနေတာလေ…တော်တော်တော့ ဆန်းနေတာပဲ…"

ဦးထွန်းဝေစကားကို ဦးဖေသိန်းတင်က သဘောကျသွားသည် ထင်ပါရဲ့…။

"လူဆိုတာ ထူးဆန်းတဲ့သတ္တဝါပဲလေ…လေးဘက်မသွားတာ ပဲရှိတယ်…လူဆိုတာမျိုးက မျောက်တွေ မြင်းတွေလိုပဲ ဂနာမငြိမ်ဖြစ် တတ်တယ်၊ မြည်းတွေလို ခေါင်းမာတယ်၊ ကုလားအုတ်လို အငြိုးကြီး တတ်တယ်၊ ဒါကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပဲလို့ အတွေး အခေါ်ရှင် စိတ်ပညာရှင် ဟတ်စလေကပြောတာ"

"ဦးပြောတာ မှန်ပါတယ်…အဲ့ဒီ စိတ်ပညာရှင်က ဟတ်စလေရဲ့

http://www.linhtet.com



စကားကို ရုရှားက စာရေးဆရာကြီး ဒေါ်စတိုယက်စကီက ပြန်ချေပ တာလား မသိဘူး၊ ပြောဖူးသေးတယ်၊ လူဆိုတာ ပြုပြင်ပြောင်းလဲ လွယ်တဲ့ သတ္တဝါပဲတဲ့…ဘယ်လိုပဲဖြစ်ဖြစ် ပြုပြင်ပြောင်းလဲလိုက်တဲ့ အခါ အချိန်တန်ရင် နေသားကျသွားတာပဲ…"

ဦးထွန်းဝေက မင်းထွန်းရဲ့ စကားအဆုံး ကျန်တဲ့မဏ္ဍပ်မှာ ဝိုင်း လုပ်နေတဲ့ လမ်းထဲကလူတွေကို…

"တွေ့လား…ခာတ်တူနာမ်တူတွေ တွေ့နေကြတာ…အမေး နဲ့ အဖြေလုပ်နေတာ ပညာရှိတွေအတိုင်းပဲဟ…"

"ဟုတ်တယ် ဦးရေ…ဒီတစ်ခါ အလုပ်ခွင့်စာမေးပွဲဖြေရင် တော့ အခုပြောတာတွေက ဗဟုသုတမေးခွန်းမှာ ဖြေလို့ရပြီး အနည်း ဆုံး လူတွေကြားထဲ ပြောရင်တော့ လူရှိန်တာပေါ့…"

ဖြစ်ပုံများနော်။ မဏ္ဍပ်ဆောက်တဲ့ လူငယ်လေးက အဲ့ဒီလိုပြော တာကို ဦးဖေသိန်းတင်က ကျေကျေနပ်နပ်ကြီးပြုံးရင်းက…

"ဒါပဲ ငါ့တူ…ဦးနဲ့ မိတ်ဆွေဖြစ်တဲ့ သူက ဦးလိုမျိုး ဗဟုသုတ ပြည့်စုံမှ ဦးကော ငါ့တူကော ဂုဏ်ရှိတာပေါ့…လေးစားတယ်ကွာ၊ ငါ့တူ ဗဟုသုတလိုက်စားမှုကို…"

မင်းထွန်းကတော့ ဦးဖေသိန်းတင်ရဲ့စကား နားထောင်ရင်း မနေ့က ရပ်ကွက်ရုံးမှာ ဦးဖေသိန်းတင်ကိုကြည့်ပြီး မသိမသာ အတင်း ပြောတဲ့လူကို ကျေးဇူးတင်ရုံမက အိမ်ပြန်ရောက်တော့ ဆရာကြီး တိုးတက်ရဲ့ အဆိုအမိန့်များစာအုပ်ကိုဖတ်ရင်း မှတ်မိသလောက် ပြန် ပြောရင်း ဦးဖေသိန်းတင်ရဲ့ ရှေးစကား နောက်စကားတွေနဲ့ တိုက်ဆိုင် သွားတာကိုက ကံကောင်းလှချည်ရဲ့လို့။

⌘⌘⌘⌘

http://www.linhtet.com



သေချာပါတယ်။ ဦးဖေသိန်းတင်ဆီမှာလည်း ဆရာကြီးဦးတက်တိုးရဲ့ အဆိုအမိန့်စာအုပ် ရှိကိုရှိရမယ်လို့။ ဦးဖေသိန်းတင်က ဖတ်ပြီးဘယ်နေရာမှာ ဘယ်အဆိုအမိန့်ရှိတယ်ဆိုတာ မမှတ်မိလို့သာနေရမယ်။ သူပြောတာတွေကလည်း အဲ့ဒီအဆိုအမိန့်စာအုပ်ထဲက အတိုင်းပဲလေ။

⌘⌘⌘⌘

http://www.linhtet.com



**တယ်လီဖုန်းတီထွင်ဖြစ်တာ**
**လူတွေစကားများများ**
**ပြောဖို့၊ ဆိုဖို့အတွက်လေလား။**
**ပြီးတော့**
**တယ်လီဖုန်းတီထွင်သူခများ**
**တယ်လီဖုန်းလှလှလေး**
**ဟမ်းဖုန်းပေါ့ဗျာ**
**မကိုင်ခဲ့ရတာ**
**သတ္တမမြောက်နေ့မှာ**
**ကျွန်တော်စိတ်မကောင်းဖြစ်မိတာ။**
**(စဉ်းစားရင်းပေါ့)**

http://www.linhtet.com



## (၁၀)

ပိုက်ဆံတွေကိုရေနေတဲ့ ဟန်အေးက သူ့ဘေးနားမှာရှိတဲ့ မြတ်ကိုရဲ့ မင်းထွန်းကိုတောင် သတိမထားအား။ တစ်ထောင်တန်သပ်သပ်။ ငါးရာတန်သပ်သပ်၊ နှစ်ရာတန်သပ်သပ်စီလို့။

"ဆိုးတော့မဆိုးဘူးဟေ့…မင်းထွန်းက မိန်းမတစ်ယောက်ဆီက မေတ္တာကိုရဖို့ ယောက္ခမကြီးနဲ့ ပြေလည်ဖို့ အသည်းအသန်ကြိုးပမ်းချိန်မှာ ငါတို့ ခေတ်ပုံကူးတဲ့ဆိုင်က စီးပွားတောင် ပိုတက်လာသလိုပဲ"

မြတ်ကိုက ပိုက်ဆံတွေရေနေတဲ့ ဟန်အေးကို ပြောလိုက်ပါတယ်။

"ဒါပေါ့ မြတ်ကိုရာ၊ စုတ်ကော လာဘ်ကောနှစ်ခုစလုံး ပြိုင်တူဝင်တဲ့ သဘောပေါ့…ဒီကောင့်ကို ငါ အလုပ်ဖြုတ်ချင်နေတာကြာပြီ၊ ဆိုင်မှာ ဒီကောင့်ရဲ့ တာဝန်တွေက လစ်ဟင်းသလိုလိုဖြစ်နေတာ…စီးပွားလေးကကောင်းနေလို့"

http://www.linhtet.com



ဟန်အေးက မင်းထွန်းကို မကျေနပ်တဲ့လေသံနဲ့ ပြောလို့နေပါတယ်။

"ဟန်အေး…ငါ့ကိစ္စက ပြီးတော့မှာ…မင်းတို့ ပါးစပ်တွေပိတ်စမ်းပါကွာ…ဒီနေ့ တန်ဆောင်မုန်းလပြည့်အကြိုနေ့၊ တန်ဆောင်တိုင်ရက်မှာ အလုပ်ကောင်းမှာကို လာဘ်ပိတ်တာတွေ မပြောနဲ့"

"အခု မင်းယောက္ခမရပ်ကွက် သွားဦးမှာ မဟုတ်လား၊ တော်သေးတာပေါ့ကွာ…ရှိတဲ့ကားကို မသုံးလို့…ဆီဖိုး တော်တော်ကုန်မှာ"

"ငါမသွားလို့ ဘယ်ရမလဲ မြတ်ကိုရာ၊ ယောက္ခမကြီးက သူ့ရဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက် ငါက သူ့အနားမှာ မရှိလို့မဖြစ်တော့ဘူးလေ၊ ဒီနေ့လိုမျိုးဆို ပိုပြီးတော့တောင် မျှော်ဦးမှာ၊ သူတို့လမ်းတွေမှာက မီးထွန်းတာတို့ နိဗ္ဗာန်ဈေးတို့ရှိသေးတယ်…သွားပြီဟေ့"

ပြောပြောဆိုဆိုပါပဲ။ မင်းထွန်းက ဆိုင်ထဲကနေ ထွက်သွားပါတယ်။

ကျန်ခဲ့တဲ့ မြတ်ကိုနဲ့ ဟန်အေးတို့ကတော့ မင်းထွန်းကို ကြည့်ရင်း ပြုံးနေရဲ့။

သေချာတာကတော့ မင်းထွန်းတစ်ယောက် ဒီရပ်ကွက်ထဲမှာ လမ်းကြောင်းတွေရှုပ်တော့မှာပါပဲ။

⌘⌘⌘⌘

"ဟဲ့…ဝတီခင်…အခုတို တန်ဆောင်မုန်းလပြည့်အကြိုနေ့မှာတောင် ဆိုင်မပိတ်အားဘဲ နင် ကြိုးစားနေပါလား၊ ဘာလဲ ယောက်ျားယူရင် တစ်ခါတည်း တင်တောင်းဖို့လား"

http://www.linhtet.com



ဆိုင်ထဲမှာ အင်္ကျီအဝတ်အစားတွေကို ပြန်ပြီး သပ်သပ်ရပ်ရပ် ချိတ်တွေမှာ ချိတ်နေတဲ့ ဝတီခင့်ကို ဆိုင်ထဲဝင်လာတဲ့ ခိုင်ခိုင်က လှမ်းပြောလိုက်ပါတယ်။

"ကြိုးစားမယ်တော်ရေ့…ဒီလိုနေ့မျိုးက ဈေးရောင်းကောင်းတဲ့နေ့မျိုးလေ…နင်တို့လိုတော့ အားအားရှိ သွားလိုက်လာလိုက်နဲ့ မနေနိုင်ပါဘူးဟာ…"

"ဟဲ့…ဝတီခင်…ဒါနဲ့…နင့်ရဲ့ ကိုမင်းထွန်းတစ်ယောက် အခုတလော မတွေ့ရပါလား"

ကြည်ကြည်ဝင်းက အင်္ကျီတစ်ထည်ကောက်ကိုင်ကြည့်ရင်းကနေ မေးလိုက်ပါတယ်။

"ဘယ်တွေ့ရမလဲ…သူ စစ်ဆင်ရေး ဆင်းနေတယ်လေ"

"ဟဲ့…ဝတီခင်…နင့်စကားက ဘယ်လိုဟာကြီးလဲ၊ ငါတော့ နားရှုပ်သွားပြီ"

ခိုင်ခိုင်က စပ်စုတဲ့ အမူအရာမျိုးနဲ့ မေးလိုက်ပါတယ်။

"သူ့ကို ငါက အဖြေပေးမယ်…ဒါပေမယ့် ငါ့ရဲ့ဖေဖေကို ဆယ်ရက်အတွင်းမှာ သူ ရင်းနှီးခင်မင်လာအောင် စည်းရုံးရမယ်လို့၊ အဲ့ဒီလို စည်းရုံးနိုင်ရင် ငါက သူလိုချင်တဲ့အဖြေပေးမယ်လို့…"

"ဟယ်…ကောင်မ၊ နင်လေ…တော်ကြာ နင့်အဖေ ဘုဂလန့်ကြီးနဲ့ ပြဿနာတွေဘာတွေ တက်နေဦးမယ်"

ကြည်ကြည်ဝင်းက အလန့်တကြားပြောလိုက်ပါတယ်။

"ဒါနဲ့…အခု ကိုမင်းထွန်းက နင့်အဖေနဲ့ ရင်းနှီးဖို့လုပ်တာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ဒီနေ့နဲ့ဆို ခုနစ်ရက်ရှိပြီ ခိုင်ခိုင်ရဲ့"

"ဘယ်လိုလဲ အဆင်ပြေလား"

http://www.linhtet.com



"အဆင်ကတော့ ဘာပြေသလဲ မမေးနဲ့ ကြည်ကြည်ဝင်းရေ၊ ဖေဖေက သူ့မှာသူဖြစ်နေတာ…ရပ်ကွက်ထဲကတောင် အံ့အားသင့်နေတယ်"

ဝတီခင်ရဲ့ စကားအဆုံး…

"ဟယ်…ဝတီခင်…ဒါဆို…နင်…အိုရတော့မယ်…နင့်ဟာဟယ် နင်က ကိုမင်းထွန်းကို သံယောဇဉ်မရှိတာလည်း မဟုတ်ဘဲနဲ့…"

"ဟဲ့…ခိုင်ခိုင်…အဲ့ဒါလည်း တစ်မျိုးကောင်းတယ်၊ တကယ်လို့ ဝတီခင်နဲ့ ကိုမင်းထွန်း အိမ်ထောင်ကျရင် ယောက္ခမကြီးနဲ့ မတည့်စရာ မလိုတော့ဘူးပေါ့ဟာ"

ခိုင်ခိုင်နဲ့ ကြည်ကြည်ဝင်း ပြောနေတာကို ကြည်ကြည်နူးနူးကြီးနားထောင်နေတဲ့ ဝတီခင်တစ်ယောက် အင်္ကျီပုံပေါ်လက်ထောက်လိုက်တာ အရှိန်လွန်ပြီး အင်္ကျီတွေအောက်ပြုတ်ကျကုန်လို့ ကောက်ရပါရောလား။

ဒါကို ဟိုနှစ်ယောက်မသိရေးချမသိ။

⌘⌘⌘⌘

ဦးဖေသိန်းတင်တို့ လမ်းထိပ်ရောက်တော့မှ မနေ့က ဆောက်ထားတဲ့ မဏ္ဍပ်က ပြီးလို့နေပါပြီ။ စင်မြင့်ပေါ်မှာ ဘုရားကျောင်းဆောင်တွေက အစီအရီတင်ထားတာ တကယ့်ကို သပ္ပာယ်ဖို့ကောင်းပါတယ်။ ဆီမီးတွေကော၊ သစ်သီးတွေကော ပူဇော်ကပ်လှူလို့ထားပါတယ်။ မဏ္ဍပ်ရဲ့ အပြင်အဆင်ကို ကြည့်တာနဲ့တင် ဦးဖေသိန်းတင်ရဲ့ လမ်းထဲကလူတွေရဲ့ ကြွယ်ဝမှုကို သိနိုင်ပါတယ်။

http://www.linhtet.com



"ဟော…မနေ့က အစ်ကိုပါလား…လာဗျာ…ဦးဖေသိန်းတင်က လူကြီးတွေနဲ့ ဘုန်းကြီးကျောင်းသွားတယ်၊ မနက်ဖြန် လပြည့်နေ့ ဒီမဏ္ဍပ်မှာ ဘုရားတွေ အနေကဇာတင်ရမယ်လေ…ဆရာတော်ကို သွားလျှောက်တာ…"

မဏ္ဍပ်ထဲမှာရှိတဲ့ လူငယ်လေးတစ်ဦးက မင်းထွန်းကို ပလတ်စတစ်ခုံတစ်လုံးချပေးပြီး ထိုင်ခိုင်းပါတယ်။ မင်းထွန်းလည်း ဦးဖေသိန်းတင်ကိုစောင့်ရင်း ဟိုကြည့်ဒီကြည့် ကြည့်လို့နေပါတယ်။

"သောင်းဝင်းရေ…ဒီည အစီအစဉ်ဘာရှိလဲ"

လမ်းထိပ်ကမဏ္ဍပ်ဘေးကို ဆလွန်းကားတစ်စီး ထိုးရပ်လိုက်ပြီး ဟမ်းဖုန်းခါးမှာချိတ်ထားတဲ့ လူငယ်တစ်ဦးက ဆင်းလာပြီး မေးလိုက်တာပါ။

"ဒီည တုတ်ကြီးတို့အိမ်မှာ ကြက်သားချက်မယ်၊ ဘီယာလေးဘာလေးပါမယ်ဟ"

မဏ္ဍပ်ထဲမှ သောင်းဝင်းဆိုသူက လှမ်းပြောလိုက်ပါတယ်။ အဲ့ဒီအချိန်မှာ ကားပေါ်က ဆင်းလာတဲ့ လူငယ်ရဲ့ ဟမ်းဖုန်းက ဖုန်းမြည်လာလို့ အဲ့ဒီလူငယ်က ဖုန်းပြောပါတယ်။

"ဟာကွာ…အဲ့ဒီလောက်ဆို လွှတ်လိုက်လေ…ကိုယ့်အတွက် ငါးသိန်းက သူတို့ကို နှစ်သိန်းပေးရင် သုံးသိန်းကျန်မှာပဲ လုပ်လိုက်၊ ညနေ ငါလာမယ်…ဒါပဲနော်"

ကားပေါ်က လူငယ်က ဟမ်းဖုန်းကို အိတ်ထဲပြည်မထည့်သေးဘဲ လက်ကကိုင်ထားရင်း…

"ဒီနေ့တော့ လာဘ်ကောင်းပြီ သောင်းဝင်းရေ…"

"ဟေ့ကောင်…မင်း သိပ်ကံကောင်းတယ်…ဦးဖေသိန်းတင် မတွေ့လို့ အဲ့ဒီလူကြီးက ဒီလိုဟမ်းဖုန်းတွေ ဘာတွေ သူ့ရှေ့မှာဆက်

http://www.linhtet.com



ရင် အော်ကျယ်ကျယ်နဲ့ ဖုန်းပြောရင် သိပ်မုန်းတာ…ဘေးဘီကို ဘယ်သူမှ ဂရုစိုက်တာမဟုတ်ဘူး"

ဟမ်းဖုန်းကိုင်ထားတဲ့ လူငယ်က…

"ဟေ…ကိုယ့်ပစ္စည်းနဲ့ ကိုယ် အမုန်းခံရတာပေါ့ ဟုတ်လား၊ ဒါဆို ဒီဘဲကြီးမလာခင် လစ်ပြီ…ညမှတွေ့မယ်"

ဟမ်းဖုန်းကိုင်ထားတဲ့ လူငယ်က ဟိုကြည့်ဒီကြည့် ကြည့်ရင်း က ကားပေါ် တံခါးဖွင့်ပြီး မောင်းထွက်သွားပါတယ်။

အဲ့ဒီအဖြစ်အပျက်တွေကို မသိမသာမြင်ရ ကြားရတဲ့ မင်းထွန်း ကတော့ ပြုံးလို့ပါပဲ။

⌘⌘⌘⌘

ဦးဖေသိန်းတင်ကို စောင့်နေတဲ့ မင်းထွန်းအဖို့ နားတော်တော် ညည်းလို့လာပါတယ်။

ကြည့်လေ။ လမ်းတွေ လမ်းတွေက အပြိုင်အဆိုင်ဖွင့်ထားတဲ့ မဏ္ဍပ်တွေက ဆောင်းဘောက်ကြီးတွေနဲ့ သူ့ထက် ငါ အပြိုင်အဆိုင် ဖွင့်နေကြတာ မဏ္ဍပ်တွေနဲ့ စင့်မြင့်ထက်မှာ မဟာဒုတ်မဲဖောက်ဖို့ သီ တင်းသုံးနေတဲ့ ဘုရားဆင်းတုတော်တွေမှ အားမနာ။

"သြော်…ငါ့တူကြီး စောင့်နေရတာကြာပြီ ထင်တယ်… အေး ကွာ…ဆရာတော်နဲ့ စကားကောင်းနေလို့…နက်ဖြန်အတွက်ကွာ၊ အစီအစဉ်တွေလုပ်နေရတာပေါ့"

ဘုန်းကြီးကျောင်းကပြန်လာတဲ့ ဦးဖေသိန်းတင်က မင်းထွန်း ကို မြင်ပြီး လှမ်းပြောလိုက်ပါတယ်။

http://www.linhtet.com



"ငါ့တူ…ထမင်းမစားသေးရဘူး ထင်တယ်…လာကွာ… ဆိုင်မှာသွားစားမယ်…ဦး ကျွေးပါမယ်ကွ"

"နေပါ ဦးရယ်"

"ဘာနေရမှာလဲကွ…မင်းက ငါ့မိတ်ဆွေပဲဟာ၊ ငါကျွေးမှာ ပေါ့"

ဦးထွန်းဝေက ဦးဖေသိန်းတင်ကိုကြည့်ရင်းက…

"ငါ့တူ…ကိုဖေသိန်းတင်ဆီက စားရခဲ့တယ်…လိုက်သာ သွားဟော့…မင်း…ကြုံခဲ့တယ်နော်"

ဦးဖေသိန်းတင်ကတော့ ဘာမှမပြောဘဲ ပြုံးပြုံးကြီးရှိနေလို့။

"ငါ့တူ…ဈေးနားက ဆိုင်သွားမယ်၊ အဲ့ဒီမှာက ကောင်းတယ်"

"ဟုတ်ကဲ့…ဦးလေး"

အဲ့ဒီနောက် မကျော်ကနေ မင်းထွန်းနဲ့ ဦးဖေသိန်းတင် ထွက် လာခဲ့ပါတယ်။

လမ်းမှာ မင်းထွန်းကြုံခဲ့ ခံစားခဲ့ရတာကတော့ဗျာ။ ပြောမပြော ချင်တော့ပါ။

နေက တော်တော်လေးပူနေပါတယ်။ ဈေးထိပ်ကို ခြေလျင် လျှောက်ရမယ်ဆိုလျှင် တော်တော်လေး လမ်းက လျှောက်ရမှာပါ။ ဒီအချိန်မှာ ဆိုက်ကားတစ်စီးက ရောက်လာပါတယ်။

http://www.linhtet.com



"အတော်ပဲ ငါ့တူရယ်…ဆိုက်ကားစီးသွားတာပေါ့ကွာ… နေပူရင် နှာတွေဘာတွေစီး အပူရှပ်နေဦးမယ်"

ဦးဖေသိန်းတင်က ဆိုက်ကားကို လှမ်းပြီးတားလိုက်ပါတယ်။

"ဈေးထိပ်က မိဘမေတ္တာထမင်းဆိုင်ကိုသွားမယ်…ငါ့တူ တက်ကွာ…"

ဦးဖေသိန်းတင်က ဆိုက်ကားပေါ် အရင်တက်လိုက်ပြီး မင်းထွန်းကိုပါ တက်ခိုင်းလိုက်ပါတယ်။ အခုနေအချိန်မျိုးကို ဝတီခင်တစ်ယောက် မြင်လိုက်ရရင် ဘာများပြောလေမလဲလို့ မင်းထွန်း စဉ်းစားနေမိပါတယ်။

ဆိုက်ကားစီးနေရင်း မင်းထွန်းကသာ ဘာမှမပြောတာ။ ဦးဖေသိန်းတင်က ဆိုက်ကားသမားကို အင်တာဗျူးလုပ်လေသလား မှတ်ရပါတယ်။

"မင်းအသက်က ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်ငါးပါ"

"အိမ်ထောင်ရှိလား"

"ရှိတာတော့ မပြောနဲ့၊ ကလေးကတင် ငါးယောက်"

"အေးပေါ့ကွာ…ရှာရပြီပေါ့"

"ဒါပေါ့ အစ်ကိုကြီးရာ၊ တစ်နေ့လုပ် တစ်နေ့စား မဟန်ပါဘူး"

"အေးကွာ…ဒီအလုပ်မျိုးကိုတော့ ရေရှည်မလုပ်ပါနဲ့ကွာ… ဥတုသုံးပါးမရွေး ကိုယ်ခန္ဓာအရင်းပြုပြီး ခြေထောက်နဲ့ အားကိုးပြီး ရှာစားရတာ ပင်ပန်းပါတယ်ကွာ…"

"အလုပ်ပြောင်းချင်တာပေါ့ဗျာ…အရင်းအနှီးကမှ မရှိတာ"

"ဟုတ်တယ်…ဘဝမှာ အရင်းအနှီးကလည်း လိုအပ်တာပေါ့ လေ….ရသလောက်တော့စုကွာ…အသုံးနဲ့ အဖြုန်း ချင့်ချိန် ကြား

http://www.linhtet.com



လား…ကိုယ့်မှာက မိသားစုနဲ့၊ ကိုယ်လိမ္မာမှ ကိုယ့်မိသားစု ထမင်းဝမှာ"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရာ…ကျွန်တော့်ကို စာနာပြီး အကြံပေးတာ"

ဒီလိုတော့လည်း ဦးဖေသိန်းတင်က ကြင်နာတတ်တဲ့ စရိုက်ရှိသားလို့ မင်းထွန်းက ချီးကျူးနေမိပါတယ်။ အဲ…မိဘမေတ္တာထမင်းဆိုင်ရှေ့ကို ဆိုက်ကားက ရပ်တဲ့အခါ ဦးဖေသိန်းတင်က ဆိုက်ကားသမားကို…

"ကဲ…ဘယ်လောက်လဲ"

"နှစ်ယောက်ဆိုတော့ သုံးရာပါ အစ်ကိုကြီးရာ"

ဦးဖေသိန်းတင်က ဆိုက်ကားသမားကို သေသေချာချာကြည့်လိုက်ရင်းမှ…

"ဘာကွ…သုံးရာ ဟုတ်လား…ဒီလမ်းကို နှစ်ရာထဲပေးနေရတာပါကွ"

"အစ်ကိုကြီးရာ၊ အစ်ကိုကြီးတို့က နှစ်ယောက်စီးတာလေ…ဒါ…ဆိုက်ကားသမားတိုင်း ပုံမှန်တောင်းတဲ့ဈေးပါ"

ဆိုက်ကားသမားခမျာ နည်းနည်းဒေါသထွက်သွားပါတယ် ထင်ပါရဲ့။

"မင်းတို့ဆိုက်ကားသမားတွေဟာလည်း ဒီအတိုင်းပဲ…ဈေးမမေးရင် မမေးသလို ပိုက်ဆံကို ယူလိုက်ရမှ စားဝင်အိပ်ပျော်တယ်ထင်တယ်"

"အစ်ကိုကြီး…ကျွန်တော့်ကို ဒီလိုမပြောပါနဲ့၊ ကျွန်တော်ဟာ ဆိုက်ကားနင်းစားတယ်ဆိုပေမယ့် အကျင့်စာရိတ္တကို တန်ဖိုးထားတဲ့သူပါ"

"ဒါတွေ ငါမသိဘူးကွာ…နှစ်ရာပဲပေးမယ်"

http://www.linhtet.com



ဆိုက်ကားသမားက ဒေါသထွက်စွာနဲ့ ဦးဖေသိန်းတင်ကို ထပ်ကြည့်လိုက်ပါတယ်။ သူ့အကြည့်က စောစောတုန်းက ဦးဖေသိန်းတင် ပြောနေတာတွေ ဘယ်လိုဖြစ်လို့ အမူအရာပြောင်းသွားလဲဆိုတဲ့ အံ့သြခြင်းတွေလည်း ပါဝင်နေပါတယ်။

"ကျွန်တော့်ကို ဒီနှစ်ရာပေးမနေပါနဲ့၊ ခွန်အားနဲ့လှူတယ်လို့ပဲ သဘောထားလိုက်ပါတယ်"

ဆိုက်ကားဆရာက စကားပြောပြီး လှည့်ထွက်မယ်အလုပ် ဦးဖေသိန်းတင်က...

"နေပါဦးကွာ...ရော့ သုံးရာ...ငါက မင်းစိတ်ကို စမ်းကြည့်တာပါကွ...မင်း မာနရှိသားပဲ...ဟဲ...ဟဲ..."

ဆိုက်ကားသမားက အံ့အားတသင့် ပိုက်ဆံယူရင်းမှ...

"ဟာဗျာ...အဲ့ဒီလိုမနောက်ပါနဲ့...ဒါ ရုပ်ရှင်ရိုက်နေတာမှ မဟုတ်တာ၊ တကယ်ဗျာ မကြုံဖူးဘူး"

ဆိုက်ကားသမားက ရယ်ချင်သလိုဖြစ်သွားရင်းမှ ဆိုက်ကားနင်းထွက်သွားပါတယ်။

မင်းထွန်းလည်း ခေါင်းစားသွားပါတယ်။ တော်တော်လေး ရစ်တဲ့ ဦးဖေသိန်းတင်ပဲလို့။

ဒီလူကြီးနဲ့သာ ရေရှည်တစ်အိမ်တည်းနေရရင် မလွယ်ရေးချမလွယ်။

"ငါ့တူရာ...တစ်ခါတလေတော့ ဒါမျိုးလေးက အရသာရှိတယ်ကွ...ဟား...ဟား..."

ရယ်ရင်းမောရင်းမှ ဦးဖေသိန်းတင်က ထမင်းဆိုင်ထဲ ဝင်လိုက်ပါတယ်။ မင်းထွန်းကလည်း ဦးဖေသိန်းတင်နောက်က လိုက်ဝင်လာပါတယ်။

http://www.linhtet.com



ထမင်းဆိုင်က ဟင်းချက်တော်တော်ကောင်းပါတယ်။ ထမင်းနဲ့ ဟင်း ဗိုက်ဆာဆာနဲ့ စားလိုက်တာ မင်းထွန်းအဖို့ ဘာကိုမှ သတိမရတော့ပါ။

⌘⌘⌘⌘

"ဦး ခဏလေးနော်…ဟိုးရှေ့က လမ်းဘေးဖုန်းကနေ ဆိုင်ကို ဆက်လိုက်ဦးမယ်"

"သြော်…အေးအေး…အေးအေးဆေးဆေးသာဆက်ကွာ"

မင်းထွန်းက ထမင်းဆိုင်ရှေ့က ပီစီဖုန်းဆီသွားလိုက်ပါတယ်။ စိတ်ထဲကလည်း စောစောတုန်းက ဆိုက်ကားသမားကိုရစ်တဲ့ ဦးဖေသိန်းတင် တွေ့မယ်လို့။

မြို့ထဲကဆိုင်ကို ဖုန်းဆက်တော့ မြတ်ကိုက ဖုန်းကိုင်ပါတယ်။ ဘာအကြောင်းထူးလို့လဲမေးတော့ ဘာမှမဟုတ်ဘူး။ ဘာလုပ်နေလဲလို့ ဆက်တာဆိုတော့ ဖုန်းထဲကနေ မြတ်ကိုက မေတ္တာပို့ပါလေရော။ တယ်လီဖုန်းကို ပြန်ချပြီး ကျသင့်ငွေ ငါးဆယ်ပေးပြီး ဦးဖေသိန်းတင် ရှိနေတဲ့ ထမင်းဆိုင်ထဲ ပြန်ဝင်လာခဲ့ပါတယ်။

"ငါ့တူ ဖုန်းဆက်တာ မြန်လှချည်လား"

"ဆိုင်မှာ အခြေအနေဘယ်လိုရှိလဲမေးတာပါ…အေးဆေးပါပဲ"

မင်းထွန်းစကားအဆုံး ဦးဖေသိန်းတင်က…

"ငါ့တူ…မင်းလည်းကွာ၊ ဆိုင်ကြီးကနားကြီး ဖွင့်နေတာ…ဘာဖြစ်လို့ ဟမ်းဖုန်းမကိုင်တာလဲ"

http://www.linhtet.com



ဦးဖေသိန်းတင်စကားကြောင့် မင်းထွန်းက စိတ်ထဲကနေ ပြုံးလိုက်ပါတယ်။ ဒီတစ်ခါတော့ ကိုယ့်အလှည့်ပဲလို့။

"တယ်လီဖုန်းတီထွင်တဲ့ ဂရေဟမ်ဘဲလ်ကို ဂုဏ်ပြုလို့ပါဦးရာ"

"ဟေ…မင်းစကားက ဘယ်လိုလဲ…ဦးတော့ နည်းနည်းခေါင်းရှုပ်သွားပြီ"

မင်းထွန်း ကျေနပ်သွားပါတယ်။ သူ့စကားက ဦးဖေသိန်းတင်နည်းနည်းတော့ ခေါင်းစားသွားပြီဆိုတာ။

"ဒီလိုလေ ဦးရဲ့…ဂရေဟမ်ဘဲလ်က တယ်လီဖုန်းတီထွင်တဲ့ ရည်ရွယ်ချက်က ဒေသတစ်ခုကနေ အဝေးကြီးမှာရှိနေတဲ့ လူတွေအတွက် ဆက်သွယ်မှုလွယ်ကူအောင် သတင်းတွေ အမြန်ရောက်အောင် တောတွေတောင်တွေ ပင်လယ်တွေ သမုဒ္ဒရာတွေဖြတ်ကျော်ပြီး လေလှိုင်းထဲကနေရောက်ဖို့ တီထွင်ပေးတာ၊ ဒါကို အခုကြတော့ လူတွေက အဲ့ဒီလို ရည်ရွယ်ချက်ကနည်းနည်း၊ ဟုတ်ဟုတ် မဟုတ်ဟုတ် လက်ထဲဟမ်းဖုန်းလေးကိုင်ပြီး ကြွားဖို့ဝါဖို့ လုပ်နေကြတာ၊ ဟိုးတုန်းက လူတွေက စီးနေတဲ့ကားပြိုင်ကြတယ်၊ အဲ့ဒါတွေကို စိတ်ပျက်လို့ ကျွန်တော်ဟမ်းဖုန်းမသုံးဘဲ လမ်းဖုန်းသုံးတာ"

မင်းထွန်းစကားအဆုံး ဦးဖေသိန်းတင်ရဲ့ မျက်နှာက တစ်စုံတစ်ခုကို ကျေနပ်တဲ့အမူအရာမျိုး ပေါ်လွင်သွားပါတယ်။

"မှန်တာပေါ့ ငါ့တူရာ…ဒီတစ်ခါလည်း မင်းနဲ့ ဦးက အကြိုက်ချင်းတူသွားပြန်ပြီ…အလကားလူတွေ ကြွားစရာမရှိ လူကြားထဲ အရေးမကြီးလည်း ဟမ်းဖုန်း သူ့ထက်ငါဆက်ပြီး ကြွားနေကြတာ… ဦးကလေ လုပ်မကောင်းလို့၊ ဦးရဲ့ဇရိယာခြံဝင်းအနီးအနားတွင် ဟမ်းဖုန်းမဆက်ရဆိုပြီး ဥပဒေတောင် ထုတ်ချင်နေတာကွ…"

http://www.linhtet.com



ဦးဖေသိန်းတင် စကားနားထောင်နေတဲ့ မင်းထွန်း ကိုယ့်ကိုယ်ကိုယ် ကျေးဇူးပြန်တင်နေမိပါတယ်။

⌘⌘⌘⌘

ကျေးဇူးမတင်လို့လည်း မရဘူးလေ။ သူကိုင်နေတဲ့ ဟမ်းဖုန်းပျက်လို့ အသစ်မဝယ်အားသေးတာကိုက ကံကောင်းနေလို့ပါပဲ။

နို့မို့လို့ကတော့ အဲ့ဒီတစ်ချက်တည်းနဲ့တင် အဝေးကွင်းမှာ ရှုံးပြီ။

⌘⌘⌘⌘

အငွေ့မနေ့
ကြယ်တွေစုံတဲ့ လပြည့်ညမှာ
ကျွန်တော့်အဖို့
မေ့တတ်တာတွေ ခပ်များများ
ရှိပါလျက်နဲ့
ချစ်သူကိုကြတော့
ဘာလို့ မမေ့ရပါလဲကွယ်။

http://www.linhtet.com

(၁၁)

တန်ဆောင်မုန်းလပြည့်နေ့ဆိုတော့ ဒီနေ့ ဆိုင်ကလည်း ပိတ်တယ်။ မနက်ကတည်းက ဘာလုပ်ရမလဲ စဉ်းစားတော့ ဦးဖေသိန်းတင်ဆီ အရင်သွားရင် ကောင်းမလား။ ဒါမှမဟုတ် ဘုရားသွားရရင် ကောင်းမလားလို့။

နောက်ဆုံးတော့ မင်းထွန်း စဉ်းစားမိတာက ရွှေတိဂုံဘုရားသွားပြန်ရင်လည်း လူတိုးခံရမှာမို့လို့ ဦးဖေသိန်းတင်တို့ရပ်ကွက်ဆီသွားတာပဲ ကောင်းမယ်လို့။

ဝတီခင်နဲ့ သူနဲ့ နှစ်ယောက်သား သဘောတူချမှတ်ထားတဲ့ အစီအစဉ်ကလည်း ရာနှုန်းပြည့် ကိုယ့်ဘက်ပါလုနီးပါး ဖြစ်နေပြီ။

သေချာတာကတော့ သန်ဘက်ခါ ဆယ်ရက်မြောက်ပြီးရင်တော့ ဝတီခင်ရဲ့ နှလုံးသား မင်းထွန်းလက်ထဲ ထိုးအပ်ရပြီဆိုတာပါပဲ။

http://www.linhtet.com



အဲ့ဒီလိုတွေးရင်း မင်းထွန်း ကားငှားစီးလာတာ ဦးဖေသိန်းတင် တို့ရပ်ကွက် ရောက်မှန်းမသိ ရောက်ကိုလာရော။

ဒါအချစ်ရဲ့ တွေးတောမှုအားတွေပဲ ဖြစ်မှာပါ။

⌘⌘⌘⌘

အရင်ဆုံး မင်းထွန်းက ဦးဖေသိန်းတင်တို့ လမ်းထိပ်မဏ္ဍပ်ဘက် မသွားသေးဘဲ လက်ဖက်ရည်ဆိုင်မှာ ဦးဖေသိန်းတင်ရှိလေမလား အရင် သွားလိုက်ပါတယ်။

“ညီလေး…လာကွာ..လက်ဖက်ရည်သောက်”

လက်ဖက်ရည်ဆိုင်ထဲကနေ လှမ်းအော်သံကြားလို့ ကြည့်လိုက် တော့ လက်ဖက်ရည်သောက်နေတဲ့ ကိုဖိုးကုလားက လှမ်းခေါ်လိုက် တာပါ။

“ဒီနေ့ ဘယ်လိုဖြစ်လို့ လက်ဖက်ရည်ဆိုင် ရောက်နေတာလဲ အစ်ကိုရ”

“ဒီနေ့ ကိုယ့်အလုပ်ရှင်က ခွင့်ပေးတယ်လေ…လပြည့်နေ့ဆို တော့ ဘုန်းကြီးကျောင်းမှာ ဥပုသ်သွားစောင့်မလို့”

“ဗျာ…ဥပုသ်စောင့်မလို့ ဟုတ်လား”

မင်းထွန်းက အံ့အားတသင့် မေးလိုက်ပါတယ်။

“မအံ့သြပါနဲ့ ညီလေးရယ်…ညီလေးကိုပဲ ကိုယ့်အလုပ်ရှင်က လည်း အံ့အားသင့်နေတာ၊ ဘဝမှာ ဒီလိုကောင်းမှုကုသိုလ်လုပ်ဖို့ ဥပုသ် စောင့်တာ ဒါ ပထမဦးဆုံးပဲ…ဒီလိုကောင်းမှုကုသိုလ်အတွက် ညီလေးကို ကျေးဇူးတင်ပါတယ်ကွာ၊ သူရာသေရည်သေရက်သောက် စားတဲ့ဘဝက လွတ်သွားတာ…ငါ့ညီ ကုသိုလ်တွေ ရမှာပါကွာ”

http://www.linhtet.com



မင်းထွန်းအဖို့ ကိုဖိုးကုလားဆီက ကြားရတဲ့ သတင်းက အခုလို တန်ဆောင်မုန်းလပြည့်နေ့မျိုးမှာ အတော့်ကို မင်္ဂလာရှိလို့နေပါတယ်။

"ရော့…အစ်ကိုဘ…ဒီမှာ ငွေနှစ်ထောင်…အစ်ကို ဘုန်းကြီးကျောင်းမှာလှူဖို့"

"သာဓုပါပဲ ငါ့ညီရာ…သာဓု…သြော်…ဒါနဲ့ ငါ့ညီလေးက ဦးဖေသိန်းတင်နဲ့ အတွဲမိနေတယ်လို့ကြားတယ်…အစ်ကို အံ့သြပါရဲ့"

ကိုဖိုးကုလားမေးလိုက်မှ မင်းထွန်း သတိရသွားပါတယ်။ အခုနေ ဦးဖေသိန်းတင်သာမြင်ရင် ပွဲကပြီးပြီလို့။

"အစ်ကို့လိုပဲ တွေ့ရင်းဆုံရင်းနဲ့ ခင်သွားတာပါ…"

"အဲ့ဒါပဲပေါ့ကွာ…ညီလေးနဲ့ သူနဲ့ခင်တာ အံ့သြနေမိသေးတယ်…ကိုယ့်ဆရာက တလောလေးက သူ့သမီးနဲ့ စေ့စပ်ဖို့ လာတဲ့ သူကို အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံစာတော့ မလိုပါဘူး၊ လာတောင်းတဲ့လူငယ်ရဲ့ ဆေးစစ်ထားတဲ့ စာရွက်တောင်းလို့ ပြဿနာတက်ပြီး ပွဲပျက်ပါရောလား…"

မင်းထွန်း လက်ဖက်ရည်ဆိုင်ဝင်လာတာ မင်္ဂလာရှိပြီလို့။ ဝတီခင်မပြောပြတဲ့ အချက်အလက်တစ်ခုကို သိလိုက်ရလို့ပါပဲ။

"ညီလေးရေ…ကိုယ် ဘုန်းကြီးကျောင်းသွားဦးမယ်…သီလယူရဦးမယ်"

"သွားသွား အစ်ကို…လက်ဖက်ရည်ဖိုး ကျွန်တော် ရှင်းလိုက်မယ်"

လက်ဖက်ရည်ဆိုင်ထဲကနေ ကိုဖိုးကုလား ထွက်သွားတာကို မင်းထွန်း ကျေကျေနပ်နပ်ကြီး ကြည့်နေပါတယ်။

အခုချိန် ဦးဖေသိန်းတင်တို့ လမ်းထိပ်ကိုသွားရင် ဘုရားအနေကဇာတင်နေတာနဲ့ သံဃာတော်တွေကို နေ့ဆွမ်းကပ်တာတွေနဲ့ အလုပ်

http://www.linhtet.com



ရှုပ်မှာမို့လို့ ညနေလောက်ရောက်မှ သွားမယ်လို့ မင်းထွန်းက စိတ်ကူး ရင်း အိမ်ကိုပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

⌘⌘⌘⌘

တန်ဆောင်မုန်းလပြည့်နေ့ညကလည်း မင်းထွန်းအတွက် မမေ့ နိုင်စရာကောင်းတာက အမှန်ပါပဲ။

⌘⌘⌘⌘

တန်ဆောင်မုန်းလပြည့်နေ့ နေဝင်ချိန် မှောင်စပျိုးချိန် မီးလာ လို့ထင်ပါရဲ့။ လမ်းတွေလမ်းတွေမှာ မီးတွေက ထိန်ထိန်လင်းလို့နေပါ တယ်။

ဦးဖေသိန်းတင်တို့ ရပ်ကွက်ထဲမှာလည်း လမ်းအလိုက် မီးတွေ ကလည်း ထိန်လင်းလို့နေပါတယ်။ မဏ္ဍပ်တိုင်းဆီမှာရှိတဲ့ ဆောင်း ဘောက်တွေထဲက သီချင်းသံတွေကော လမ်းသွားလမ်းလာလူတွေနဲ့ ကာ စည်ကားလို့နေပါတယ်။

ဒီအချိန်မှာ မင်းထွန်း အော်သံတွေကို ကြားလိုက်ရပါတယ်။

''သူခိုးဗျို့…သူခိုး…ဖမ်းပါ…ဖမ်းပါ…''

လမ်းသွားလမ်းလာတွေကော လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြပါ တယ်။ မင်းထွန်းလည်း ကြည့်လိုက်တော့ ဦးဖေသိန်းတင်တို့ မဏ္ဍပ် ရှိတဲ့ နေရာဘက်ကို ချဲလ်ဆီးအသင်းအင်္ကျီဝတ်စုံ ဝတ်ထားတဲ့ လူငယ် နှစ်ဦး ပြေးလွှားနေတာကို နောက်နေလူငါးဆယ်ယောက်က ဝိုင်း လိုက်နေပါတယ်

http://www.linhtet.com



"ဟော့ကောင်တွေ ရပ်စမ်း…"

ဦးဖေသိန်းတင်တို့ မဏ္ဍပ်ရှေ့က လူငယ်သုံးလေးယောက်က လှမ်းတားတာကို…

"ကျွန်တော်တို့ ခိုးတာ မဟုတ်ဘူး…ဘောလုံးကန်ရင်း ရန်ဖြစ်လို့ နောက်ကဝိုင်းအော်နေတာ"

"မလိုချင်ဘူးကွာ…ရပ်…ဖမ်းစမ်း…ဒီကောင်တွေကို"

မဏ္ဍပ်ထဲက တစ်ယောက်က ပြေးလိုက်တဲ့အတွက် ချဲလ်ဆီး အင်္ကျီဝတ်စုံဝတ်ထားတဲ့ လူငယ်နှစ်ဦးကို ဝိုင်းချုပ်ထားလိုက်ပါတယ်။ နောက်ကနေ သူခိုးလို့အော်တဲ့ သူတွေလည်း ရောက်လာပါတယ်။ လူတွေကလည်း ဦးဖေသိန်းတင်တို့ လမ်းထိပ်မဏ္ဍပ်ရှေ့မှာ အုံခဲသွားပါတယ်။

မင်းထွန်းလည်း လူအုပ်ကြားထဲကနေ မသိမသာ အကဲခတ်လိုက်ပါတယ်။

"ဘယ်လိုဖြစ်တာလဲကွ"

ဘုရားကျောင်းဆောင်တွေထားတဲ့ မဏ္ဍပ်စင်ပေါ်ကနေ ဦးဖေသိန်းတင်တို့ လူကြီးတွေ ဆင်းလာရင်းမှ ဦးဖေသိန်းတင်က မေးလိုက်တာပါ။

"ကျွန်တော်တို့ အိမ်က နက်ဖြန် နိဗ္ဗာန်ဈေးမှာ မုန့်ဟင်းခါး စတုဒိသာကျွေးမလို့ အိမ်ရှေ့မှာ ချက်ပြုတ်နေတုန်း…ဒီကောင်တွေ နောက်ဖေးခြံစည်းရိုးကို ကျော်ဝင်ပြီး မော်တာဝင်ဖြုတ်တာ"

"မဟုတ်ဘူးခင်ဗျ…ကျွန်တော်တို့ ဘောလုံးကန်ရင်း ရန်ဖြစ်ပြီး ထွက်ပြေးလာတာ"

ဦးဖေသိန်းတင်ရဲ့ အမေးကို တစ်ဘက်နဲ့ တစ်ဘက် ပြန်လည်ဖြေကြပါတယ်။

http://www.linhtet.com



ဦးဖေသိန်းတင်က…ချဲလ်ဆီးဝတ်စုံဝတ်ထားတဲ့ လူငယ်နှစ်ယောက်ကို သေသေချာချာကြည့်လိုက်ရင်း…

"ဒါက ဒီလိုဖြစ်လာပြီဆိုတော့ မင်းတို့နှစ်ယောက်ကို စစ်ရမယ်၊ မင်းတို့ ဘယ်ရပ်ကွက်ကလဲ"

"ကျွန်တော်တို့ ဒီရပ်ကွက်သုံးရပ်ကွက်အကျော်ကပါ"

"ဟေ့ကောင်…တိကျအောင်ပြော…ဘယ်ရပ်ကွက်လဲ"

ချဲလ်ဆီးဝတ်စုံနဲ့ လူငယ်နှစ်ယောက်က ပြန်မဖြေနိုင်။

"ကဲ…ကိုယ်နေတဲ့ ရပ်ကွက်တောင် တိကျအောင် မပြောနိုင်တာ ဟုတ်ပြီကွာ…ဘယ်ဘောလုံးကွင်းမှာ ဘယ်သူနဲ့ ကန်တာလဲ"

"ဒီရပ်ကွက်ရဲ့ မြောက်ဘက်ကကွင်းမှာ"

ဦးဖေသိန်းတင်က ချဲလ်ဆီးဝတ်စုံနဲ့ လူငယ်နှစ်ယောက်ကို ကြည့်လိုက်ရင်း…

"ဟေ့ကောင်တွေ…ဒီရပ်ကွက်ရဲ့ မြောက်ဘက်မှာ ကွင်းတော့မရှိဘူး၊ ရပ်ကွက်ပိုင် ကန်စွန်းခင်းတွေပဲရှိတယ်၊ မင်းအမေလင်ရဲ့ ကွင်းမှာ ကန်တာလား…ဒီရပ်ကွက်ထဲက ကလေးတွေကော၊ ဟိုဘက်ရပ်ကွက်က ကလေးတွေပါ ဘောလုံးကွင်းမရှိလို့ ကန်ချင်ရင် တက္ကသိုလ်ဘောလုံးကွင်းမှာ သွားသွားကန်နေရတာ…မှန်း"

ဦးဖေသိန်းတင်က ချဲလ်ဆီးအင်္ကျီဝတ်ထားတဲ့ လူငယ်နှစ်ယောက်အင်္ကျီတွေကို နမ်းလိုက်ပါတယ်။

"ဒါက ဒီလိုပဲ ဖြစ်ရမှာပေါ့…မင်းတို့ ဘောလုံးကန်တယ်ဆိုရင် ပင်ပန်းတော့ ချွေးတွေဘာတွေထွက်ပြီး အင်္ကျီက စိုရွှဲနေရမှာ ချွေးနံ့တွေဟောင်နေရမှာ၊ အခု ဘာချွေးနံ့မှ မရဘူး…"

"ဟာဗျာ…ကျွန်တော်တို့က အရန်မို့လို့ ဘေးထိုင်နေရတာ"

http://www.linhtet.com



“အောင်မာ…မင်းတို့က ငါ့ကို ဖြောင်လိမ်ချင်သေးတယ်၊ လုပ်ရသေတော့မယ်…မင်းတို့ခြေထောက်ကို မင်းတို့ပြန်ကြည့်… ဗွက်တွေတွေ့လား…ဒီဗွက်နံ့က နောက်ဖေးလမ်းဗွက်နံ့ကွ…မင်းတို့ ငါ့ကို ညာချင်သေးလား၊ ဒါက ဒီလိုဖြစ်ကိုဖြစ်ရမှာ”

မင်းထွန်း မြင်ကွင်းကို ကြည့်နေရင်းက ဦးဖေသိန်းတင်ရဲ့ စေ့စပ်ပုံကို ချီးကျူးနေမိပါတယ်။ ချဲလ်ဆီးဝတ်စုံဝတ်ထားတဲ့ လူငယ်နှစ်ဦးက ဘေးနားမှာ ဝိုင်းထားတဲ့ လူအုပ်ကြီးကို ကြောက်လာတယ် ထင်ပါရဲ့။

“ဟုတ်ပါတယ်၊ ကျွန်တော်တို့ လစ်တယ်မှတ်လို့ဆိုပြီး ဝင်ဆွဲတာပါ၊ ဒီလိုဘောလုံးအင်္ကျီဝတ်ပြီး လူမိရင် ဘောလုံးကန်လို့ ရန်ဖြစ်တယ်ဆိုပြီး ထွက်ထွက်ပြေးတာပါ၊ အခုတော့ ဒီဦးလေးကြီးနဲ့ကျမှ မိပြီး ကျွန်တော်တို့ကို မရိုက်ပါနဲ့…”

ချဲလ်ဆီးဝတ်စုံနဲ့ ဝန်ခံနေတဲ့ လူနှစ်ယောက်ကို ဦးဖေသိန်းတင်က…

“ကဲ…ဒီနှစ်ယောက်ကို ရုံးကိုပို့…ရုံးက ရဲစခန်းပို့လိမ့်မယ်၊ သက်ဆိုင်သူတွေလိုက်သွား”

ချဲလ်ဆီးဝတ်စုံနဲ့ လူငယ်နှစ်ယောက်ကို ရပ်ကွက်ရုံးကို ခေါ်သွားတော့မှ လူအုပ်ကြီးက ရှဲသွားပါတယ်။

“ဒီတစ်ခါတော့လည်း ဘုဂလန့်ကြီး ဦးဖေသိန်းတင်ရဲ့ အမြဲပြောနေကျ၊ ဒါက ဒီလိုဖြစ်တယ်ဆိုတာက ဟုတ်နေတော့တာပဲဟေ့၊ ကွက်တိပဲ”

မင်းထွန်းကတော့ ဦးဖေသိန်းတင်ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်လက္ခဏာတွေကတော့ များလှချည်ရဲ့လို့။

http://www.linhtet.com



ဝတီခင်ပြောသလို ဆယ်ရက်မို့လို့။ ရက်သုံးဆယ်သာဆိုရင် ရွာသာကြီးက စိတ်ကျန်းမာရေးဆေးရုံ ကိုယ့်စရိတ်နဲ့ကိုယ် သွားရဖို့ သေချာပြီ။

⌘⌘⌘⌘

ဦးဖေသိန်းတင်က မဏ္ဍပ်ထဲက ကုလားထိုင်တစ်လုံးမှာ စောစောကကိစ္စကို ဖြေရှင်းပြီးလို့ မောသွားတယ် ထင်ပါရဲ့။ ထိုင်ပြီး အနားယူလို့နေပါတယ်။

မင်းထွန်းက အခြေအနေကို အကဲခတ်ပြီး ဦးဖေသိန်းတင်ရှိတဲ့ နေရာကို သွားလိုက်ရင်းက…

"ဦးလေး…စောစောက လူတွေအများကြီးပဲ…ဘယ်လိုဖြစ်တာလဲ"

"မပြောပါနဲ့တော့ ငါ့တူရာ…ရှေ့မှာ အလှူအတွက် ချက်နေပြုတ်နေတာကို နောက်ကနေ မော်တာဖြုတ်ခိုးတာ လူမိတော့ ထွက်ပြေးတယ်လေကွာ…ဒါကို ဒီကောင်တွေက လိမ်နေလို့ ဖော်တော့ ပေါ်တာပေါ့ကွာ"

"ခိုးတဲ့သူတွေက ဘယ်အရွယ်လဲ ဦးလေးရဲ့"

မင်းထွန်းက မသိချင်ယောင်ဆောင်နေပြီး မေးလိုက်ပါတယ်။

"အရွယ်ကကွာ လူငယ်လေးတွေကွ…ပညာသင်ရမယ့်အရွယ်တွေပေါ့ကွယ်"

ဦးဖေသိန်းတင်က သံဝေဂရတဲ့ လေသံမျိုးနဲ့ ပြန်ဖြေပါတယ်။

"ဒါက ဒီလိုဖြစ်ရမှာပေါ့ ဦးလေးရာ…"

"ဟေ…ဘယ်လိုကွ"

http://www.linhtet.com

ဦးဖေသိန်းတင်က သူ့လေသံမျိုး မင်းထွန်းက ပြောလိုက်တဲ့အတွက် အံ့အားသင့်ရင်းက မေးလိုက်တာပါ။

"အဓိက ပြောရရင်တော့ ကျွန်တော်တို့ဆီမှာက လူကြီးတွေပြောလေ့ပြောထရှိတဲ့ စကားရှိတယ်···သားသမီးဆိုတာ ရတနာပဲ၊ များများမွေးဆိုတာ···ဟိုးခေတ်ကာလက အကြောင်းမဟုတ်ပေမယ့် ဒီခေတ်ဒီကာလမှာက ပြဿနာရှိလာတယ်···ကိုယ်က သားသမီးမွေးပြီး ဝဝမကျွေးနိုင်၊ မဆင်နိုင်၊ ကျောင်းမထားနိုင်၊ ပညာမသင်ပေးနိုင်···ဒီတော့ အဲ့ဒီကလေးတွေ ဘာဖြစ်မလဲ မဟုတ်တာတွေပဲ ဖြစ်ကုန်မှာပေါ့၊ အဲဒီလို နိုင်ငံအတွက်ကော လူ့အဖွဲ့အစည်းအတွက်ကော အကျိုးမပြုတဲ့ကလေးတွေက ကောင်းတဲ့ရတနာတွေ ဖြစ်ပါ့မလား··· နိုင်ငံတကာမှာကတော့ သားဆက်ခြားလိုဟာတွေရှိတော့ ကိုယ့်ရဲ့တတ်နိုင်တဲ့ဝင်ငွေနဲ့ ချင့်ချိန်ပြီး သားသမီး ယူကြတယ်···အဲဒီလို ကျန်းမာရေးအသိတွေက နည်းနည်းလိုနေတော့ စောစောက ကိစ္စမျိုးဖြစ်ကုန်တာပေါ့···ဒါက ဒီလို ဖြစ်ကိုဖြစ်နေတာ"

မင်းထွန်းရဲ့ စကားအဆုံး ဦးဖေသိန်းတင်ရဲ့ မျက်နှာက ဝင်းပသွားပြီး···

"ငါ့တူ မင်း စဉ်းစားတွေးတောတာ တော်တယ်၊ ငါ့အတိုင်းပဲ၊ ဦးက ဒါက ဒီလိုဖြစ်တယ်ဆိုပြီး ဆင်ခြင်ယူဆတတ်သလို မင်းလည်း ယူဆတတ်တယ်···ကောင်းတယ်ကွာ၊ ဒီတော့ မင်းကို ဦးက လက်ဖက်ရည် လိုက်တိုက်မယ်···နက်ဖြန်လည်း လာခဲ့နော်···ဦးတို့ရပ်ကွက်မှာက နိဗ္ဗာန်ဈေးကော ဘုရားမဲကော ဖောက်မှာ၊ သိပ်ပျော်ဖို့ကောင်းတာ···"

မင်းထွန်းက ခေါင်းညိတ်ပြလိုက်ပါတယ်။ ပြီးတော့ လက်ဖက်ရည်ဆိုင်ကို မဏ္ဍပ်ကနေ ထွက်လာကြပါတယ်။

http://www.linhtet.com



လက်ဖက်ရည်ဆိုင်သွားရင်းနဲ့ မင်းထွန်းက မသိမသာ နောက်လှည့်ကြည့် လှည့်ကြည့်နဲ့က ဝတီခင်တစ်ယောက်များ မီးထွန်းပွဲကြည့်ဖို့ ထွက်လာမလားလို့။

ခက်ပါရဲ့။ လက်ဖက်ရည်ဆိုင် ထိုင်တော့လည်း ဦးဖေသိန်းတင်ပြောသမျှသာ နားထောင်ပြီး အင်း,လုပ်နေရ ခေါင်းညိတ်နေရတာ စိတ်ကတော့ ဝတီခင်ဆီရောက်လို့။

⌘⌘⌘⌘

မေ့တတ်တာတွေ တော်တော်များရှိတဲ့အထဲက ဝတီခင်ကို မမေ့ဘဲ သတိရတာက အပြစ်တော့ မဟုတ်တာ သေချာပါတယ်။

⌘⌘⌘⌘

http://www.linhtet.com

မင်းရဲ့
လျှာဖျားစက်ရုံငယ်ဆီက
ထွက်ကျလာမယ့်
ပေါက်ပေါက်ဖောက်စကားလုံးတွေ
နဝမမြောက်နေ့မှာ
နားဆင်ချင်သူပါ။
အခုတော့....
လေက
ကိုယ့်ကို ခဏခဏ ကျီစယ်လွန်းလို့
လက်နဲ့ ရိုက်ရ ပုတ်ရ
ညောင်းလှပါပြီ။

http://www.linhtet.com

## (၁၂)

လမ်းတွေ လမ်းတွေမှာ လူတွေက ကြိတ်ကြိတ်တိုးနေလိုက်တာဆိုတာ။ မဏ္ဍပ်တွေထဲက အသံချဲ့စက်ထဲက ထွက်လာတဲ့အသံတွေကလည်း သူ့ထက်ငါ အပြိုင်အော်လို့နေပါတယ်။

"ရှေ့မတိုးကြပါနဲ့…လူတစ်ယောက် လက်မှတ်တစ်စောင်ပေးပါမယ်၊ ကိုယ်ရတဲ့လက်မှတ်ထဲက နံပါတ်နဲ့တူတဲ့ အိမ်ကိုရွေးပါ။ အိမ်ရှေ့တွေမှာ နံပါတ်ပြားလေးတွေ ချိတ်ထားပေးပါတယ်…"

"ဟဲ့…မတိုးနဲ့နော်၊ အဲဒီလို တိုးနေရင် ဘယ်ပေးလို့ရမလဲ၊ ကဲ…သက်ဆိုင်ရာ လူငယ်တွေ စနစ်တကျ လုပ်ပါ…ကြားမဖြတ်ခိုင်းပါနဲ့…"

မိုက်ကရိုဖုန်းက အော်တာ မှန်ပေမယ့် တိုးနေတဲ့လူအုပ်တွေက လျော့မသွားပါ။ လက်မှတ်ရတဲ့ သူတွေက လမ်းထဲပြေးဝင်ပြီး မဲပြားတွေကိုင်ပြီး အိမ်တွေ ရှာနေသူကရှာ။ အချို့ကလည်း မုန့်ထုပ်တွေ၊

http://www.linhtet.com



အချို့ရှည်ဘူးတွေ၊ ဆန်ထုပ်တွေ၊ ဆပ်ပြာတောင့်တွေကိုင်ပြီး လာသူက လာနဲ့ ညနေခင်း မှောင်စပျိုးချိန်မှာ စည်ကားလို့နေပါတယ်။

"ငါ့တူလာဟေ့…"

ဦးဖေသိန်းတင်တို့ မဏ္ဍပ်ရှေ့နားရောက်လာတဲ့ မင်းထွန်းကို ဦးဖေသိန်းတင်ကမြင်လို့ လက်ယပ်လှမ်းခေါ်လိုက်ပါတယ်။

"ဦးတို့ဘက်ပိုင်းက တော်တော်စည်တာပဲ"

"စည်တာတော့ မပြောနဲ့…ဒါက နှစ်စဉ် နိဗ္ဗာန်ဈေးပွဲတော် လုပ်တာ…အစဉ်အလာဖြစ်နေပြီကွ…ဩော်…ရော့…ဒီမှာ မဲပြားတစ်ပြား ဦးတို့ လမ်းထဲမှာလိုက်ရှာကြည့်…ဘယ်အိမ်လဲလို့၊ ပြီးရင် ဒီကိုပြန်လာ…ညကျရင် မဟာဒုတ်ဘုရားမဲဖောက်ဦးမှာ"

ဦးဖေသိန်းတင်က မင်းထွန်းလက်ထဲ မဲပြားတစ်ပြားပေးပါတယ်။

မင်းထွန်းလည်း ဦးဖေသိန်းတင်ပေးတဲ့ မဲပြားကိုယူရင်း မဲပြားနံပါတ်ကိုကြည့်တော့ တစ်ဆယ်ဖြစ်နေပါတယ်။

ဦးဖေသိန်းတင်တို့ လမ်းထဲက အိမ်တိုင်းမှာ နံပါတ်ပြားတွေ ချိတ်ထားတာကို မင်းထွန်းက တစ်အိမ်ချင်းဆီလိုက်ကြည့်နေမိပါတယ်။ သူ့လက်ထဲကိုင်ထားတဲ့ မဲပြားနံပါတ်တစ်ဆယ် အိမ်ကို ရှာမရသေးပါ။

ခြံဝင်းလေးနဲ့ တစ်ထပ်တိုက်တစ်လုံးရဲ့ အိမ်ရှေ့ကိုရောက်တော့ ချိတ်ထားတဲ့ နံပါတ်ကိုကြည့်လိုက်တော့ တစ်ဆယ်ဖြစ်နေပါတယ်။ မင်းထွန်းက မဲပြားကိုကိုင်ရင်း ခြံဝင်းထဲဝင်မယ်အလုပ်…

"နံပါတ်ကို သေသေချာချာကြည့်ဦးနော်…မှားနေဦးမယ်"

မင်းထွန်းက အသံလာရာကြည့်လိုက်တော့ ဝတီခင်ဖြစ်နေပါတယ်။

"ဒါ…မဝတီခင်တို့ အိမ်လား"

http://www.linhtet.com



“ဟုတ်တယ်လေ…ပြပါဦး…နံပါတ်”

မင်းထွန်းက မဲပြားကို ဝတီခင်လက်ထဲ ပေးလိုက်ပါတယ်။

“ဒါဆို…ရေခဲမုန့်စားလို့ရပြီ”

ဝတီခင်ကပြုံးရင်း ရေခဲမုန့်ထည့်ပေးနေတဲ့သူကို ရေခဲမုန့်တစ်ခွက်မှာလိုက်ပါတယ်။

“တိုက်ဆိုင်တယ်ဗျာ…နက်ဖြန်ဆို မဝတီခင်နဲ့ ကျွန်တော့်ကိစ္စအတွက် ဆယ်ရက်နေ့်…ဟော…အခုနံပါတ်ကလည်း တစ်ဆယ်၊ သေချာတယ်၊ ဒီမဲပြားကို ပေးတာကလည်း မဝတီခင်ရဲ့ အဖေ”

“ကဲပါ…နောက်မှပြော…ရေခဲမုန့်တွေ အရည်ပျော်သွားဦးမယ်…စားလိုက်ဦး…”

လွတ်နေတဲ့ ခုံတစ်လုံးမှာ ထိုင်လိုက်ရင်းက မင်းထွန်းက ရေခဲမုန့်ကိုစားလို့။ စားရတဲ့ရေခဲမုန့်တွေထဲမှာ ဒီနေ့စားရတဲ့ ရေခဲမုန့်လောက် အရသာမရှိဘူး။

ခြံထဲကိုလည်း မဲပြားတွေကိုင်ပြီး တစ်ယောက်ပြီးတစ်ယောက် ဝင်လာလို့။ ရေခဲမုန့်တွေစားကြ၊ စကားတွေပြောကြနဲ့။ တစ်လမ်းလုံးလည်း ပြေးကြလွှားကြ နံပါတ်ရှာကြ ပစ္စည်းတွေယူကြနဲ့ တကယ့်ကြည်နူးစရာကြီးပါပဲ။

“မဝတီခင်တို့ အမေကော…မတွေ့ပါလား”

“မေမေက အိမ်ထဲမှာရှိတယ်၊ သိပ်ပြီး လူစုလူဝေးနဲ့ ဒီလိုဟာမျိုးကို မေမေက ဝါသနာမပါဘူး၊ ငြိမ်ငြိမ်လေးနေရတာကို ကြိုက်တာ”

မင်းထွန်းက ရေခဲမုန့်စားနေတဲ့ လူတွေကို အကဲခတ်ရင်းမှ

“ဒါနဲ့ ဆယ်ရက်ပြည့်ပြီးသွားတဲ့နေ့ကြရင် မဝတီခင်ကို ဘယ်မှာလာတွေ့ရမလဲ”

http://www.linhtet.com



“ကိုမင်းထွန်းရယ်…တစ်ရက်ကျန်ပါသေးတယ်…တကယ်တည်း လောလိုက်တာ…ကျွန်မကို ဘယ်မှာလက်ဖက်ရည်ခေါ်ခေါ်တိုက်လဲ”

“သြော်…သြော်…သြော်…”

မင်းထွန်းပါးစပ်က အဲ့ဒီစကားသံတွေထွက်သွားပြီး ပြုံးလိုက်ပါတယ်။

“ကျွန်တော်သွားမယ်…ရှေ့နှစ်မဝတီခင်နဲ့ ကျွန်တော် လက်ထပ်ပြီးရင်တော့ ဟောဒီခြံဝထိပ်မှာ နှစ်ယောက်အတူ နိဗ္ဗာန်ဈေးလှူကြတာပေါ့”

“အံမယ်…သွား…ဘာမှန်းလဲ မသိဘူး”

မင်းထွန်းက အထက်ပါစကားပြောပြီး ခြံထဲက ထွက်သွားပါတယ်။ ဝတီခင်က ဒေါပွချင်ယောင်ဆောင်ပြီး ပြုံးပြီးကျန်ရစ်ခဲ့လို့။

တတ်နိုင်လျှင် အဲ့ဒီအပြုံးကို ဝယ်သိမ်းထားချင်တာက အမှန်ပါ။

⌘⌘⌘⌘

http://www.linhtet.com

ကြည်နူးခြင်းကို
ဝဝလင်လင်စားဖို့
ဘယ်သူများကျွေးမလဲလို့
ဒသမြောက်မနေ့မှာတွေးတော့
အလှူရှင်ကတစ်ယောက်တည်း
(ကျွန်တော့်နတ်သမီးတကယ့်သန့်သန့်လေး)

http://www.linhtet.com

## (၁၃)

ဦးဖေသိန်းတင် ခြံဝထွက်လိုက်တော့ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ဒေါသထွက်သွားတယ်။ လှည်းတစ်စီးက သူ့အိမ်ရှေ့တည့်တည့်ကိုရပ်ထားပြီး လှည်းပေါ်မှာ တင်ထားတဲ့ တိုင်ကီပေပါစုတ် နှစ်လုံးကို အုန်းလက်ညှပ်ပြီး အမြှောက်ပုံစံမျိုးလုပ်ထားတာ မသိရင် ဦးဖေသိန်းတင်အိမ်ကို အမြှောက်နဲ့ ချိန်ထားသလိုပါပဲ။ ပြီးတော့ အုန်းလက်ထိပ်မှာ စာကပ်ထားသေးတယ်။

**ဘုဂလန့်ကြီးလန့်သွားပြီလား**

**မလန့်ပါနဲ့**

**ဟဲ…ဟဲ…ဟဲ…**

"ဟော့…ဘယ်ကောင်တွေက ကျီးမနိုးပွဲမလုပ်ဘူး ပြောထားရဲ့သားနဲ့၊ ငါ့အိမ်ရှေ့မှာ အမှိုက်လာဖွရတာလဲကွ…လမ်းထဲ မီးထွန်းတာ စောင့်နေတဲ့ကောင်တွေကလည်း ဘယ်သွားအိပ်နေတာလဲ"

http://www.linhtet.com



ဒေါ်ပွပွနဲ့ ဦးဖေသိန်းတင်က အော်ကြီးဟစ်ကျယ်ပြောရင်းမှ လှည်းကို ခြံရှေ့ကနေ ဖယ်ရပါတော့တယ်။

"အဖေကြီးရာ…စောစောစီးစီး ဘယ်လိုဖြစ်ပြန်ပြီလဲ"

အိမ်ထဲကနေ ဒေါ်မိမိခင်က ထွက်လာပါတယ်။

"ဘာဖြစ်ရမှာလဲ မိရဲ့…ဒီမှာကြည့်"

"သြော်…ကလေးတွေ ကျီးမနိုးပွဲကစားကြတာပဲ…ကိုယ့်အိမ်တစ်အိမ်တည်းမှ မဟုတ်တာ…ဘေးအိမ်တွေလည်း ဟိုမှာ မတွေ့ဘူးလား"

ဒေါ်မိမိခင်က အနီးနားက အိမ်တွေကိုပါ လက်ညှိုးထိုးပြပါတယ်။

"မီးထွန်းပွဲအစည်းအဝေးမှာ ဒီလိုကျီးမနိုးပွဲမလုပ်ဖို့ ပြောသေးတာ၊ ဒါမျိုးက ဘယ်ကောင်းမလဲကွာ"

ဒီအချိန်မှာပဲ တခြားလမ်းက လူနှစ်ယောက် ရောက်လာပါတယ်။

"ဟော…တွေ့ပြီ…လှည်းက ဒီရောက်နေတာ"

"ဟေ့…ကျော်ဝေ…မင်းတို့က ဒီလှည်းကို ညက သော့မခတ်ထားဘူးလား"

ဦးဖေသိန်းတင်က မေးလိုက်ပါတယ်။

"သော့မရှိလို့ ဒီလိုသူခိုးကြီးညမှာ ပျောက်မှာစိုးလို့ မအိပ်ဘဲစောင့်ရင်းက အိပ်ပျော်သွားလို့"

"ကောင်းကွာ…ရှိတဲ့ပစ္စည်းတွေ မင်းတို့ဆီက မယူသွားတာ"

ဦးဖေသိန်းတင်က ပြစ်တင်စကားဆိုလိုက်ပါတယ်။

"အာရေး…မာမွတ်ရဲ့ပစ္စည်း တွေ့ပြီ"

အရေးထဲ ပစ္စည်းဟောင်းဝယ်တဲ့ ကုလားမာမွတ်က တိုင်ကီ

http://www.linhtet.com



စုတ်နှစ်လုံးကို လက်ညှိုးထိုးရင်း အနီးအနားကို ရောက်လာပါတယ်။

"ဒါ...ဘယ်သူ့လက်ချက်လဲ...ကုလားတရားစွဲမယ်၊ ကုလားရဲ့ ဆိုင်ရှေ့မှာ ဒီလိုပစ္စည်းတွေပုံတာ စည်ပင်သာယာကို အခွန်ပေးထားတာ၊ ကုလားပစ္စည်းတွေ ဒီလိုလုပ်တာ ခိုးတာနဲ့ အတူတူပဲ"

"ဟေ့ကောင် မာမွတ်၊ မင်းဘာသာမင်း တရားပဲစွဲစွဲ၊ ဘာပဲလုပ်လုပ် မင်းရဲ့အမှိုက်တွေ အခုယူသွား"

"ဒီမှာ အမှိုက်တွေမပြောပါနဲ့...ဒါ ကုလားရဲ့ ရတနာတွေ"

တိုင်ကီပေပါစုတ်နှစ်လုံးကို မိမိပိုင်တန်ဖိုးရှိတဲ့ ပစ္စည်းတွေအလား ဆွဲသွားရင်းက မာမွတ်က ပြောလိုက်ပါတယ်။

"ကဲ...မင်းတို့လည်းလည်းပြန်ယူ"

အားလုံး အေးဆေးသွားမှ ဦးဖေသိန်းတင် ခြံရှေ့ကနေ ထွက်လာပါတယ်။

"ဒါ...မျိုး ဘယ်သူလက်ဆော့တာလဲ"

"ဘာဖြစ်တာလဲ ကိုကြီးမောင်ရဲ့"

ဦးဖေသိန်းတင်က လမ်းလျှောက်လာရင်းမှ ဦးကြီးမောင်တို့အိမ်ရှေ့ရောက်တော့ မေးလိုက်ပါတယ်။

"ဘာဖြစ်ရမှာလဲ သမီးတွေမွေးထားတဲ့ ကျုပ်အိမ်ရှေ့မှာ ဒီဆိုင်းဘုတ်လာချိတ်ထားတာကြည့်"

ဦးကြီးမောင်ပြောလို့ ဦးဖေသိန်းတင် ဆိုင်းဘုတ်ကို ကြည့်လိုက်ရင်း ပြုံးလိုက်ပါတယ်။

**ကြက်သားပေါက်ရောင်းသည်**

"ဦးဖေသိန်းတင်ရေ...ကောင်းကြသေးရဲ့လား၊ အပျိုကြီးတစ်ယောက်တည်းနေတဲ့အိမ်မှာ ဒီဆိုင်းဘုတ်လာချိတ်ထားတာလေ.... ဒါ အပျိုကြီး ကျွန်မကို စော်ကားတာ"

http://www.linhtet.com



အရေးထဲ လမ်းထိပ်က ငွေတိုးပေးစားတဲ့ အပျိုကြီး မခင်ဝေက ဆိုင်းဘုတ်ကိုကိုင်ပြီး လာပြပါတယ်။ ဦးဖေသိန်းတင်က ဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်တော့…

**အကြောပြင်ပေးသည်**

"ကဲ…မကျေနပ်ရင် မခင်ဝေ ရုံးသာသွားတိုင်"

စိတ်ပေါက်ပေါက်နဲ့ ပြောရင်းက ဦးဖေသိန်းတင် ထွက်လာပါတယ်။ ဟုတ်တော့လည်း ဟုတ်တာပေါ့။ တစ်လမ်းလုံးမှာရှိတဲ့ အိမ်တော်တော်များများရှေ့မှာ တံတားတွေ လှန်လိုလှန်၊ အမိုက်ခြင်းတွေ ချလို့ချ။ ဈေးထဲက ဆိုင်းဘုတ်တွေ ချိတ်လို့ချိတ်နဲ့။ အပျော်ကနေ အပျက်ဖြစ်လို့နေပါတယ်။

တစ်ဆက်တည်း ဦးဖေသိန်းတင် တွေးမိနေတာက ညက လမ်းမီးထွန်းတာစောင့်တဲ့ လူငယ်တွေ သေချာပြီ။ ဒင်းတို့ ညက ထမင်းချက်စားရင်း မူးမူးနဲ့ အိပ်ပျော်တာပဲ ဖြစ်ရမယ်လို့။

ဒီညရောက်မှ ဒီကောင်တွေကို ဆူပူဦးမယ်လို့။

ဒေါသထွက်ထွက်နဲ့ ဦးဖေသိန်းတင် ခြေလှမ်းသွက်သွက် လမ်းလျှောက်တာ ခဲလုံးကိုမမြင်ဘဲ ခလုတ်တိုက်မိပါတယ်။

ဘာရမလဲ။ ဦးဖေသိန်းတင်ပဲ။ 'အား' လို့ အော်တော့တာပါပဲ။

ဒီအချိန်ဆို ဦးဖေသိန်းတင်တစ်ယောက် လက်ဖက်ရည်ဆိုင်မှာ မျှော်နေရှာလောက်ပြီလို့။ ဒီနေ့က ဆယ်ရက်ပြည့်ပြီဆိုတော့ ဝတီခင်ဆီက အဖြေကလည်း ရဖို့သေချာသလောက်ရှိပြီ။ စဉ်းစားရင်းနဲ့ မင်းထွန်း ပျော်နေပုံက ပြောမပြချင်ပါ။

http://www.linhtet.com



ဒါပေမယ့် အဖြစ်မှန်ကိုသာ သိသွားရင် ဦးဖေသိန်းတင်က ဘာပြောလေမလဲ။ ဒေါသပဲထွက်လေမလား။ သဘောမတူဘူးဆိုပြီး ပြတ်ပြတ်သားသားပဲ ဆန့်ကျင်လေမလားတွေးရင်း ရင်တွေဘာတွေ တုန်လာပါတယ်။

"ဟော့…ငါ့တူ…ငါ့တူ…ဘယ်လဲကွ"

လှမ်းခေါ်သံကြားလို့ ကြည့်လိုက်တော့မှ မင်းထွန်းအဖို့ ရယ်ချင်သလိုဖြစ်သွားပါတယ်။ တွေးကောင်းကောင်းနဲ့ တွေးလိုက်တာ လက်ဖက်ရည်ဆိုင်ကျော်သွားတာကို မသိလိုက်လို့ပါ။

"ငါ့တူ ဘာတွေ ဒီလောက်တွေးနေတာလဲကွ…လက်ဖက်ရည်ဆိုင်တွေ ဘာတွေကျော်သွားတာ၊ ဘာလဲ…မင်းကောင်မလေးနဲ့ စိတ်ကောက်လာလို့လား"

လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာတဲ့ မင်းထွန်းကို ဦးဖေသိန်းတင်က ရယ်ရင်းနဲ့ မေးလိုက်ပါတယ်။

"ကောင်မလေးမရှိပါဘူး ဦးရယ်…လေးနှစ်လေးမိုး ကိုယ်က အဖြေတောင်းခံထားတဲ့ ကျွန်တော်မြတ်နိုးရသူတော့ ရှိပါတယ်၊ သူ့ဆီက အဖြေက ရခါနီးပါပြီ"

မင်းထွန်းက လွတ်နေတဲ့ ခုံတစ်လုံးပေါ်မှာ ဝင်ထိုင်ရင်းက အတည်ပေါက်ပြောလိုက်ပါတယ်။

"ငါ့တူနဲ့ ဦးနဲ့ ခင်မင်တာတောင် ဆယ်ရက်လောက်ရှိပြီပဲကွာ၊ ငါ့တူကို ဦးလေ့လာရသလောက် ငါ့တူက လူတော်လူငယ်တစ်ယောက်ပဲ၊ ငါ့တူလိုလူမျိုးကို ငါ့တူမေတ္တာတောင်းခံထားတဲ့ ငါ့တူချစ်တဲ့သူက တစ်နေ့တော့ အဖြေပေးမှာပါကွာ…အဲ့ဒီအဖြေက ငါ့တူမျှော်လင့်ထားတဲ့ အဖြေမျိုးပဲ ဖြစ်ရမယ်လို့ ဦး ယုံတယ်"

ဦးဖေသိန်းတင်က တကယ့်ကို အမှတ်တွေ မင်းထွန်းကို အပြည့်

http://www.linhtet.com



ပေးနေပါတယ်။ မင်းထွန်းကတော့ သူ တကယ်မျှော်လင့်တဲ့သူဟာ ဦးဖေသိန်းတင်ရဲ့ သမီးမှန်းသာ သိလို့က ဘာတွေဆက်ဖြစ်လေမလဲ မသိ။ နည်းနည်းတော့ ရယ်ချင်ချင်ဖြစ်သွားပါတယ်။

"ဟော့…ငါ့တူ…ဘယ်လိုဖြစ်လို့ ပြုံးတာလဲကွ"

"ဟို…ဟို…"

"သြော်…သိပြီ…မင်းတို့လမ်းထဲမှာလည်း ကျီးမနိုးပွဲ သူခိုးကြီးညအကြောင်းတွေးရင်း ရယ်တာမဟုတ်လား…အေးကွာ… ဦးတို့လမ်းမှာလည်း ဒီလိုပဲ လုပ်ထားတာ၊ ဦးရဲ့အိမ်တောင် မလွယ်ဘူး"

"ဟုတ်တာပေါ့ ဦးရယ်"

မင်းထွန်းက အလိုက်သင့် ဦးဖေသိန်းတင်ကို ဖောလိုက်ပါတယ်။

"ဒီနှစ်ထဲမှာတော့ ဦးအဖို့ ထူးခြားတာ နှစ်ခုကြုံရတယ်ဟေ့၊ ပထမတစ်ခုက ဦးနဲ့ အသက်အများကြီးကွာတဲ့ ငါ့တူကို မိတ်ဆွေအဖြစ် ရလိုက်တာပဲ။ ပြီးတော့ ဦးအိမ်မှာ အလုပ်လုပ်တဲ့ ဖိုးကုလား အရက်ကို လူမှန်းသူမှန်းမသိအောင် သောက်တဲ့ကောင်က အရက်ပြတ်ပြီး ဘုရားနဲ့ တရားနဲ့ ဖြစ်သွားတာပဲဟေ့"

ဦးဖေသိန်းတင်က သူ့စကားကို သူပြောရင်းက ကျေနပ်နှစ်သက်လို့နေပါတယ်။

ထူးခြားတာ နှစ်ခုမဟုတ်ဘူး။ သုံးခုဖြစ်တာ သူ့သမီးရဲ့ ခင်ပွန်းမကြာခင် သူ့အိမ်ရောက်လာမယ့် ထူးခြားချက်ကို ဦးဖေသိန်းတင်သာ ထပ်မံရခဲ့မယ်ဆိုရင်တော့…။ ဘုဂလန့်ကြီး ဘယ်လိုနေမလဲမသိ။

"ငါ့တူကို ဦးက ပြောရဦးမယ်…ပြောတာထက် ဖိတ်တာပေါ့ကွာ၊ နက်ဖြန်အားလား"

"ဘာဖြစ်လို့လဲ ဦးရဲ့"

"ဒီလိုပါကွာ…နက်ဖြန်ညနေ ဦးရဲ့အိမ်မှာ ညနေစာထမင်းစား

http://www.linhtet.com



ဖိတ်ချင်လို့ပါကွာ…ဦးရဲ့ မိသားစုနဲ့ပါ မိတ်ဆက်ပေးရတာပေါ့…ငါ့တူနဲ့ ဦးနဲ့က မိတ်ဆွေတွေဖြစ်ကြပြီပဲ"

လူလည်ကြီး ဦးဖေသိန်းတင်။ မင်းထွန်းမှာ ကြိုက်ရမယ့်သူ ချစ်ရမယ့်သူရှိတော့မှ သူ့အိမ်ကို ထမင်းစားဖိတ်တော့တယ်…။ တွေ့မယ် ဘုဂလန့်ကြီး။

"ကျွန်တော် လာခဲ့ပါ့မယ် ဦးရယ်…ဦး မြို့ထဲသွားဦးမလား"

"မသွားတော့ဘူး ငါ့တူ…ငါ့တူအလုပ်ရှိရင်သွားလေ"

"ဒါဆို…ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေးပါ ငါ့တူရယ်…နက်ဖြန်ခါတော့ လာဖြစ်အောင်လာနော်"

မင်းထွန်းက ဦးဖေသိန်းတင်ကို လက်ပြရင်း ဆိုင်ထဲက ထွက်လာပါတယ်။ စိတ်ထဲမတော့ နက်ဖြန်ကျရင်တော့ ပွဲစဉ်ကလှပြီလို့။

⌘⌘⌘⌘

"ကဲ…မဝတီခင် ဘာစားမလဲပြော"

FMI ထဲက စားသောက်ဆိုင်က နေ့လယ်ခင်းမို့ လူရှင်းနေပါတယ်။

"ကိုမင်းထွန်းက ဘာမှမမှာဘူးလား"

"ကျွန်တော် ဗိုက်ပြည့်နေပြီ"

"ဘယ်လိုဖြစ်လို့လဲ"

ဝတီခင်က ဇွန်းနဲ့ ကပ်ကြေးကိုက်တစ်ဇွန်းကို ခပ်လိုက်ရင်းမှ မေးလိုက်ပါတယ်။

http://www.linhtet.com



"ဘာဖြစ်ရမှာလဲ…ဝတီခင်ရဲ့ ဖေဖေက နက်ဖြန်ညနေ ဝတီခင်တို့အိမ်မှာ ကျွန်တော့်ကို ထမင်းစားဖိတ်တယ်လေ"

"ရှင်…ဖေဖေက ဟုတ်လား"

"ဘာ…အခုမှ အံ့သြချင်ယောင်ဆောင်ရတာလဲ၊ ကျွန်တော်နဲ့ ဝတီခင်ကိစ္စကလည်း ဆယ်ရက်ရှိပြီလေ…ကဲ…ဒီဆယ်ရက်အတွင်းမှာ မဝတီခင်ရဲ့ ဖေဖေကို စည်းရုံးနိုင်ရုံသာမက အခုဆို ထမင်းစားတောင် ဖိတ်ခံရပြီလေ…ကဲ…အဖြေပေးမယ်ဆို"

"နေပါဦး…မြိတ်ကပ်ကြေးကိုက်ကုန်အောင် စားပါရစေဦး"

"ကိုမင်းထွန်းရယ်…ရှင်ဟာလေ တော်တော်အ,တာပဲ…ရှင်က ဖေဖေ့ကိုခင်ဖို့ ဆယ်ရက်အတွင်း စည်းရုံးနေချိန်မှာ ကျွန်မကသာ ရှင့်ကို လက်မခံဘူးဆိုရင် ဖေဖေ့ကို ဒီအဖြစ်အပျက်တွေ အကုန်ပြောပြထားမှာပေါ့"

မင်းထွန်းက ခုံကို လက်ဝါးနဲ့ ရိုက်ရင်း…

"ဩော်…သဘောပေါက်ပြီ…သဘောပေါက်ပြီ…ဒါဆို ကျွန်တော်လိုချင်တဲ့ အဖြေရပြီပေါ့"

"တိုးတိုးလုပ်ပါ…ဘေးဝိုင်းကလူတွေ ကြည့်နေတယ်"

ဝတီခင်က မင်းထွန်းကို ဆူသလိုမျိုး ပြောလိုက်ပါတယ်။

"ပျော်လို့ပါဗျာ…လေးနှစ်လေးမိုး အခုမှ ကျွန်တော်လိုချင်တာရလို့ပါ"

ဝတီခင်က မင်းထွန်း ကြည်နူးနေတာကိုကြည့်ရင်း…

"ကျွန်မက ရှင့်ကို ကျွန်မရဲ့ ဘဝခရီးဖော်အဖြစ် ရွေးချယ်ခဲ့တာ ရှင့်ရဲ့ စိတ်ရှည်မှုရယ်၊ ကြိုးစားမှုရယ်၊ နောက်ပြီး ဒီလောက်ဘုဂလန့်ခွ တိုက်တတ်တဲ့ ကျွန်မအဖေသဘောကျလာဖို့ ရှင့်ကို ကြိုးစားခိုင်းတာ ရှင်က ရအောင်လုပ်ပြခဲ့တယ်လေ၊ ဒါလည်း ရှင် မရှုံးပါဘူး၊ ရှင့်အတွက်

http://www.linhtet.com



ဖေဖေဟာ မိတ်ဆွေကောင်းဖြစ်သလို၊ ဖေဖေ့အတွက်လည်း ရှင်ဟာ မိတ်ဆွေကောင်းဖြစ်တာပဲ မဟုတ်လား၊ ကျွန်မက အလုပ်တစ်ခုကို စိန်ခေါ်ရပြီး စိန်ခေါ်တဲ့အတိုင်း လုပ်ပြတတ်တဲ့လူမျိုးကို လေးစားတယ်၊ အဲ့ဒီအထဲမှာ ရှင်ကပါနေတော့ ကျွန်မရဲ့ နှလုံးသားကို ရှင့်ထိုးအပ်ရပြီပေါ့၊ ကျွန်မရဲ့ ဘဝခရီးဖော်ကို ကျွန်မက တစ်ဘဝလုံးစာ အားကိုးချင်တယ်လေ"

ဝတီခင်ရဲ့ လျှာဖျားပေါ်က ထွက်ကျလာတဲ့ စကားလုံးတွေက နားထောင်နေတဲ့ မင်းထွန်းအဖို့ မင်္ဂလာရှိလိုက်တာ။

"မဝတီခင်ရဲ့ အဖေက နက်ဖြန်သာ ဒီအဖြစ်အပျက်ကိုတွေ့ရင် ဘယ်လိုနေမလဲ မသိဘူး"

"ဖေဖေ ပြုံးနေမှာပေါ့ ကိုမင်းထွန်းရဲ့"

ဦးဖေသိန်းတင်မပြုံးခင် အရင်ဆုံးပြုံးနေတာကတော့ ဝတီခင်နှင့် မင်းထွန်းပါပဲ။

⌘⌘⌘⌘

"သမီး ထမင်းစားနေတာ ဖေဖေ အကဲခတ်နေတာ ဖေဖေ့ကို တစ်ခုခုပြောချင်နေသလိုပဲ"

ဦးဖေသိန်းတင်က ထမင်းစားနေတဲ့ ဝတီခင့်ကို မေးလိုက်ပါတယ်။

"သမီး ဖေဖေ့ဆီက ခွင့်တောင်းပါရစေ"

"ဘာများလဲ သမီးရဲ့"

"သမီးမှာ ချစ်သူရှိတယ် ဖေဖေ…အဲ့ဒါ နက်ဖြန်ညနေကျရင် ဖေဖေနဲ့ကော မေမေနဲ့ကော မိတ်ဆက်ပေးဖို့ ခေါ်လာမလို့ပါ"

http://www.linhtet.com



"ဟော…ငါ့သမီးမှာ ချစ်သူရှိနေပြီကိုး"

ဦးဖေသိန်းတင်က တအံ့တသြနဲ့ ပြောချလိုက်ပါတယ်။ ဒေါ်မိမိခင်ကတော့ ဘာမှမပြောပါ။

"သမီးက ဘဝမှာ တစ်ခါဖူးမှ အမှားမလုပ်ဘူးတာပဲ၊ ငါ့သမီးရွေးချယ်ထားတဲ့ ချစ်သူကို ဖေဖေတို့ အကဲခတ်ရတာပေါ့…ခေါ်လာခဲ့ပါ…"

ဦးဖေသိန်းတင်က ဒေါ်မိမိခင်ဘက်လှည့်လိုက်ရင်း…

"သြော်…မိရေ…တိုက်ဆိုင်တယ်ပဲထားပါတော့ကွာ…နက်ဖြန်ညနေ ကိုယ်နဲ့ခင်သွားတဲ့ ကိုယ့်မိတ်ဆွေလူငယ်လေးကိုလည်း ဒီအိမ်မှာ ထမင်းစားဖိတ်ထားတယ်၊ အဲ့ဒါ ဟင်းလေးဘာလေးကောင်းကောင်းစီစဉ်ကွာ"

ဦးဖေသိန်းတင်က ထမင်းကို ငုံ့စားနေတဲ့အချိန်မှာ ပြုံးမိနေသူက ဝတီခင်ပဲ ဖြစ်ပါတယ်။

နက်ဖြန်ခါဆို ဟောဒီအိမ်ရဲ့ ဟောဒီထမင်းစားခန်းထဲကို သူလာတော့မယ်လေ။

⌘⌘⌘⌘

http://www.linhtet.com



အချိုမြိန်ဆုံးသစ်သီးဟာ
ချစ်သူရဲ့ လက်နှစ်ဖက်ထဲမှာသာရှိတာ။

http://www.linhtet.com

(၁၄)

မင်းထွန်းခြံဝင်းထဲဝင်လာတော့ ဦးဖေသိန်းတင်က အိမ်ပေါက်ဝမှာ ရပ်နေပါတယ်။ မင်းထွန်းက လက်ထဲမှာ စာအုပ်တစ်အုပ်ကိုင်ထားပြီး စာအိတ်တစ်အိတ်ကို စာအုပ်ကြားထဲ ညှပ်ထားတယ်။

"လာဟေ့…ငါ့တူ…"

မင်းထွန်းကို ဦးဖေသိန်းတင်က လက်ဆွဲခေါ်ပြီး ဧည့်ခန်းထဲကို ခေါ်သွားပါတယ်။

"မိရေ…ဒါ ကိုယ့်မိတ်ဆွေ လူငယ်လေးလေ"

ဧည့်ခန်းထဲမှာ ထိုင်နေတဲ့ ဒေါ်မိမိခင်က မင်းထွန်းကို ပြုံးပြရင်းမှ မသိမသာ အကဲခတ်လို့နေပါတယ်။

အဲ့ဒီအချိန်မှာပဲ ဝတီခင်က အခန်းထဲကနေ ထွက်လာပါတယ်။

"အတော်ပဲ သမီးရေ…မိတ်ဆက်ပေးရဦးမယ်…ဒါ…ဖေဖေ့မိတ်ဆွေလေ"

http://www.linhtet.com



မင်းထွန်းက ပြုံးပြတာကို ဝတီခင်က မသိမသာ မျက်စောင်း ထိုးလိုက်ပါတယ်။

"ဒီနေ့က ထူးခြားတယ်ကွ၊ ဦးကလည်း ငါ့တူကို ထမင်းစား ဖိတ်ထား၊ ဟိုဦးရဲ့ သမီးကလည်း သူ့ချစ်သူကို ဦးတို့နဲ့ မိတ်ဆက်ပေးဖို့ ဒီနေ့ အိမ်ကိုခေါ်ထားတယ်တဲ့၊ အခုထိတော့ သမီးချစ်သူကောင်လေး က မလာသေးဘူးကွ"

မင်းထွန်းက ဦးဖေသိန်းတင် ဘာမှမသိသေးတာကို ကြည့်ရင်း စိတ်ထဲကနေ ပြုံးနေမိပါတယ်။

"ဘယ်လိုလဲ…သမီးရဲ့…ညနေစာတောင် ဖေဖေတို့ စား တော့မယ်…သမီးရဲ့ ချစ်သူကောင်လေးက မလာသေးပါလား… ဒီလိုအချိန်မတိကျလို့ မရဘူးလေ"

"အဖေကြီးကလည်းလေ…အလုပ်ရှိလို့ နောက်ကျတာနေမှာ ပေါ့"

ဒေါ်မိမိခင်က ဦးဖေသိန်းတင်ကို ဝင်ပြောလိုက်ပါတယ်။

"တိကျပါတယ် ဖေဖေရဲ့…"

"ဟဲ့…သမီး ဘာတိကျတာလဲ…"

"သြော်…ဖေဖေကလည်း သမီးချစ်သူက အချိန်တိကျတယ် လေ"

"သမီး ဘာတွေပြောနေတာလဲ‥ဖေဖေ မရှင်းဘူး"

ဝတီခင်က ပြုံးလိုက်ရင်းမှ…

"အချိန်တိကျတယ်ဆိုတဲ့ သမီးချစ်သူကရောက်လို့ ဖေဖေ့ဘေး နားမှာ ထိုင်နေတာကြည့်ပါလား"

ဦးဖေသိန်းတင်က အံ့အားတသင့်နဲ့ ဘေးနားမှာရှိနေတဲ့ မင်း ထွန်းကိုကြည့်ရင်း…

http://www.linhtet.com



"သမီးချစ်သူက ဒီက ငါ့တူဟုတ်လား…ဟေ…ကောင်းကွာ၊ ဘယ်လိုဖြစ်တာလဲ"

ဦးဖေသိန်းတင်သာမက ဒေါ်မိမိခင်ပါ အံ့အားသင့်လို့။

"ဒီလို ဖေဖေရေ…"

ဝတီခင်က ဖြစ်ကြောင်းကုန်စင် ရှင်းပြပါတယ်…။ ဝတီခင်ရဲ့ စကားကို နားထောင်နေတဲ့ ဦးဖေသိန်းတင်ရဲ့ မျက်ဝန်းထဲမှာ သူနဲ့ မင်းထွန်းနဲ့ ခင်မင်ခဲ့တဲ့ ပုံရိပ်မြင်ကွင်းတွေကို ပြန်မြင်ယောင်နေလို့။

"ဩော်…လက်စသတ်တော့ ငါ့တူက ဒီလိုကိုး"

"ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့ ဦးရယ်…ကျွန်တော်က မဝတီခင်ကို မြတ်နိုးလွန်းလို့ပါ။ ဒါနဲ့ ဦးကို ခင်မင်အောင် ပေါင်းမိတာပါ၊ ဒီ့အတွက် ကျွန်တော့်ကို နားလည်ပေးပါ"

ဦးဖေသိန်းတင်က မတ်တပ်ထရပ်လိုက်ရင်းမှ…

"ထားတော့ကွာ…ဒါတွေလည်း ဦး ခွင့်လွှတ်တယ်…ငါ့တူနဲ့ ဦးရဲ့သမီးကို သဘောတူတယ်…ဒါပေမယ့်…"

"ဦးရဲ့ ဒါပေမယ့်ကို ကျွန်တော်သိပါတယ်"

မင်းထွန်းက လက်ကကိုင်လာတဲ့ စာအုပ်ကြားထဲမှာ ညှပ်ထားတဲ့ စာအိတ်ကိုယူလိုက်ပြီး…

"ဦး…ရော့…ဟောဒီစာအိတ်ထဲမှာ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာရမယ်၊ ပြီးတော့ ကျွန်တော့်မှာ ဘာရောဂါမှ မရှိတဲ့ ဆေးစစ်ထားတဲ့ စာရွက်တွေပါတယ်…ဦး ယူပြီး ဖတ်ကြည့်"

ဦးဖေသိန်းတင်က မင်းထွန်းလက်ထဲက စာအိတ်ကို ဖွင့်ပြီး စာရွက်တွေကို တစ်ရွက်ချင်း သေသေချာချာကြည့်လိုက်ပါတယ်။ ပြီးတော့ ကျေနပ်တဲ့ အမူအရာနဲ့ ဝတီခင်ဘက်လှည့်ပြီး

http://www.linhtet.com



"သမီး…ဒီလိုအကွက်ကျကျ စနစ်ရှိတဲ့ ယောကျ်ားမျိုးကို သမီးရတဲ့အတွက် ဖေဖေ ကျေနပ်တယ်"

အဲ့ဒီနောက် မင်းထွန်းဘက်လှည့်ပြီး ဦးဖေသိန်းတင်က ပြောလိုက်တာက…

**"ငါ့တူ…မင်းသိပ်တော်တယ်"**


အဲ့ဒီစကားကိုကြားပြီး အပြုံးကြီး ပြုံးနေသူတွေကတော့ မင်းထွန်း၊ ဝတီခင်နဲ့ ဒေါ်မိမိခင်တို့ပဲ ဖြစ်ပါတော့တယ်။

မကြာတော့မယ့်အချိန်မှာ သမက်တစ်ယောက် အိမ်ပေါ် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့မယ်လေ။

ပြီး

www.linhtet.com

http://www.linhtet.com



Art - Khit Phone Mo
Graphic - Moe Moe